လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် (၃၂) ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

....

ထုတ်ဝေဖြန့်ချိ – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မူပိုင် – မြန်မာနိုင်ငံရှေ့နေများကောင်စီ
မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – ဦးသန်းနိုင်
သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့

ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။

ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand
E-mail ; blcsan@ksc.th.com, Website; www.blc-burma.org

လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၂)၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ **စာမျက်နှာ**

တရားစီရင်ရေး
(၁) Unlawful Convictions Press Release ၄
(၂) တရားမျှတသောတရားစီရင် စစ်ဆေးခွင့် ရရေးဆိုင်ရာများ
(က)ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ပါ–၂၁ ဦးအမှုတွင် မိသားစုများနှင့် အများပြည်သူများအား ကြားနာခွင့်ပေးရန် တောင်းဆိုခြင်း၊ ၆
(ခ)ကျောင်းသားခေါင်းဆောင်များအား အမြင့်ဆုံးပြစ်ဒဏ် ၆၅ နှစ် စီရင် ဆုံးဖြတ်ချက် အပေါ် ဥပဒေရေးရာအရ သုံးသပ်ခြင်း၊ ၈
(ဂ)တရားမျှတသောတရားစီရင်စစ်ဆေးခွင့်ရရေးအတွက် ၈၈ ကျောင်းသား ခေါင်းဆောင်များက တရားရုံးတွင်တိုက်ပွဲဝင်ခြင်း၊ ၁၁
(၃)(က)ရှေ့နေပါဝါရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ဥပဒေရှုထောင့်အရ သုံးသပ်ဆွေး နွေးခြင်း၊ ၁၉
(ခ)ရှေ့နေကြီးဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား တရားစွဲဆိုမှုနှင့်ပတ် သက်၍ ဥပဒေရေးရာ ထုတ်ပြန်ချက်၊ ၂၃

ဥပဒေစိုးမိုးရေး
(၁) မြန်မာစစ်အစိုးရအား တရားမဝင်အစိုးရအဖြစ် စိန်ခေါ်လိုက်ခြင်း ၂၆
(၂) စစ်အစိုးရမှ ကျူးလွန်ခဲ့သည့် လူသားမဆန်သော ပြစ်မှုကြီးများကို နိုင်ငံ တကာပြစ်မှုဆိုင်ရာတရားရုံးတင်နိုင်ရေးအတွက် ဆောင်ရွက်နေမှု ၃၃
(၃) ကုလသမဂ္ဂရဲ့အထွေထွေညီလာခံကို တက်ရောက်ဖို့ရောက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့အရည် အသွေးကိုစိန်ခေါ် ခြင်း ၄၃

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့် လူထု၏အခန်းကဏ္ဍ
(၁) တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နဂ၀စ်ဖွဲ့စည်းပုံအခြေခံဥပဒေ(၁) ၄၆
(၂) တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နဂ၀စ်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂) ၅၁
(၃) တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နဂ၀စ်ဖွဲ့စည်းပုံအခြေခံဥပဒေ(၃) ၅၅
(၄) တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နဂ၀စ်ဖွဲ့စည်းပုံအခြေခံဥပဒေ(၄) ၆၀
(၅) တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နဂ၀စ်ဖွဲ့စည်းပုံအခြေခံဥပဒေ(၅) ၆၄

မာတိကာ **စာမျက်နှာ**

မြန်မာရွှေ့ပြောင်းအလုပ်သမားများရေးရာ

(၁) ထိုင်းနိုင်ငံတောင်ပိုင်းတွင် မြန်မာ ၅၄ ဦးသေဆုံးမှုအပေါ် ဥပဒေရှုထောင့်မှ လေ့လာသုံးသပ်ခြင်း ၆၈

မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လှုပ်ရှားမှုမှတ်တမ်း

(၂) ကရင်နီဒုက္ခသည်စခန်းတွင် ကျင့်သုံးမည့် တရားဥပဒေများပေါ်ပေါက်လာရေး လှုပ်ရှားဆောင်ရွက်မှု၊ ၇၄

(၂) မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဒီမိုကရက်တစ်မြန်မာ့အသံတို့ ရုပ်မြင်သံကြားအစီအစဉ်တခုအား ပူးပေါင်းဆောင်ရွက်ခြင်း၊ ၇၆

လောကပါလ ဥပဒေရေးရာစာစောင်

အမှတ်စဉ် (၃၂)

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

တရားစီရင်ရေးရာ

BURMA LAWYERS' COUNCIL

Global Justice Center
Human Rights Through the Rule of Law

19 November 2008 FOR IMMEDIATE RELEASE

Unlawful Convictions of Burmese Political Prisoners are Crimes Against Humanity – U.N. Security Council Should Refer Burma to the International Criminal Court

Certain judges in Burma, acting under the orders of Chief Justice U Aung Toe and Senior General Than Shwe, are themselves criminally liable as co-conspirators to crimes against humanity for their acts in "trying" and "convicting" 60 political activists last week. "These acts are the latest from the junta which uses the judiciary as one of its key weapons to commit grave crimes," says Global Justice Center President Janet Benshoof. Judges including those listed below are criminally culpable and must be referred to the International Criminal Court.

- Chief Justice U Aung Toe
- Daw Aye Myaing, Hlaing Tha Yar Township Court, Yangon Division
- U Thaun Nyunt, North District Court, Yangon Division
- Daw Soe Nyan, Western District Court, Yangon Division
- Daw Than Than, Tamwe Township Court, Yangon Division
- Daw Nyunt Nyunt Win, Kyauktadar Court, Yangon Division
- U Tin Htut, Western District Court, Yangon Division

On November 11th approximately forty pro-democracy dissidents received prison sentences of up to 65 years. On November 13th twenty more activists were sentenced to terms ranging from 4½ to 9½ years. The convicted include members of the '88 Generation Students, labor rights activist Su Su Nway, musician Win Maw, HIV/AIDS activist Than Naing, blogger Nay Phone Latt, and members of Daw Aung San Sui Kyi's party, the National League for Democracy. Even the defendants' lawyers were not immune from the regime's revenge; in October defense lawyers Nyi Nyi Htwe, Aung Thein and Khin Maung Shein were sentenced to between four and six months imprisonment

for submitting a complaint about the unfair trial conditions of eleven NLD activists.

Judges did not allow the defendants to question prosecution witnesses, many defendants did not have legal representation and those that did were not permitted to meet with their lawyers in private. Burma Lawyers' Council General Secretary U Aung Htoo stated, "Rule of law in Burma cannot even be dreamt of when the judiciary has become an instrument of political oppression, exercised by the SPDC military junta."

United Nations Special Rapporteur on Human Rights in Burma, Tomás Ojea Quintana, said this past week in reference to these convictions, "There is no independent and impartial judiciary system [in Burma]." However, the judges actions go much further; these prison sentences are crimes under the Rome Statute of the International Criminal Court, including violations of Article 7(1)(e) "Imprisonment or other severe deprivation of physical liberty in violation of fundamental rules of international law" and 7(1)(h) "Persecution against any identifiable group or collectivity on political, racial, ethnic, cultural, religious, gender…or other grounds".

GJC President Benshoof noted that top judges in Hitler's criminal regime were convicted as co-conspirators of crimes against humanity and, more recently, in the *Dujail*[1] decision, the Iraqi High Tribunal found Judge Awad Hamed al-Bandar jointly criminally liable for crimes against humanity committed with Saddam Hussein because he used the façade of "judicial authority and law" to "try" and then "execute" civilians. Burma Lawyers' Council and Global Justice Center urge the international community to expose the regime's criminal partnership with members of the judiciary and to join the call for a UN Security Council referral of all grave international crimes in Burma to the International Criminal Court.

Contact: Aung HtooGeneral Secretary,
Burma Lawyers' Council
Mobile: 66 (0) 81 533 0605
Website: www.blc-burma.org
Email: blcsan@ksc.th.com

Contact: Janet Benshoof, Esq.
President, Global Justice Center
Tel: 1-212-725-6530 x203;
Mobile: 1-917-601-6200
Website: www.globaljusticecenter.net
Email: jbenshoof@globaljusticecenter.net

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်–ပါ (၂၁)ဦးအမှုအား မိသားစုနှင့် အများပြည်သူများ ကြားနာခွင့်ပေးရန် တောင်းဆိုခြင်း

အမှုဖြစ်စဉ်အကျဉ်း

စစ်အစိုးရဖမ်းဆီးထားသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ပါ ၂၁ ဦးအား (၆၊ ၁၀၊ ၂၀၀၈) နေ့က အင်းစိန်ထောင် သီးသန့်တရားရုံးတွင် ရုံးထုတ်စစ်ဆေးရာသို့ မိသားစုဝင်များကို လာရောက်ကြားနာခွင့် မပေးသဖြင့် ၎င်းတို့က တရားရုံးနှင့် ဆက်လက်ပူးပေါင်းခြင်းမပြုနိုင်ကြောင်း ပြောကြားခဲ့သည်ဟု အမှုလိုက်ပါဆောင်ရွက် ပေးနေသည့် တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ရှိန်မှ နိုင်ငံတကာအသံလွှင့်ဌာနများသို့ တရားဝင် ကြေငြာခဲ့ပါသည်။

ဥပဒေရေးရာသုံးသပ်ချက်

(၁) ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအား စွဲဆိုထားသော အမှုများသည် ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်မှုမပြုလုပ်ရန် တားမြစ်ထားသော အမှုအမျိုးအစားများ မဟုတ်ပါ။

နအဖ၏ ဥပဒေအမှတ် ၅/၂၀၀၀၊ "၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ" ပုဒ်မ ၂ (င)တွင် ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်းဟု အတိအလင်း ပြဋ္ဌာန်းထားသည့် တရားစီရင်ရေး ဆိုင်ရာမူကို တိတိကျကျလိုက်နာရမည်ဖြစ်ပေသည်။ လွတ်လပ်ပွင့်လင်းသည့် တရားခွင်တွင် ပြည်သူ့ရှေ့မှောက်၌ တရားစီရင်ခြင်း ပြုရသည်မှာ တရားဥပဒေစိုးမိုးရေး၏အခြေခံပင်ဖြစ်သည်။

(၂)"တရားစီရင်ရာတွင် အမှန်တရားကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှန်တရားစီရင်ကြောင်းကို အများမြင်စေရ မည်" ဟု "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ၁။ မောင်ရွှေ (ခ) မောင်ရေ၊ ၂။ မောင်ထွန်းရှင်" ၁၉၆၆၊ မ တ စ (တ ရားရုံးချုပ်) စာ၊ ၆၁၆ စီရင်ထုံးတွင် ထုံးဖွဲ့ထားသည်ကို ယနေ့တိုင်လိုက်နာကျင့်သုံးနေဆဲဖြစ်ပါသည်။

(၃)ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတိုင်းလိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၁၀) တွင် "လူတိုင်းသည် ၎င်းတို့၏အခွင့်အရေးနှင့်ဝတ္တရားများကို အဆုံးအဖြတ်ခံရာ၌လည်းကောင်း ၊ ၎င်းတို့အား ရာဇဝတ်ကြောင်းအရ တရားစွဲဆိုရာ၌ လည်းကောင်း၊ လွတ်လပ်၍ ဘက်မလိုက်သော တရားရုံး၏ လူအများရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို ညီတူညီမျှ ခံစားပိုင်ခွင့်ရှိသည် ဟုပြဋ္ဌာန်းထားသည့်အတိုင်း

တရားရုံးတွင် မိသားစုဝင်များ၊ အများပြည်သူများအား လာရောက်ကြားနာခွင့် ပေးရပေမည်။

(၄) မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၃) အရ တရားရုံးသည် တရားမျှတမှု၊ သာတူညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ်ပေးရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်ကို လိုက်နာရပါမည်။

(၅) သို့ဖြစ်ပါ၍ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ပါ ၂၁ ဦး အမှုတွင် အမှုစစ်ဆေးရာ၌ မိသားစုများအပါအဝင် အများပြည်သူအား တက်ရောက်ကြားနာခွင့်ပေးရန်၊ အများပြည်သူ လွယ်လင့်တကူ တက်ရောက်ကြားနာနိုင်ရေးအတွက် အမှုကို အင်းစိန်ထောင်တွင် မစစ်ဆေးဘဲ၊ ရန်ကုန်မြို့တွင်းရှိ အမြဲတမ်း တရားရုံးတခုခုတွင် စစ်ဆေးရန်နှင့် တရားမျှတ၍ လွတ်လပ်သောတရားစီရင်မှုအား နှောက်ယှက်ဟန့်တားခြင်းမပြုရန် နအဖစစ်အစိုးရအား တောင်းဆိုလိုက်သည်။

ဥပဒေရေးရာ သုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ
ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်၊

၈၈ ကျောင်းသားခေါင်းဆောင်များအား အမြင့်ဆုံး ပြစ်ဒဏ် ၆၅–နှစ်စီ စီရင်ဆုံးဖြတ်ချက် ချမှတ်သည့်အပေါ်တွင် ဥပဒေရေးရာအရ သုံးသပ်ခြင်း။

၁။ အင်းစိန်ထောင် သီးသန့် အထူးတရားရုံး များမှ ၈–လေးလုံး ကျောင်းသား ခေါင်းဆောင်များအား နိုဝင်ဘာ လ (၁၁) ရက်နေ့က ထောင်ဒဏ် ၆၅–နှစ်စီ ချမှတ်ခဲ့ပါသည်။ ဘာကြောင့် ဤမျှ ကြီး လေးသည့် အမြင့်ဆုံးပြစ်ဒဏ်များကို ချမှတ်ပါသနည်း။ ကုန်ဈေးနှုန်း ကျဆင်းရေး လမ်းလျှောက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြ၍ (၂၁–၈–၂၀၀၇) ရက်နေ့များတွင် ဖမ်းဆီးခံခဲ့ ရသည်။ ရက်ပေါင်း ၃၇၈–ရက် ရမန်ရက်ရှည် ချုပ်နှောင်ခံရပြီးမှသာ (၄–၉–၂၀၀၈) ရက်နေ့ တွင် စတင်ရုံးထုတ်စစ်ဆေးခံကြရပါသည်။

၂။ ရက်ပေါင်း ၃၀–ချုပ်ပိုင်ခွင့် ထက်ကျော်လွန်ပြီး ၃၄၈–ရက် မှာ မတရားဖမ်းဆီး ချုပ်နှောင်ခဲ့ခြင်း ဖြစ်သည်။ တရားစွဲမတင်မီ ပြစ်မှုချုပ်မိန့်ပုံစံ(၇)ဖြင့် တရားသူကြီးက ရက်ပေါင်း (၃၀) ချုပ်နှောင်မိန့် ချမှတ်ပိုင်ခွင့် ရှိပါသည်။ အချုပ်စခန်းများတွင် ပြစ်မှုချုပ်မိန့်ပုံစံ (၇) မရှိဘဲ ချုပ်နှောင်ထားပိုင်ခွင့် မရှိပါ။ တရားရုံးများ လက်စွဲအပိုဒ်–(၄၀၃ မှ ၄၁၀ ထိ)အရ ချုပ်နှောင်ပိုင်ခွင့် မရှိဘဲ၊ ရက်ပေါင်း ၃၄၈–ရက်မှာ အင်းစိန်အကျဉ်းထောင်တွင် ဥပဒေမဲ့ မတရားဖမ်းဆီး ချုပ်နှောင် ခြင်းဖြစ်ပါသည်။

၃။ တရားရုံးများလက်စွဲ အပိုဒ်–၆၉၃ တွင် အထူးကြီးလေးသော ပြစ်ဒဏ်များ ချမှတ် သည့်အခါ အမှုတွဲ၌ အဘယ်ကြောင့် ထိုသို့အပြစ်ဒဏ်ပေးသည်ကို အကြောင်းပြရမည်ဟု ပြဋ္ဌာန်းထားခြင်းမှာ တရားသူကြီးများ ဆင်ခြင်တုံကင်းစွာ ကြီးလေးသောပြစ်ဒဏ်များ မချမှတ် မိစေရန် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း သတိချပ်သင့်ပေသည်။

မြန်မာနိုင်ငံသည် ရှေးရိုးစဉ်လာ ဖြတ်ထုံးနှင့် စီရင်ထုံးများအပေါ် အခြေပြုကာ မှုခင်းများကို စစ်ဆေးစီရင်ဆုံးဖြတ်ရသည့် (Common Law) ဥပဒေစနစ်ကို အသုံးပြုသည့် နိုင်ငံဖြစ်ပါသည်။ အထူး ကြီးလေးသော ပြစ်ဒဏ်များချမှတ်ခဲ့သည့် တရားသူကြီးများသည် အောက်ဖော်ပြပါ စီရင်ထုံးများကို သတိပြုသင့်ပါသည်။

–ပြစ်ဒဏ်ကို စဉ်းစားရာတွင် တရားစီရင်ရေး၏ မူမှန်အရင်း၊ ပြစ်ဒဏ်ပေးရာတွင် ဂလဲ့စားချေသည့် သဘော ပြစ်ဒဏ်မချမှတ်ရ။ “မောင်ဖြူ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ” ၁၉၆၅– ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊(တရားရုံးချုပ်) စာ–၃၇၈။

–ပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူအပေါ် ဂလဲ့စားချေသည့် သဘောမဟုတ်ဘဲ၊ ပညာပေးသည့်သဘောလည်း သက်ရောက်စေရမည်။ လုပ်သားပြည်သူတို့၏ အကျိုးကိုလည်း စောင့်ရှောက်ရာ ရောက်ရမည်။ အမှုတွင်ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာ၊

အချိန်အခါ၊ အမှုအမျိုးအစားကို လိုက်၍ ပြစ်ဒဏ်သတ်မှတ်ရသည်။ "မစ္စ ချန္ဒရာ မာယာ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ " ၁၉၆၆–ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး(တရားရုံးချုပ်) စာ–၁၄၄၈

၄။ ယနေ့ မြန်မာနိုင်ငံ၌ တရားစီရင်ရေးအခန်း ကဏ္ဍတွင် ၁၃–ဦးပါဝင်သော တရားစီရင်ထုံးပြုစုရေး အဖွဲ့ဖွဲ့စည်းထားသည်။ ၄င်းအဖွဲ့တွင် တတိယတရားသူကြီးချုပ်မှာ ဥက္ကဋ္ဌ ဖြစ်ပြီး၊ တရားရုံးချုပ် တရားသူကြီးများ၊ တတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ ပါဝင်သည်။ အဆိုပါအဖွဲ့သည် စီရင်ထုံးများကို ထုတ်ဝေခဲ့သည်။ ထုတ်ဝေခဲ့သည့် စီရင်ထုံးစာအုပ် တိုင်း၏ မျက်နှာစာတွင်

* တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။

* ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ–၂ဦး၊ ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ရေး (တရားရုံးချုပ်) စာ ၆၁၆၊ စီရင်ထုံးကို ဖေါ်ညွှန်းထားသည်။

သို့သော် လက်တွေ့တရားစီရင်မှုနယ်ပယ်တွင် – မိသားစုများကို တရားခွင်တွင် ကြားနာခွင့်မပေးခြင်း။ (၁၀၊ ၁၀၊ ၂၀၀၈ အာအက်ဖ်အေ) သည် ၅/၂၀၀၀ တရားစီရင်ရေး ဥပဒေပုဒ်မ ၂ (က) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်းကို မျက်ကွယ်ပြုခဲ့သည်။

၅။ တရားစွဲဆိုခံကြရသည့် ဥပဒေပုဒ်မများမှာ ၁၉၉၆–ခုနှစ်၊ အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ၊ ပုဒ်မ (၄) ၊ ပြစ်မှု ဆိုင်ရာ ဥပဒေ၊ ပုဒ်မ–၅၀၅ (ခ)၊ ဗီဒီယို အက်ဥပဒေ၊ ပုဒ်မ–၃၂ (ခ)၊ ၃၆။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ–၃၃(က)၊ ပုံနှိပ် အက်ဥပဒေ၊ ပုဒ်မ–၁၇၊ ၂၀။ မတရားအသင်းဥပဒေပုဒ်မ–၁၇(၁)၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၃၀(ခ)၊ အသင်းအဖွဲ့ ဥပဒေပုဒ်မ–၆ တို့ဖြစ်ကြပါသည်။ စွဲဆိုသည့် ဥပဒေ ပုဒ်မများ ၁၀–ခုစလုံးမှာ အဖြစ်အပျက် တခုတည်းအပေါ်တွင် လှုပ်ရှားမှုများကို ခွဲခြား၍၊ ဥပဒေပုဒ်မများခွဲခြားကာ ပုဒ်မတခုစီဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

"မျိုးထွန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်"

၂၀၀၆–ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံအမှတ်–(၁)၊ အမှတ်(၂)၊ စာ–၂၄ စီရင်ထုံး၌ ဖြစ်စဉ် တရပ်တည်းတွင် ဆောင်ရွက်ခဲ့သော အပြုအမူများကို ခွဲခြားပြီး၊ သီးခြားအမှုများ စွဲဆိုခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ၊ ဟုထုံးဖွဲ့ထားပါသည်။ ယခုကဲ့သို့ ခွဲခြားပြီး၊ သီးခြားအမှုများ စွဲဆိုကာ ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းမှာ ပြဋ္ဌာန်းထားပြီး စီရင်ထုံးကို ဖောက်ဖျက်ကျူးလွန်ရာရောက်ပါသည်။

၆။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၇၁ အရလည်း "တခုစီ ပြစ်မှုမြောက်သော အစိတ်အပိုင်းများ ပေါင်းစုနေသည့် ပြစ်မှုကို ကျူးလွန်သူအား၊ အတိအလင်း ပြဋ္ဌာန်းချက်မရှိပါက၊ ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများအနက်၊ ပြစ်မှုတခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက်ပို၍ မပေးရ။ " "စစ်ဆေးသော တရားရုံးက အထက်ပါ ပြစ်မှုတခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကို မပေးရ။" ဟုပြဋ္ဌာန်းထားပါသည်။

ယခုမူ ပြစ်မှုတမှုထက်ပို၍ စုစုပေါင်းပြစ်ဒဏ်ချမှတ်ခြင်းမှာ မူလပင်မပြစ်မှုဆိုင်ရာ ဥပဒေ ကို ချိုးဖောက်ပြီး တရားဥပဒေစိုးမိုးရေးကို ပြက်ရယ်ပြု လိုက်ခြင်းဖြစ်သည်။ ဥပဒေမဲ့၊ စည်းမဲ့ကမ်းမဲ့ လူ့အဖွဲ့အစည်းတရပ်သို့ ဦးတည်သွားသည်ဆိုလျှင် အစိုးရတဖွဲ့လုံး နုတ်ထွက်ပေး သင့်ပါသည်။

၇။ ၁၉၇၃-ခုနှစ်၊ စကားရပ်များ အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေ၊ ပုဒ်မ-၂၂ တွင်လည်း "ပြုလုပ်မှု- သို့မဟုတ်-ပျက်ကွက်မှု တခုခုသည် ဥပဒေနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများဖြင့် ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ၄င်းဥပဒေများအနက် ဥပဒေတရပ်ဖြင့်သာ တရားစွဲဆိုရမည်၊ အပြစ်ပေးရမည်" ဟုပြဌာန်းထားပါသည်။ မူရင်းပြဌာန်းဥပဒေများကို တရားရုံး ကိုယ်၌က ချိုးဖောက်ပြီး စီရင်ချက်ချမှတ်နေခြင်းမှာ တရားစီရင်ရေး စနစ်တရပ်လုံးကို မှောက်မှား သွားစေပါသည်။

ဥပဒေရေးရာ သုံးသပ်ရေး ဌာန
မြန်မာနိုင်ငံ ရှေ့နေများကောင်စီ
၁၉- ၁၁ -၂၀၀၈

တရားမျှတသော တရားစီရင်စစ်ဆေးခွင့်ရရေးအတွက်
၈၈ ကျောင်းသားခေါင်းဆောင်များက
တရားရုံးတွင် တိုက်ပွဲဝင်ခြင်း [မှတ်တမ်း]

အချိန်။ ။ နေ့ ၁၂ နာရီ ၃၀ မိနစ်
နေရက်။ ။ ၂၄၊ ၁၀၊ ၂၀၀၈
နေရာ။ ။ (အင်းစိန်ထောင်သီးသန့်တရားရုံး)

မြောက်ပိုင်းခရိုင်တရားသူကြီး (၂) ဦးရုံးထိုင်သော တရားရုံးအခမ်းအနားကျင်းပသည်။ ယခင်နေ့များကဲ့သို့ မဟုတ်ဘဲ ရုံးအခင်းအကျင်း ပုံစံပြောင်းထားပါသည်။ ယခင်က ရဲဝန်ထမ်းများက ဘေးတဘက်စီတွင် ထိုင်ကြသော်လည်း ယနေ့တွင် (၈၈) ကျောင်းသားများထိုင်မည့် နေရာနောက်တွင် စီတန်း၍ ယူနီဖောင်းဝတ် အယောက် (၃၀)ခန့် (အမျိုးသမီးဝန်ထမ်းများက အရပ်ဝတ်ဖြင့်) ကျောင်းသားများ မထုတ်လာမီကတည်းက နေရာယူထားကြပါသည်။ တရားရုံးဘေးတွင် ဒိုင်းကားများဖြင့် ရဲကား ၄ စီးရှိသည်။ (၁၅) မိနစ်အကြာတွင် (၈၈) ကျောင်းသားများ ရုံးထုတ်လာပါသည်။

ကျောင်းသားများစုံညီကြသောအခါ တရားသူကြီးများနေရာယူကြသည်။ ဥပဒေအရာရှိများနေရာယူသည်။ တရားလိုဒုရဲမှူးကြီးဇော်မင်းအောင်မှာ သက်သေထိုင်သည့်နေရာ (witness box) တွင်နေရာယူပါသည်။ ပြစ်မှုကြီးအမှတ် (၉၀/၉၁/၉၂/၉၃) အီလက်ထရောနစ် ပုဒ်မ ၃၃–က စစ်ဆေးရန်အတွက်စတင်ပါသည်။

ဤတွင် ကျောင်းသားခေါင်းဆောင်တစ်ဦးက ထလျက် **“အရင်က မိသားစုတွေဝင်ခွင့်ရဖို့ ခရိုင်ကခွင့်ပြုခဲ့တယ်။ အဆင့်တူခရိုင်ရုံးပဲဖြစ်တယ်။ ကိုယ်သဘောနဲ့ကိုယ် မလုပ်ပါနဲ့။ မိသားစုဝင်ခွင့် ရုပ်သိမ်းခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ဂုဏ်သိက္ခာအဆင့်တန်းပေါ်လွင်စေဖို့ ပြုမူဆောင်ရွက်စေလိုပါတယ်။ တဘက်သက်မလုပ်ပါနဲ့။ မိသားစုဝင်တွေ ပြည်သူတွေရဲ့အခွန်တွေနဲ့ ခင်ဗျားတို့ကိုလခပေးထားတာပါ။”**

ကိုဇေယျ

ကျွန်တော်တို့ဟာ ဒီမိုကရေစီအတွက် ဆောင်ရွက်နေတာပါ။ လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးတွေ ချိုးဖောက်ခံခဲ့ရပါတယ်။

မသင်းသင်းအေး

ကျွန်တော့်အနေနဲ့ ပိတ်ပင်ထားတာမဟုတ်ဘူးလို့ပြောပေမဲ့ ရုံးကြားနာမှုမစခင်မှာ တရားသူကြီးမင်းကို မိသားစုနဲ့တွေ့ဆုံခွင့် တောင်းဆိုချင်ပါတယ်။

ကိုသက်ဇော်

မိသားစုကို ဂုဏ်သိက္ခာရှိရှိပေးခဲ့ချင်တာပါ။ နိုင်ငံရဲ့တရားစီရင်ရေးဟာ မျှမျှတတပွင့်ပွင့် လင်းလင်း ဖြစ်ဖို့ တစ်မျိုးသားလုံး ဂုဏ်သိက္ခာအတွက် တောင်းဆိုနေတာပါ။

ကိုဂျင်မီ

အမှုကို မစစ်ပါနဲ့လို့တောင်းဆိုပါတယ်။ ကျွန်တော်တို့ဘက်ကိုလဲတဘက် ပြန်စဉ်းစားပါ။ ဒီမိုကရေစီသမားပါပဲ။ ဥပဒေကို သိပ်လေးစားတတ်တာပေါ့။ တရားရုံးရဲ့ ဂုဏ်သိက္ခာကို ဘယ်လို ယူကြမလဲ၊ အခုလုပ်မှာဟာ တဘက်သက်လုပ်မှာလား open court ကိစ္စ၊ လက်ထိပ်ကိစ္စတွေ ဘာမျှမပြောခဲ့ပေမယ့် မိသားစုဝင်ခွင့်ကိစ္စကို အလျှင်ဖြေရှင်းပြီးမှ ဒီအခြေအနေကို စဉ်းစားပါ။ ကျွန်တော်တို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်နေကြပါတယ်။

ဥပဒေအရာရှိ

လက်ရှိသီးသန့်ခုံရုံးတွေကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၇၈)အရ ဖွဲ့စည်းထားတဲ့ ခုံရုံးဖြစ်ပါတယ်။ အခုလိုသီးသန့်စစ်ဆေးရာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ ခြွင်းချက် အရ ထူးခြားတဲ့အမှုဖြစ်လို့ ပြင်ပလူများ ဝင်ခွင့်မရရန်အမိန့်ချပေးဖို့ လျှောက်ထားပါတယ်။

ကိုကိုကြီး

တရားသူကြီးမင်း၊ ကျွန်တော်တို့အဖမ်းခံခဲ့ရတာ (၁၄)လရှိပါပြီ။ ဒီကြားထဲမှာ အာဏာ ပိုင်တွေ စိတ်ကြိုက်ဖန်တီးခွင့်ရှိပါတယ်။ ပုဒ်မတွေအများကြီး မဆိုင်တဲ့သူတွေ၊ အမှုတွဲထားတယ်။ ဒီထဲမှာ မမြင်ဖူးတဲ့လူတွေ အများကြီးပါ။ ဖမ်းတော့ဝရမ်းမပြဘူး၊ ရီမန်မယူဘူး၊ လုပ်ချင်တာတွေ လုပ်ပြီးသွားပြီ။ ပထမထုတ်လာတယ်၊ မိသားစု ဝင်ခွင့်ကို ခွင့်ပြုခဲ့တယ်။ ကိုယ်ထွေးတဲ့တံထွေး ပြန်မြိုမချပါနဲ့။ လက်ထိပ်ခတ်တယ်၊ ဘာမှမပြောဘူး။ မိသားစုဝင်တွေကို အများပြည်သူပါဆိုပြီး open court လို့ပြောတယ်။ သီးသန့်ခုံရုံးဖြစ်တယ်ဆိုပြီး ပုဒ်မတွေရွတ်သွားတယ်။ နဂိုထဲက ရွတ်ပါလား၊ ဦးဉာဏ်ဝင်းက နိုင်ငံတကာရှေ့မှာ အားလုံးပါဝင်ရမယ်လို့ပြောတယ်။ ဒေါ်အောင် ဆန်းစုကြည်ကိုလဲ ဖမ်းထားတာမဟုတ်ပါဘူး။ လုံခြုံရေးအရ ထိန်းထားတာပါလို့ပြောတယ်။ ခင်ဗျားတို့ဂုဏ်သိက္ခာကို ပြန်ငဲ့ပါ။ ဦးဝင်းအောင် ဒီလိုပြောပြီး အထဲရောက်လာတယ်။ ဗိုလ်မှူးကြီးခင်မောင်ချိုလဲ အထဲမှာပဲ။ ငါတို့လုပ်ချင်တာလုပ်မလား၊ သိက္ခာရှိမလား၊ သတ္တိရှိမလားတစ်ခုခုရွေးပါ။

ကိုမျိုးအောင်နိုင်

ဟိုအရင်တုန်းက မိသားစုဝင်ခွင့်ပေးပြီးမှ အခုဘယ်သူပြန်ရုပ်တာလဲ။ နိုင်ငံတကာကို ကြေငြာထားတဲ့ ဒီမိုကရေစီ ကူးပြောင်းရေးကာလမှာ တရားရုံးဟာလွတ်လပ်မျှတတဲ့ တရားရုံး ဟုတ်/မဟုတ်ကို ပြောပါ။

ကိုမြအေး

ကျွန်တော်တို့ညွှန့်တွေပိတ်မထားပါဘူးလို့ပြောတယ်။ တရားသူကြီးတို့ တစ်ဦးချင်း ရုံးထိုင်ပြီးအမိန့်ချတာ အထက်အမိန့်ကြောင့်ပါလို့ ဆိုလျှင် ခင်ဗျားတို့ဟာ ဝန်ထမ်းလား၊ ကျွန်လားဆိုတာ ဆုံးဖြတ်ပါ။

ကိုဥာဏ်လင်း

နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်စဉ်ကို ဦးတည်ပြီးလုပ်ပါ။ နိုင်ငံရေးအဖြေရှာရင်းနဲ့ပဲ ဒီကိုရောက်လာတယ်။ ဖမ်းတုန်းကလဲ ညွှန့်စာရင်းစစ်မယ်ဆိုပြီးတော့ ဖမ်းလာတာ။ (၂၄)နာရီအတွင်း တရားရုံးမအပ်ဘူး၊ ရီမန်လာပေးတော့ (၁)လ ပိုင်းမှ လာပေးတယ်၊ (၈)လပိုင်း (၂၇) ရက်မှ ရုံးတင်တယ်။ ဒါတွေဟာ ဥပဒေချိုးဖောက်တာတွေဖြစ်ပါတယ်။ ဥပဒေကိုအမျိုးမျိုးချိုးဖောက်ခံရပြီးမှ ရုံးကိုရောက်လာတယ်။ တရားစီရင်ရေးအခြေခံမူမှာ ပြည်သူ့ရှေ့မှောက်တရားစီရင်ရေး ဆိုတာရှိတယ်။ အကြောက်တရားနဲ့လုပ်ရင် တိုင်းပြည်တစ်ခုဟာ ပြဿနာပဲ ဒီမိုကရေစီအထိုင်က စဉ်းစားပါ။ ဒီမိုကရေစီသွားမည့် အခင်းအကျဉ်းတွေလိုတယ်။

ရှေ့နေဦးခင်မောင်ရှိန်

တစ်ဖက်က ဥပဒေအရာရှိက ဥပဒေတွေကိုးကားပြီး ပြောသွားပါတယ်။ ပုဒ်မ (၃၅၂) မှာ ဆိုထားတာက မည်သည့်တရားခွင်မဆို အများပြည်သူ သိသာသမျှ လူသိရှင်ကြားတရားခွင် ဖြစ်ရမယ်လို့ပါရှိတယ်။ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၂ (င)မှာ အများပြည်သူရှေ့ တရားစီရင်ရေးကို ဖော်ပြထားပါတယ်။ တရားစီရင်ရေးဆိုင်ရာမူကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေက မလွှမ်းမိုးပါဘူး။ သုံးသပ်ပြီးမှ အမိန့်ချပေးစေလိုပါတယ်။

ကိုကိုကြီး

ပထမဆုံးရုံးချိန်းတုန်းက ညွှန့်တွေ့ကိုစွဲအတည်ပြုပြီး။ ညွှန့်တွေကို စနေ၊ တနင်္ဂနွေ ခွင့်ပြုပြန်တယ်။ ဒီအမှုတွေ ထူးခြားတာက ဘာထူးခြားတာလဲ။ ဥပဒေအရကန့်သတ်ပေးဖို့ ထူးခြားမှုဘာရှိတယ် ဆိုတာပြောပြပါ။ (ဤနေရာ တွင်တရားသူကြီးက အမိန့်ချရန်ပြင်ဆင်သည်။)

တရားသူကြီး ဦးသိန်းညွှန့်။ ။ ဒါဆိုအမိန့်ချမယ်။

လူငယ်ရှေ့နေသန်းဇော်အောင်

အမိန့်မချပါနဲ့ဦးတရားသူကြီးမင်း။ ကျွန်တော်လျှောက်တင်စရာရှိပါသေးတယ်။ ကျွန်တော်ဟာ ကိုဌေးကြွယ်၊ ကိုလှမျိုးနောင်၊ ကိုအောင်သူတို့အတွက် ကိုယ်စားလှယ်လွှဲစာရရှိထားတဲ့ အထက်တန်းရှေ့နေသန်းဇော်အောင်ပါ။ ဥပဒေအရာရှိတင်ပြသွားတဲ့ အချက်နဲ့ပတ်သက်ပြီးတော့ (ဤနေရာတွင် လျှောက်လဲချက်ကို အရှိန်ရပ်သွားစေရန် ရည်ရွယ်လျက်)

တရားသူကြီး

မောင်ရင့်နာမည်ပြောပြပါဦး။

လူငယ်ရှေ့နေသန်းဇော်အောင်

ကျွန်တော့်နာမည် သန်းဇော်အောင်ပါ။ ဒုတိယအကြိမ်ထပ်ပြောခြင်းဖြစ်ပါတယ်၊ ကျွန်တော့နာမည်ဟာ ကိုယ်စားလှယ်လွှဲစာမှာလဲပါပါတယ်။ အထက်တန်းရှေ့နေလိုင်စင် (၂၃၈၀၁) ပါ။ ဒီအမှုမှာ ထူးခြားတယ်လို့ တစ်ဖက်ကဥပဒေအရာရှိကဆိုတယ်။ ဘာကိုထူးခြားတာလဲ၊ ဒီလိုအမှုမျိုးတွေဟာ သာမန်အပြင်တရားရုံးတွေမှာလဲ စစ်နေလေ့ရှိတဲ့အမှုဖြစ်ပါတယ်။ နောက်ပြီး (၆၊ ၁၀၊ ၂၀၀၈) နေ့က ဦးအောင်တိုးကိုယ်တိုင်လက်မှတ်ထိုးပြီး ထုတ်ပြန်ထားတဲ့ တရားသူကြီးများ အဂတိတရား (၄)ပါးကင်းရှင်းဖို့ ညွှန်ကြားလွှာ အပိုဒ် (၈) မှာ ကိုယ်ချင်းစာတရားဖြင့် စဉ်းစားကြရန်ဆိုတဲ့ အချက်ပါပါတယ်။ တရားသူကြီးမင်းတို့ သိရှိပြီးဖြစ်မှာပါ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာ တမ်းအပိုဒ် (၁၀) မှာလဲ လူအများရှေ့မှောက်တရားစီရင်ရမယ်လို့ ပါရှိပါတယ်။ ဒါကြောင့် စဉ်းစားချင့်ချိန်ပြီး အမိန့်ချပေးပါလို့ လျှောက်ထားအပ်ပါတယ်။

မသင်းသင်းအေး

ဒီရုံးဟာ နဂိုအမှုဟောင်းကိုပဲ နံပါတ်ပြောင်းပြီး စစ်ရတာဖြစ်တယ်။ ဒီရုံးကပဲ အမိန့်တစ်ရပ်လဲ ချမှတ်ခဲ့ပြီး ဖြစ်တယ်။ ထပ်ချစရာမလိုတော့ဘူးလို့ထင်ပါတယ်။

ကိုမင်းကိုနိုင်

ဒါဆိုလျှင် တရားသူကြီးမင်းက မှောက်ချင်မှောက်လှန်ချင်လှန်လုပ်မယ်လို့ ထင်ရတယ်။ လာထဲက တရားရုံးကို လာတယ်လို့မထင်ဘူး။ အဓိကရုဏ်းနှိမ်နင်းရေးတပ်တွေက မဲနေတာပဲ။ စစ်မြေပြင်ကိုလာရသလိုပဲ။ ခြိမ်းခြောက်မှုတွေ များနေတဲ့အထဲက တမျိုးပြီးတမျိုးပြောနေတယ်။ တစ်ဘက်က ဥပဒေအရာရှိဘာကြောင့်တက်ကြွနေရတာလဲ။ စစ်ခွေးလို့ရေးထားတယ်။ အဲဒီအခန်းထဲမှာ တိုက်ပုံအမဲနဲ့လူတစ်ယောက်က ရီမန်ပေးတယ်။ ဒီလိုအလံချိတ်၊ ခေါင်းပေါင်းစွပ်ပြီးတော့ စစ်ခုံရုံးနဲ့ချခဲ့တယ်။ အခုတော့ အလံတွေ၊ ခေါင်းပေါင်းတွေနဲ့ မိန့်မိန့်ကြီးထိုင်နေပြီးမှ အသွင်အားဖြင့် ခြိမ်းခြောက်နေတယ်၊ တရားရုံးတော်နောက်ကွယ်မှာ အမိန့်ပေးမှုတွေရှိနေတယ်။

ကိုအောင်သူ

တိုင်းပြည်ကသားဖွားမလား၊ သားလျှောမလားဖြစ်နေတဲ့အချိန်မှာ မူဘောင်နဲ့ သွေဖီနေတယ်လို့ထင်တယ်။ ဒီ Constitution ကိုပြန်စဉ်းစားပါ။ Constitution အရ နိုင်ငံတော်က အကာအကွယ်ယူထားတယ်။ နိုင်ငံသားတွေရဲ့ အကာအကွယ်မရသေးဘူး။ တရားရုံးရဲ့ တရားကိုယ်က တရားရုံးဟုတ်ရဲ့လား။ တရားရုံးတွေယာယီရပ်ဆိုင်းသင့်ပြီ။ ဒီလိုအတင်းဆက်စစ်မယ်ဆိုရင် ပြန်စဉ်းစားပါ။ ကြားထဲမှာ resistor ခံချင်တယ်။ နိုင်ငံရေးသမားနဲ့ နိုင်ငံတော်တရားခွင်ကို အခင်းအကျင်းတစ်ခုအနေနဲ့ အသုံးပြုကြတာပါ။ ကျွန်တော်တို့ကလဲ အမျိုးသား

ပြန်လည်သင့်မြတ်ရေး စင်မြင့်အနေနဲ့ အသုံးချတာ။ အမိန့်ကို ဆိုင်းငံ့၊ စဉ်းစားပြီးမှ ချမှတ်ပေးပါလို့ တောင်းဆိုချင်ပါတယ်။

ကိုလှမျိုးနောင်

စစ်ပွဲတစ်ပွဲ စပြီဆိုတာနဲ့ ပထမဆုံးကျဆုံးသွားတာက အမှန်တရားပါ။ မူလအနှစ်သာရတွေ လွဲစောင်းနေပြီ၊ လူဦးရေသန်း (၁၃၀၀)ရှိတဲ့ တရုတ်ဝန်ကြီးချုပ်ဝမ်းကြားပေါင်ကို Newsweek သတင်းထောက်က နိုင်ငံရေးပြုပြင်မှုမလုပ်ဘူးလားတဲ့၊ ဒီတော့ ဒီမိုကရေစီကို သွားမယ်ဆိုရင်–

လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲ၊ မျှတတဲ့တရားစီရင်ရေး၊ ပြည်သူလူထုလိုလားတဲ့ အစိုးရရှိဖို့လိုပါတယ်တဲ့၊ ပေမီဒေါက်မီ တရားစီရင်ရေးဖြစ်ဖို့လိုပါတယ်တဲ့၊ ပေမီဒေါက်မီ တရားစီရင်ရေးရှိတာနဲ့ပဲ ပြီးသွားတော့မှာလား။ တည်ဆဲဥပဒေတွေကို တရားစီရင်ရေးစနစ်နဲ့ စီရင်လိုက်တာနဲ့ ပြီးသွားမှာပဲ။ ဒီမှာရှိတဲ့ကျောင်းသားတွေဟာ ထောင်ထဲမှာ (၁၅) နှစ်ကျော်နေခဲ့ရတယ်။ သူတို့တွေ ကြုံတွေ့တဲ့ ရာဇဝတ်သားတွေဟာ တရားသူကြီးတို့တွေ့ခဲ့ဖူးတဲ့ တရားခံတွေထက်တော့မနည်းပါဘူး။ တည်ဆဲဥပဒေ၊ ပေမီဒေါက်မီတရားစီရင်ရေးရှိရုံနဲ့ မလုံလောက်ဘူး၊ နိုင်ငံတနိုင်ငံရဲ့ လူ့သိက္ခာကို ကျင့်ဆောင်တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းတရပ် မပေါ်ပေါက်လာပါဘူး။ Social capital တွေကို မရရှိပဲ ဂုဏ်သရေရှိတိုင်းပြည်မဖြစ်လာနိုင်ဘူး။ ကျနော်တို့ တရားသူကြီးတွေ နှစ်ဖက်အကျိုးဆောင်တွေကို လုံခြုံရေးတွေကြောင့် Social capital ပျောက်နေတယ်။ နဂိုက ကောင်းသလိုရှိခဲ့ရာက အခုမှပဲ ပုံပျက်ပန်းပျက်ဖြစ် တော့တယ်၊ ၁၉၈၈ ဩဂုတ်လကစပြီး ရက်ပေါင်း ၄၀ ကျော်ကြာတဲ့ ဆူပူအုံကြွမှုကြီးမှာ emotion ရှေ့တန်းတင်တဲ့သူတချို့ကလွဲရင် တတိုင်းပြည်လုံး ဘာအကြမ်းဖက်မှုမှမရှိခဲ့ဘူး။ ဒါကို ကြည့်ပြီးပြည်သူတွေဟာ ဒီမိုကရေစီနဲ့ ထိုက်တန်နေပါတယ်။ တာဝန်မဲ့ပြီး လက်လွတ်စပယ် ပစ်သွားတဲ့ မဆလ ကြောင့်သာဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ရောက်မှ ကျင့်ဝတ်တွေပျောက်နေတယ်။ ရုံးရှေ့ကျောင်းသားတွေဟာ ၈၈ ပြီးတဲ့နောက်ပိုင်းမှာ ရွေးကောက်ပွဲမကြုံခဲ့ရဘူး။ ထောင်ထဲရောက်နေကြတယ်။ ၂၀၀၅ ပြန်လွတ်လာတဲ့နောက်ပိုင်းမှာ ဘာတွေလုပ်ပြန်ပြီးဆိုပြီး ထမင်းစားတာရယ်၊ အိပ်တာရယ်ကလွဲရင် ကျန်တာလုပ်ဆောင်မှုမှန်သမျှ ပုဒ်မတပ်ခံရတယ်။ ထောင်ကပြန်လွတ်လာတဲ့နောက်ပိုင်း ငါတို့ ပြည်သူတွေ ဘာမှမထူးခြားဘူး။ အစိုးရနဲ့ အတိုက်အခံ သဘောထားကွဲလွဲတဲ့ကြားမှာ ငါတို့ပေးဆပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေး အလံထူဖို့ကြိုးစားခဲ့ကြတယ်။ ဒီမိုကရေစီထွန်းကားဖို့ ဦးတည်ခဲ့တယ်။ ဒီနေ့ဦးတည်သွားနေတဲ့အတိုင်း လွတ်လပ်တဲ့ တရားစီရင်ရေးဖြစ်ဖို့လိုပါတယ်။ စွပ်စွဲတာက နိုင်ငံတော်။ သတ္တိရှိတယ်ဆို လူထုရှေ့ တရားစီရင်ပါ။ မိသားစုတွေ့ဆုံခွင့်နဲ့ပဲ ရပ်ထားခဲ့တယ်။ Judicial Transparacy ပေးပါ။ မပေးရဲလျှင် ကြေငြာထားပါ။ ဒါမှမဟုတ်ရင် ဆက်မစစ်ပါနဲ့။

ကိုသက်ဇော်

ဝိဝါဒတွေ ကွဲပြားစရာရှိတဲ့ တရားရုံးက ချိုးဖောက်နေတယ်ဆိုတာ ဖြစ်အောင် တရားရေးအရချုံပြီး မစဉ်းစားပါနဲ့။ ထောင်ထဲမှာ မနေနိုင်လို့ပြောတာမဟုတ်ပါဘူး။ ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်ပါ။ ဥပဒေလုပ်ထုံးတွေကို မျှမျှတတ ထင်သာမြင်သာလုပ်ပါ။ ကြိုက်သလို လုပ်လို့ရပါတယ်။ အမျိုးသားဂုဏ်သိက္ခာအတွက်လုပ်ပါ။

ကိုကိုကြီး

အခွင့်အရေးပေးပါလို့ အသနားခံနေတာမဟုတ်ပါဘူး။ တရားရုံးကို ဒီပုံစံနဲ့ မျက်နှာချင်းမဆိုင်ချင်ပါဘူး။ ကျနော်တို့သဘောထားကွဲလွဲလို့ ဒီကိုရောက်လာတာ။ ဒီထက်အဆင့်မြင့်သူတွေနဲ့ ဆွေးနွေးဖို့စီစဉ်ထားတာ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကာလ ဖြစ်ပါတယ်။ ၂၀၀၅ ခု ပြန်လွှတ်လာတဲ့အခါမှာ အမျိုးသားထောက်လှမ်းရေးရဲ့ မလျှော်မကန်ဆောင်ရွက်မှုတွေကို သုံးသပ်ပြီး ပြန်လွှတ်ပေးခဲ့တယ်လို့ ကြေညာခဲ့တယ်။ ဒီစာတစ်ကြောင်းထဲနဲ့ လူတစ်ယောက်ရဲ့ဘဝကို ထောင်ထဲမှာ ၁၆ နှစ် ပိတ်ထားပြီးမှ ချေလိုက်တာလား။ ကျနော်တို့ ပြန်လွှတ်တော့ သတင်းဌာနတွေက မေးတယ်။ ထောင်ထဲမှာနေခဲ့ရပုံတွေ အကြောင်း တွေကိုပေါ့။ အမျိုးသားပြန်လည်သင့်မြတ်ရေး ရှေ့တန်းတင်ပြီး ဘာမှမပြောခဲ့ဘူး။ အမြည်းတခု ပြောပြမယ်။ ဒိုင်နာကားတွေနဲ့ အပြည့်ချောဆွဲပြီး ခေါ်လာတဲ့ ကြံ့ဖွံ့၊ စွမ်းအားရှင်တွေက ရာဇဝတ်သားတွေလို ကားပေါ်ဆွဲတင်ခဲ့တယ်။ ကျနော်တို့ ရာဇဝတ်သားတွေမဟုတ်ဘူး။ ကိုယ့်အယူအဆကိုပြောတာ။ ဦးဇော်မင်းအောင်(တရားလိုဒုရဲမှူးကြီး)ကိုယ်တိုင် တရားစွဲခဲ့သလား။ တည်ဆဲဥပဒေတွေကို လက်နက်အားကိုးပြုပြီး ဖြတ်ချခဲ့တာ။ ဥပဒေချိုးဖောက်တာ ဟုတ်မဟုတ်ပြောပါ။ ဥပဒေကြောင်းအရ ပြောစရာတွေ အများကြီးပါ။ နိုင်ငံရေးထိပ်တိုက်ဖြစ်မှုတွေမေ့ထားပြီး အယူအဆကို ထုတ်ပြန်ကြေငြာတာ ပုံနှိပ် ၁၇(၂၀)၊ ၁၉၆၂ တစ်ပါတီ အာဏာရှင်စနစ်က ထုတ်ပြန်တဲ့ဥပဒေ။ ကျနော်တို့က လက်ရှိဒီမိုကရေစီကို သွားတဲ့သူတွေ ကျနော်တို့က ဘဝတစ်ခုလုံးကို ထောင်အုတ်ရိုးထဲမှာ မြှုပ်ထားတာ။ နိုင်ငံသားတွေ နိုင်ငံတကာ အလယ်မှာ မျက်နှာမငယ်ရဖို့ လူ့အဖွဲ့အစည်းဘာဖြစ်နေလဲ။ ခုပန်ကာတွေနဲ့။ အလံတွေနဲ့၊ အခမ်းအနားရုပ်ဝတ္ထုနဲ့ လိုက်ပါရဲ့လား။ Any condition we are welcome.

ကိုအောင်သူ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တည်ဆဲဥပဒေတွေကို မဖျက်သိမ်းခင် အတည်ဖြစ်တယ်လို့ပါရှိတယ်။ လောကပါလတရားထွန်းကားရေးအတွက် အခြေခံဥပဒေနဲ့ဆန့်ကျင်နေတာ တရားလို ရှေ့နေထောက်ပြတဲ့ကိစ္စပဲ။ ဝိရောဓိဖြစ်နေတဲ့အချိန်မှာ လွှတ်ဖို့ပြောနေတာမဟုတ်ဘူး။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ပါ။

ရှေ့နေဦးအောင်သိန်း

ကျနော်တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းပါ။ လိုင်စင်နံပါတ် (   )ပါ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေက တရား စီရင်ရေးမှုကို မလွှမ်းမိုးပါဘူး၊ တရားစီရင်ရေးမှုကို ကျော်ခိုင်းပြီးတော့ကျင့်ထုံးကို ထောက်ပြတာဟာ အခြေအနေနဲ့ အချိန်အခါကို မျက်ကွယ်ပြုနေတာပဲ။

ရှေ့နေ ဒေါ်ခင်ဌေးကြွယ်

၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးကို ဆန့်ကျင်ရာရောက်ပါတယ်။ ဥပဒေအရ တားမြစ်ထားတဲ့ အမှုဆိုတာ ကာမသောင်းကျန်းတဲ့အမှုမျိုးမှာပဲဖြစ်ပါတယ်။

တရားသူကြီး

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၃၅၂ ခြင်းချက်အရ လုံခြုံရေးတာဝန်ရှိသူများ၊ တရားလိုရှေ့နေ၊ တရားခံရှေ့နေ မှအပ ပြင်ပလူများ ဝင်ရောက်မှုမရှိစေရန် အမိန့်ချသည်။ (အသံတိုးညှင်စွာဖြင့် ပြောသည်။)

ကိုကိုကြီး

သံသယအကျိုးကို စွပ်စွဲခံရသူတွေ ခံစားခွင့်ရှိတယ်။ အခုဟာက တရားလိုက မိသားစု ညည့်တွေကို ခွင့်ပြုထားပါတယ်ဆိုပြီးပြောတယ်။ ၅၊ ၉၊ ၀၈ မှာအမိန့်တခုချခဲ့တယ်။ တရားခံများ နှင့် ပတ်သက်သူများရှိနေကြောင်း၊ ဝင်ခွင့်ပေးထားကြောင်း အမိန့်ချထားတာရှိတယ်။

တရားသူကြီး။ ။ အရင်ကတဦးထိုင်၊ အခု နှစ်ဦးထိုင်ဖို့လိုပါတယ်။

ကိုမြအေး။ ။ နိုင်ငံတော်က တရားရေးဆိုင်ရာစာရွက်ဟာ လမ်းဘေးက ကြုံတဲ့သူကကြုံသလို အမိန့်ချ သွားတာမှမဟုတ်တာ။ အဲ့ဒီလိုအမိန့်ချပြီးကာမှ (က)ကို (ယ)မလုပ်ပါနဲ့။ ငါတို့တရားစီရင်ရေးဟာ မှတ်ကျောက်တင်နိုင်တယ်ဆိုရင် ပြည်သူ့ရှေ့မှောက် တရားစီရင်ပေးဖို့ အာဏာပိုင်အဖွဲ့ အစည်းအသီးသီးကို ကျနော်တောင်းဆိုပါတယ်။

ဥပဒေအရာရှိ။ ။ နိုင်ငံတော်ရဲ့ တရားစီရင်ရေးကို ထိခိုက်တဲ့အပြင် ပုဂ္ဂိုလ်ရေးကိုပါ ထိခိုက်အောင်ပြောဆို တဲ့အတွက် တရားခံများရဲ့ပြောဆိုချက်တွေဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ ကို ကျူးလွန်ရာ ရောက်ပါတယ်။ ဒါကြောင့် အရေးယူပေးဖို့ လျှောက်ထားပါတယ်။

ကိုမျိုးအောင်နိုင်။ ။ တရားခံလို့ ပြောဆိုသုံးနှုန်းတာ ကန့်ကွက်ပါတယ်။

ဥပဒေအရာရှိ

တရားခံဆိုတာ တရားကို ခံယူရတဲ့သူဖြစ်လို့ တရားခံလို့ခေါ်ဝေါ်တာဖြစ်ပါတယ်။

ကိုဌေးကြွယ်

ပုဒ်ထီး၊ ပုဒ်မတွေရွတ်ပြီး ထောင်ချမယ်ဆို အလီသာရွတ်လိုက်ပါ။ ပြီးခဲ့တဲ့ ၁၇ နှစ်က ဒီရုံးကို ရောက်ဖူးတယ် ယူနီဖေါင်းဝတ် ၃ ယောက်ရှိတယ်။ မရမ်းကုန်းတရားသူကြီး အခုရုံးပုံစံ အတိုင်းပဲ အမိန့်ချခဲ့တယ်။ အုပ်ချုပ်ရေးအာဏာပိုင်တွေကျင့်သုံးတဲ့ ဥပဒေဟာ တရားဥပဒေ မဟုတ်ဘူး။ မတရားဥပဒေဘဲဖြစ်တယ်။ လက်ထိပ်ကိစ္စ၊ Open court ကိစ္စ ပြောတာ လက်မခံ ခဲ့ဘူး။ မတရားဘဲ တဖက်သတ်စီရင်မယ်ဆို ပူးပေါင်းဆောင်ရွက်စရာမရှိပါဘူး။

ကိုမျိုးအောင်နိုင်

နေ့ခင်ကြောင်တောင် နိုင်ငံရေးပြန်ပေးဆွဲမှု ဖြစ်နေပါပြီ။ (ထိုအချိန်တွင် တရားသူကြီး မှ ၂၇၊ ၁၀၊ ၀၈ သို့ ရုံးချိန်းပေးပြီး တရားခွင်မှ ထသွားသည်) နှစ်ပွင့်နှင့် ရဲတယောက်က

ဦးဆောင်ပြီး "ထထ ဆဲ့ကြ" ဆိုကာ ဦးဆောင်လာသည်။ ကျောင်းသားများအား ထိုင်ခုံတွင် ပြန်ထိုင်နေကြရန် ပြောဆိုသည်။ ရဲများက အကြမ်းဖက်ကြမည့်အသွင် ရှိသည်။

၂၇၊ ၁၀၊ ၀၈ နေ့ (မြောက်ပိုင်းခရိုင်တရားရုံး၊ အီလက်ထရောနစ် ပုဒ်မ ၃၃(က))

ဥပဒေအရာရှိ။ ။ မင်းကိုနိုင်၊ ကိုကိုကြီး၊ လှမျိုးနောင်၊ ဖြေးကြွယ်၊ မြအေး၊ ပြုံးချို၊ အောင်သူ၊ မျိုးအောင်နိုင်၊ ဉာဏ်လင်းတို့အား ပြစ်မှုပုဒ်မ ၂၂၈ အရ အရေးယူရန် သီးခြားခွဲစွဲဆိုရန်နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ အမှုရုပ်သိမ်းရန် လျှောက်သည်။ တရားလို ဒုရဲမှူးကြီး ဇော်မင်းအောင် ကို ဆက်စစ်သည်။ ၂၉၊ ၁၀၊ ၀၈ သို့ ရုံးချိန်းသည်။

၂၉၊ ၁၀၊ ၀၈ နေ့။ ။မြောက်ပိုင်းခရိုင်တရားရုံး၊ အီလက်ထရောနစ်ပုဒ်မ ၃၃(က)၊ နံနက် ၁၁ နာရီခန့်တွင် တရားခွင်သို့ရောက်သည်။ ကျောင်းသားများ ရုံးမထုတ်သေးပါ။ ခေါင်းပေါင်းနှင့်စာအုပ်များ ရှေ့နေစားပွဲတွင်ထားကာ ရုံးအပြင်ခဏ ထွက်သည်။ ပြန်လာချိန်တွင် စာအုပ်နှင့် ခေါင်းပေါင်း အိတ်များ အပြင်ထုတ်ထားသည်။ အမှုစစ်စရာရှိလို့ ခဏထုတ်ထားတာ၊ ရှေ့နေတွေဝင်လို့မရဘူးဟု ရဲမှူးတယောက်ကပြောသည်။ ကိုမင်းကိုနိုင်ပါ ၉ ဦး ရုံးထုတ်လာသည်။ တိုင်းတရားသူကြီး ဦးဝင်းမြင့်နှင့် ဥပဒေအရာရှိ ၂ ယောက်လာသည်။ အဝေးကသာမြင်ရပြီး ဘာမှမကြားရပါ။ ခဏကြာ ပြန်ထွက်သွားသည်။ ကျောင်းသား ၉ ယောက်ကို ပြန်ခေါ်သွားသည်။ နေ့လည် ၁း၀၀ အချိန်တွင် ကိုဂျင်မီပါ ၁၄ ဦးကို ရုံးထုတ်လာသည်။ ကိုဂျင်မီနှင့် ကျန်ကျောင်းသားများက ရှေ့နေပါဝါ များ ပြန်ရုပ်သိမ်းကြသည်။

၃၀၊ ၁၀၊ ၀၈ နေ့ (မြောက်ပိုင်းခရိုင်တရားရုံး အီလက်ထရောနစ်ပုဒ်မ ၃၃(က))

ကိုမင်းကိုနိုင်ပါ ၂၃ ဦးရုံးထုတ်သည်။ ကိုမင်းကိုနိုင်နှင့် ၉ ဦးက ထောင်ကျဝတ်စုံအပြာများနှင့်ဖြစ်သည်။ ကိုမင်းကိုနိုင်က "မနေ့က တိုင်းတရားသူကြီး ဦးဝင်းမြင့်လာတယ်၊ အပြစ်ရှိလား မရှိလားမေးတယ်၊ ကျွန်တော်တို့က ဘာမှပြန်မပြောတော့ (၃)ခါမေးပြီး ဆိတ်ငြိမ်ခြင်းဟာ ဝန်ခံခြင်းဘဲဆိုပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ အရ ထောင် ၆လ ချလိုက်တယ်" လို့ ပြောပါသည်။

၃၁၊ ၁၀၊ ၀၈ နေ့။ ။ကိုမင်းကိုနိုင်ပါ ၉ ဦးကို မအူပင်ထောင်သို့ နံနက် ၆း၀၀ နှင့် ၇း၀၀ ကြားတွင် ပြောင်းရွှေ့ သွားသည်။

(မှတ်ချက်။ ။ ဤတင်ပြချက်သည် ပြည်တွင်းမှပေးပို့ချက်ကို မူရင်းအတိုင်းပြန်လည် တင်ပြခြင်းဖြစ်သည်။)

(အောက်ပါဆောင်းပါးသည် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် မဇ္ဈိမ အင်တာနက် သတင်းဌာနမှဖော်ပြထားသော ရန်ကုန်ဗဟိုတရားရုံးချုပ်ရှေ့နေများဖြစ်သည့် ဦးအောင်သိန်း နှင့် ဦးခင်မောင်ရှိန်တို့ကို မဇ္ဈိမသတင်းထောက် ဦးသန်းထိုက်ဦးမှ ဆက်သွယ်မေးမြန်းထားချက်ကို ဥပဒေရေးရာစာစောင်စာဖတ် ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။)

ရှေ့နေပါဝါရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ဥပဒေရှုထောင့်အရ သုံးသပ်ဆွေးနွေးခြင်း

သတင်းနှင့်မှတ်တမ်းဌာန

အင်းစိန်ထောင်တွင်းအမှုရင်ဆိုင်နေရသော နိုင်ငံရေးသမားအချို့က မြန်မာ့တရားစီရင်ရေးစနစ်တွင် လွတ်လပ်မျှတမှုမရှိ ဟုဆိုကာ သူတို့လွှဲအပ်ထားသော ရှေ့နေပါဝါများကို ပြန်လည်ရုပ်သိမ်းမှုများ ယခုရက်ပိုင်းအတွင်း ပြန်လည်ရုပ်သိမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဥပဒေရှုထောင့်အမြင်အရသိရှိနိုင်ရန်အတွက် ရန်ကုန်ဗဟိုတရားရုံးချုပ်ရှေ့နေများ ဖြစ်ကြသည့် ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့ကို မဇ္ဈိမသတင်းထောက် ဦးသန်းထိုက်ဦးမှ ဆက်သွယ်မေးမြန်းထားပါသည်။

ဦးခင်မောင်ရှိန် (ဓာတ်ပုံ - အေအေဗီဗီ)

ဦးအောင်သိန်း (ဓာတ်ပုံ - အေအေဗီဗီ)

ဦးသန်းထိုက်ဦး

လက်ရှိနိုင်ငံရေးအကျဉ်းသားတွေကို တရားရင်ဆိုင်ရတာနဲ့ပတ်သက်ပြီး ရှေ့နေတချို့ ပါဝါတွေရုပ်သိမ်းတာတွေရှိတယ်လို့ ကြားရပါတယ်၊ ဘယ်လိုဖြစ်တာလဲခင်ဗျ။

ဦးအောင်သိန်း

အန်ကယ်တို့ ဦးခင်မောင်ရှိန်တို့လည်း ပါဝင်တာပဲ၊ သူတို့ရုပ်သိမ်းတဲ့အကြောင်းပြချက်ကတော့ လက်ရှိ တရားစီရင်စစ်ဆေးတဲ့အပေါ်မှာ သူတို့မယုံကြည်တော့ဘူး။ အဲ့ဒါကို သူတို့

လည်းပူးပေါင်းဆောင်ရွက်မှု မလုပ်နိုင်တော့ဘူးဆိုပြီးတော့ ရှေ့နေတွေကိုလည်း သူတို့ရဲ့ကိုယ်စား ရုပ်သိမ်းတဲ့အပိုင်းတွေ ပေါ်ပေါက်လာတာပါ။

ဦးသန်းထိုက်ဦး။ ။အန်ကယ့်အနေနဲ့ရော ဘယ်လိုကြုံရလဲခင်ဗျ။

ဦးအောင်သိန်း

ဦးဂမ္ဘီရ–ပါ (၁၁) ဦးဆိုတဲ့ အမှုတစ်မှုမှာတော့ အန်ကယ်ရုပ်သိမ်းပေးခဲ့တယ်။ အန်ကယ် ကိုယ်တိုင်း တရားရုံးနဲ့မဖြစ်တော့လို့ ရုပ်သိမ်းပေးခဲ့တာ ရှိတယ်။ ထို့အတူပဲပေ့ါ စွပ်စွဲခံရသူ ကာယကံရှင်များအနေနဲ့လည်း တရားရုံးအပေါ် သူတို့စိတ်ထဲမှာ ကျေနပ်မှုမရှိဘူးဆိုရင် တရားမျှတမှုမရှိဘူးလို့ထင်ရင် သူတို့ကရှေ့နေအဖြစ် မဆောင်ရွက်ပေးပါနဲ့တော့၊ သူတို့လည်း ဘာမှ ဖြေစရာ မေးစရာမရှိတော့ဘူး၊ မလိုအပ်တော့ဘူးပြောရင် အန်ကယ်တို့လည်း ရုပ်သိမ်း ပေးရတာပေ့ါ။ အတိုင်းအတာအရတော့ ဒီလိုအခြေအနေမျိုးနဲ့ သွားနေတဲ့ပုံစံပဲလေ။

ဦးသန်းထိုက်ဦး

တရားမျှတမှု မရှိဘူးဆိုတာက ဘယ်လို အချက်အလက်မျိုးကိုထောက်ပြီး ပြောတာ လဲခင်ဗျ။

ဦးအောင်သိန်း

ဘယ်လိုအချက်အလက်ကို ထောက်ပြီးပြောတာလဲဆိုတော့ တချို့သူတို့သက်သေ တွေ ထွက်တာက တပုံစံထဲ၊ နောက်တခါ တရားလိုရဲ့တိုင်တန်းချက်တွေဟာ အမှုတိုင်းလိုလိုမှာ မိတ္တူပွားပြီးတော့ ထွက်နေတာဖြစ်တယ်။ တိုင်းတန်ချက်တွေဟာ တပုံစံထဲနီးနီးဖြစ်တယ်။ တခါတလေကျရင် တရားလိုတယောက်ရဲ့ထွက်ဆိုချက်က အမှု ၃ မှုစလုံးတွဲလည်း ဒါပဲဆိုပြီးတော့ တင်ပြတယ်။ အန်ကယ်တို့ဘက်ကလည်း ပြန်လည်တင်ပြလို့ မရတဲ့အခါ ကျတော့ ၃ မှုစလုံးတွဲ၊ ၄ မှုစလုံးတွဲဆိုပြီး တပြိုင်နက်တည်းမေးလိုက်ရတာရှိတယ်။ ဆိုတော့ တခါတလေမှာ ဘာမှ အဓိပ္ပါယ်မရှိဘူးလို့ ဒီအမှုသည်တွေဘက်က ခံစားရချင်ခံစားရမှာပေ့ါ။

နောက်တခုက တရားခွင်မှာ မိသားစုနားထောင်ချင်ရင် နားထောင်လို့ရတယ်။ အခုက အဲ့ဒီအခြေအနေမျိုးတွေ လုံးဝမရှိဘူး။ အပြင်တရားရုံးမှာ တရားစွဲဆိုခံရတဲ့ အမှုတွေမှာ အဲ့ဒီ အခွင့်အရေးတွေရရှိနေပြီး သူတို့မှာက မရရှိဘူး။ ဒါကို တရားရုံးတော်အနေနဲ့ ဘာမှဆောင်ရွက် ပေးခြင်းမရှိဘူး။ ဆောင်ရွက်ပေးနိုင်တဲ့ လုပ်ပိုင်ခွင့်မရှိဘူးဆိုတဲ့ သဘောလည်းသက်ရောက် လာတယ်။ အဲ့ဒီတော့ ဒီရုံးတွေမှာ အမှုဆက်သွားလည်း အချိန်တန်ရင် ထောင်ချတာပဲ။ ထောင်ချဖို့အတွက် သူတို့သီသန့်ရုံးအနေနဲ့ ထုတ်ပြီး စစ်နေတာပဲ။ ဆရာတို့ ကြိုးစားပြီး ဆောင်ရွက်တာလည်း ဆောင်ရွက်တာပဲဖြစ်မယ်၊ ဒါပေမဲ့ အချိန်တန်တော့ ထောင်ကျသွား တာပဲ။ အဲဒီတော့ မြန်မြန်ကျရင်လည်း မြန်မြန်ပြီးသွားတာပဲ၊ လူလည်းအစစ်ခံရတာ သက်သာသွားတာပေ့ါ၊ မိသားစု တွေလည်းသက်သာတယ်၊ အဲ့ဒီလို အကျိုးသဘောမျိုး သူတို့ ဆီမှာရောက်ကုန်တယ်လို့ အန်ကယ်ထင်မိတယ်။ အတိအကျတော့ သူတို့ရဲ့သဘောထား ဘယ်လိုရှိလဲ အန်ကယ်လည်း မသိဘူး။ အန်ကယ်တို့စိတ်ထဲမှာ တရားမျှတမှုမရှိရင် ရုပ်သိမ်းတာ

ရှိသလို သူတို့ကလည်း သူတို့စိတ်ထဲမှာ ခံစားချက်တွေပေါ်ပေါက်လာခဲ့ရင် သူတို့ရုပ်သိမ်းကြတာပဲ။

ဦးသန်းထိုက်ဦး

ဒီလိုတွေ ပေါ်ပေါက်လာတော့ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်သလဲခင်ဗျ။

ဦးအောင်သိန်း

အကျိုးဆက်ကတော့ ကြိုတင်မျှော်လင့်ထားလို့မရနိုင်ဘူး။ အင်းစိန်ထောင်သီးသန့်ရုံးတွေမှာ စစ်တဲ့အမှုတိုင်းလိုလိုက အကုန်လုံး ထောင်ချတဲ့အမှုတွေပါပဲ။ လွတ်တယ်ဆိုတဲ့ အမှုဆိုတာ မရှိပါဘူး။ အဲ့လိုလည်း သူတို့ယုံကြည်လာတဲ့အခါမှာ သူတို့လည်း ဆုံးဖြတ်လာကြတာပဲ။ နောက်ဖြစ်လာမယ့် အကျိုးဆက်ကတော့ ဘယ်လိုပုံစံနဲ့ ဘာထပ်ဖြစ်လာမလဲ၊ တရားရုံးကတော့ သူ့ဘာသာသူ ဒီအတိုင်းသွားပြီး သူတို့အစစ်မခံပဲ ဒီအတိုင်းသာဆက်သွားနေရင် အချိန်စောစွာအမိန်ချမှာပေါ့။

ဦးသန်းထိုက်ဦး

မြန်မာစစ်အစိုးရက နိုင်ငံရေးလှုပ်ရှားသူတွေကို တရားရုံးထုတ်ပြီး တရားရင်ဆိုင် စစ်ဆေးတာနဲ့ပတ်သက်ပြီး ဆရာ့အတွေ့အကြုံကို ပြောပေးပါလားခင်ဗျ။

ဦးခင်မောင်ရှိန်

တရားရင်ဆိုင်ရတဲ့ အတွေ့အကြုံဆိုတာက အန်ကယ်တို့ကတော့ ပေါ်ပေါက်လာတဲ့အပေါ်မှာ ဥပဒေနှင့်အညီ တရားရုံးက ဆောင်ရွက်တဲ့နေရာမှာ ပြစ်မှုဆိုရင် ပြစ်မှုဆိုင်ရာကျင့်ထုံးတွေရှိတယ်။ တရားရုံးက လက်စွဲတွေရှိတယ်။ တရားရုံးညွှန်ကြားလွှာတွေရှိတယ်။ နောက်ရဲလက်စွဲတွေရှိတယ်။ ဒါတွေနဲ့အညီ တရားခွင် မှာရောက်ရှိလာတဲ့ အမှုတွေအပေါ် ကျင့်ထုံးနဲ့ မညီရင်မညီသလို၊ နောက်တခါ ရဲ၏ ဆောင်ရွက်ချက်မှာလည်း ရဲလက်စွဲနဲ့ မညီရင်မညီသလို၊ တရားရုံးက ဆောင်ရွက်တာတွေရှိတယ်။ အန်ကယ်တို့အပိုင်းကတော့ ဒီအမှုတွေဟာ ဥပဒေနှင့်ညီရင်လည်း ညီသလို၊ မညီရင်လည်းမညီတဲ့အတိုင်း၊ နောက်တခါ တရားလိုဘက်ကနေ စွဲတင်လာတဲ့အပိုင်းမှာ စွပ်စွဲခံရတဲ့ တရားခံဘက်က အန်ကယ်တို့လိုက်လံဆောင်ရွက်ရပါတယ်။ အဲ့ဒီတော့ တရားလိုဘက် ကစွပ်စွဲချက်တွေဟာ မှန်တယ် မမှန်ဘူးဆိုတာဖြေရှင်းရတယ်၊ စွပ်စွဲမှုဟာ စွပ်စွဲခံရခြင်းရှိကိုမရှိဘူး။ အန်ကယ်တို့ အမှုသည်နဲ့တွေ့ဆုံပြီး အမှုသည်က ဒီစွပ်စွဲခံရတာနဲ့ပတ်သက်ပြီး သူ့ရဲ့ဖြစ်စဉ်ကို အန်ကယ်တို့ကို ပြောပြတယ်။ အန်ကယ်တို့က တရားလိုကနေစွပ်စွဲမှုတွေအပေါ်မှာ ဖြေရှင်းရတယ်။

ဦးသန်းထိုက်ဦး

သာမန်ရာဇဝတ်အကျဉ်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကြားမှာ ဘယ်လိုကွာခြားချက်တွေ ရှိပါသလဲခင်ဗျ။

ဦးခင်မောင်ရှိန်

သာမန်ရာဇဝတ်အကျဉ်းသားရော နိုင်ငံရေးအကျဉ်းသားဆိုတာရော အတူတူထားတယ်။ ပုံစံအတူတူပဲ၊ လက်ထိပ်ခတ်တာရော အတူတူပဲ၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့သူတွေနဲ့ သာမန်ရာဇဝတ်သားဆိုတဲ့အပိုင်းမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ လူတွေကပိုတောင်မှ ကန့်သတ်ခံရတယ်လို့ အန်ကယ်တို့တွေ့ရတယ်။ သာမန်ရာဇဝတ်သားက သက်ဆိုင်ရာတရားရုံးမှာ ရုံးထုတ်တယ်၊ စစ်ဆေးတယ်၊ အများပြည်သူရှေ့မှာတရားစီရင်ခွင့်ရှိတယ်။ မိသားစုနဲ့ တွေ့ခွင့်ရှိတယ်။ နိုင်ငံရေးနှင့် ပတ်သက်တဲ့အမှုတွေကျတော့ တော်တော်များများက သီးသန့်ရုံး၊ အခုဆိုရင် အင်စိန်အကျဉ်းထောင်ဝင်းကြီးထဲမှာရုံးထိုင်တဲ့ အထူးရုံးမှာစစ်တယ်။ ရာဇဝတ်သားထက်တောင်မှ ပိုပြီးကန့်သတ်တဲ့ အနေအထားမှာ တွေ့ရတယ်။

ဦးသန်းထိုက်ဦး

အခုလိုဖြစ်ရပ်မျိုးတွေ၊ အခွင့်အရေးဆုံးရှုံးနေပုံတွေကို ကြည့်ပြီး ဥပဒေအကျိုးဆောင်တယောက်အနေနဲ့ ဘယ်လိုခံစားရမိပါသလဲ။

ဦးခင်မောင်ရှိန်

အန်ကယ်တို့လည်း ဥပဒေဘက်တော်သားအနေနဲ့ နိုင်ငံရေးနဲ့ယှက်နွယ်တဲ့ အမှုကိစ္စတွေမှာ လိုက်ပါဆောင်ရွက်ပေးနေတယ်။ ဒီမှာကတော့ အန်ကယ်တို့က ဥပဒေဘက်တော်သားတစ်ယောက်အနေနဲ့ တရားမျှတ မှန်ကန်တဲ့ ဥပဒေတွေ၊ ဒါတွေကို လွှမ်းခြုံနေတဲ့ တရားစီရင်ရေးလောကကြီး ဖြစ်စေချင်ပါတယ်။ ဒီဆန္ဒရှိပါတယ်။ နောက်တခုက တရားစီရင်ရေးမှာ ခုနကပြဌာန်းချက်တွေနဲ့အညီ၊ တရားစီရင်ရေးမူဝါဒတွေနဲ့အညီ တရားစီရင်ရေးမှာ လွတ်လွတ်လပ်လပ်နဲ့ ဆုံးဖြတ်ပြီးတော့ တရားမျှတမှုနှင့် လွှမ်းခြုံထားတဲ့ အနေအထားမျိုးဖြစ်စေချင်တယ်။ အဲ့ဒီအတွက်ကို တရားခွင်မှာ၊ တရားစီရင်ရေးလောကမှာ အန်ကယ်တို့က ဥပဒေနှင့်အညီ ရပ်တည် ဆောင်ရွက်ပေးတယ်။ ဒီရပ်တည်ဆောင်ရွက်ပေးတဲ့အပိုင်းမှာ တချို့အပိုင်းတွေ အန်ကယ်တို့ ရပ်တည်ဆောင် ရွက်ရာမှာ မျှမျှတတနဲ့ ဖြစ်တာတွေလည်းရှိတယ်။ မဖြစ်တဲ့အနေအထားတွေလည်းရှိတယ်။

ဦးသန်းထိုက်ဦး

ဥပဒေအကျိုးဆောင်ရှေ့နေ ရှေ့ရပ်တွေကရော ဘယ်အတိုင်းအတာထိ ကူညီနိုင်မယ်လို့ မျှော်လင့်ထားပါသလဲဗျ။

ဦးခင်မောင်ရှိန်

အန်ကယ်တို့ကတော့ ဒီအရေးအခင်းကာလဖြစ်ပြီးနောက်ပိုင်း၊ မတိုင်ခင်ကာလ နောက်ပိုင်း ခွဲခြားမသတ်မှတ်ပါဘူး။ ပေါ်ပေါက်လာတဲ့အမှုအခင်းကိစ္စတွေ၊ ပေါ်ပေါက်လာတိုင်း အန်ကယ်တို့လိုက်ပါဆောင်ရွက်တယ်။ ခုနက အန်ကယ်တို့အခြေခံထားတဲ့ အရာတွေကို အမြဲနှလုံးသွင်းထားတဲ့ အနေအထားနဲ့ လိုက်ပါဆောင် ရွက်နေပါတယ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

တရားရုံးအားမထီမဲ့မြင်ပြုမှု–အက်ဥပဒေပုဒ်မ ၃ အရ ရှေ့နေကြီး ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား တရားစွဲဆိုမှုနှင့်ပတ်သက်၍ ဥပဒေရေးရာ ထုတ်ပြန်ချက်

၁။ လူငယ်ရှေ့နေ ကိုညီညီထွေးနှင့် ကိုစောကျော်ကျော်မင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ အရ ထောင်ဒဏ် ၆ လစီချမှတ်လိုက်ပြီးနောက်ပိုင်း ယခုရှေ့နေ ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့အား လှိုင်မြို့နယ်တရားသူကြီး ဒေါ်အေးမြိုင်က တရားရုံးအား **မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃** အရ တရားစွဲဆိုရန် သမ္မာန်စာ ပို့ထားသည့်အမှုဖြစ်သည်။ ယခုလ ၆ ရက်နေ့ (ကြာသာပတေးနေ့) တွင်ရုံးချိန်းရက်ပေးထားခြင်းဖြစ်သည်။

၂။ အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားအမှုသည်များက "တရားရုံးတော်ကို အယုံအကြည်မရှိတော့သဖြင့် သူတို့၏ ရှေ့နေပါဝါများ ရုပ်သိမ်းလိုက်ကြောင်း တရားသူကြီး ထံတင်ပြခဲ့သည်။" ဤသို့တင်ပြခဲ့သည်ကို အကြောင်းပြု၍ ၎င်းတို့၏အမှုကို လိုက်ပါဆောင်ရွက်နေသော ဗဟိုတရားရုံးချုပ် ရှေ့နေကြီး ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန် တို့က ၎င်းတို့အသီးသီး၏ ပါဝါများကို ရုပ်သိမ်းလိုက်သဖြင့် ယခုကဲ့သို့တရားစွဲဆိုလာခြင်းဖြစ်သည်။

"တရားရုံးတော်ကို အယုံအကြည်မရှိ"တော့သဖြင့် မိမိတို့၏ ရှေ့နေများ ပါဝါကို ရုပ်သိမ်းခြင်းမှာ အမှုသည်များနှင့်သာ သက်ဆိုင်ပါသည်။ လိုက်ပါဆောင်ရွက်နေသော ရှေ့နေများသည် အမှုသည်၏ညွှန်ကြားချက်အရသာ ပါဝါတွင် လက်မှတ်ထိုးပြီး လိုက်ပါဆောင်ရွက်ရသူ တရားရုံးအရာရှိများ ဖြစ်ပါသည်။ အမှုသည်က ဆက်မငှားတော့သဖြင့် အမှုကိုဆက်လက်လိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်တော့ခြင်းမှာ ဥပဒေနှင့် အညီလုပ်ကိုင်ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

၃။ အမှုကို လိုက်ပါဆောင်ရွက်နေစဉ် ရှေ့နေကိုညီညီထွေးနှင့် ကိုစောကျော်ကျော်မင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် မ ၂၂၈ "တရားစီရင်မှု ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို စော်ကားခြင်း သို့တည်းမဟုတ် ဝင်ရောက် နှောက်ယှက်ခြင်း" ပြစ်ဒဏ်အရ ထောင်ဒဏ် ၆ လစီချမှတ်ခဲ့ခြင်းတို့မှာလည်း **ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၄၈၂ ပါပြဋ္ဌာန်းချက် များကို ချိုးဖောက်ပြီး** စစ်ဆေးခြင်းမပြုဘဲ ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်၍ တဖက်သတ် မတရားဆုံးဖြတ်ချက် ဖြစ်ကြောင်း ဥပဒေအရ သုံးသပ်တွေ့ရှိရပါသည်။

၄။ ယခုအခါ မြန်မာပြည်ရှိ ရှေ့နေအားလုံးသည် တရားစီရင်ရေး ဆောင်ရွက်ရာ တရားခွင်၌ လွတ်လပ်စွာ အမှုလိုက်ပါ ဆောင်ရွက်ခွင့် လုံးဝဆုံးရှုံးသွားပါသည်။ အမှုသည်ကိုယ်စား တင်ပြခွင့်၊ လျှောက်ထားခွင့်၊ ဆောင်ရွက်ခွင့်ကို ပိတ်ပင်ခံနေရပါသည်။ ၁၈၈၂ ခုနှစ် ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ (၈)ကိုချိုးဖောက်ခံလိုက်ရခြင်းဖြစ်ပါသည်။

၅။ “၁၉၈၀ ပြည့်နှစ်တွင် ဗဟိုတရားရုံးရှေ့နေများကောင်စီ” တရားရုံးများအပေါ် ရှေ့နေ ရှေ့ရပ်များ၏ တာဝန်နှင့် ပတ်သက်၍ အချက် (၁၄) ချက်ကို သက်ဆိုင်ရာ တရားစီရင်ထုံး အကိုးအကားများဖြင့် ပြည့်စုံစွာဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ရှေ့နေများသည် တရားရုံးလက်စွဲပါ ပြဋ္ဌာန်းချက်အရ တရားရုံးအရာရှိများဖြစ်ပါသည်။

၆။ တရားရုံးရှိ တရားသူကြီးများသည် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ အခန်း (၂) တရားစီရင်ရေးဆိုင်ရာမူများ ပုဒ်မ ၂(ဂ) အရ “ဥပဒေကို ပြည်သူများက နားလည် ကျင့်သုံးလာစေရန် ပညာပေးခြင်းနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့် ပျိုးထောင်ပေးခြင်း” ဆိုသောမူကို လက်တွေ့စံပြအဖြစ် လိုက်နာလုပ်ဆောင်ရပေမည်။ “တရားခွင်တွင် အမှုသည်များ၏ အခွင့်အရေးနှင့် ပတ်သက်၍ ရှေ့နေများအနေဖြင့် ကာကွယ်ရန် တာဝန်ရှိပါသည်။ တရားရုံးများအနေဖြင့် ပြည်သူများယုံကြည်လက်ခံလာအောင် လက်တွေ့စံပြအဖြစ် လိုက်နာလုပ်ဆောင်ရမည့်အစား ပြည်သူအများ အယုံအကြည် မဲ့သွားအောင် မပြုလုပ်သင့်ပေ။”

နိုင်ငံရေးအကျဉ်းသားအမှုသည်များက “တရားရုံးတော်ကို အယုံအကြည်မရှိတော့ခြင်း”မှာ တရားရုံးက ဥပဒေအတိုင်း လိုက်နာလုပ်ဆောင်ခြင်းရှိမရှိ ဆိုသည့်အပေါ်တွင်သာ မူတည်ပါသည်။

၇။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၀ (၁) တွင် “ရာဇဝတ် တရားရုံးတွင် ပြစ်မှုတရပ်ဖြင့် စွပ်စွဲခံရသူ မည်သူမဆို သို့မဟုတ် ဆိုခဲ့သည့် တရားရုံးတရုံးတွင် ကျင့်ထုံးဥပဒေအရ အမှုစွဲဆိုခြင်းခံရသူ မည်သူမဆို ရှေ့နေဖြင့် ခုခံချေပပိုင်ခွင့် ရှိသည်”ဟု ပြဋ္ဌာန်းချက်အရ ရှေ့နေသည် အမှုသည်အတွက် ခုခံချေပပိုင်ခွင့်ရှိပြီးသား ဖြစ်ပါသည်။ ရှေ့နေ အနေဖြင့် ခုခံချေပပိုင်ခွင့်မပေးလျှင် တရားရုံးသည် ဤဥပဒေကို ချိုးဖောက်ရာကျပါသည်။

၈။ “လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာ သဘောထားကြေညာချက်”ကို ၁၉၉၅ ခုနှစ် တရုတ်ပြည် ပီကင်းမြို့မှာ ကျင်းပသော “အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏” ခြောက်ကြိမ်မြောက် အစည်း အဝေး၌ မြန်မာနိုင်ငံမှ တရားသူကြီးချုပ် ဦးအောင်တိုး ကိုယ်တိုင်တက်ရောက် လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ သဘောထား ကြေညာချက်တွင် လွတ်လပ်သောတရားစီရင်ရေးခေါင်းစဉ်အောက်ရှိ အပိုဒ် ၁ မှ ၉ အထိ ဖော်ပြထားသော တရားစီရင်ရေးဆိုင်ရာမူများအားလုံးကို ချိုးဖောက်ပြီး တရားရုံးများက

စစ်ဆေးဆုံးဖြတ်နေသည့်အပေါ်တွင် တရားသူကြီးချုပ် ဦးအောင်တိုးကိုယ်တိုင်မှာ တာဝန်ရှိပါသည်။ မှားယွင်းသည့် တရားရုံးဆုံးဖြတ်များကို ချက်ခြင်းပယ်ဖျက်ပေးပါရန် ဥပဒေကြောင်းအရ တောင်းဆိုပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ   နေ့စွဲ–နိုဝင်ဘာ (၇) ရက်၊ ၂၀၀၈ ခုနှစ်။

ဥပဒေစိုးမိုးရေး

(အောက်ပါ အင်တာဗျူးဆောင်းပါးသည် ၁၄၊ ၉၊ ၀၈ နေ့ တွင် ဘီဘီစီမှ အသံထုတ်လွှင့်ချက်ကို ဥပဒေရေးရာစာစောင်၊ စာဖတ်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။)

မြန်မာစစ်အစိုးရအား တရားမဝင်အစိုးရအဖြစ် စိန်ခေါ်လိုက်ခြင်း

လူထုဆက်ဆံရေးနှင့်မှတ်တမ်းဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ဘီဘီစီ

ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီးချုပ်ဒေါက်တာ စိန်ဝင်းရဲ့ သဘောထားကို မေးမြန်းထားပါတယ်။

ဦးစိန်ဝင်း

ဒီကိစ္စကို ၁၉၉၂ မှာလဲ စဉ်းစားဖူးပါတယ်။ ကုလသမဂ္ဂမှာ ဗမာပြည် ကိုယ်စားပြုပြီးတော့ နေခွင့်မရှိဘူး ပေ့ါနော်။ မူအရတော့ ဗမာပြည် လူထုကိုမှ ကိုယ်စားမပြုတာကိုး။ အဲ့ဒီအတွက် ကျွန်တော်တို့ မူအားဖြင့်တော့ သဘောတူတယ်။ သို့သော်လက်တွေ့ ဖယ်ရှားနိုင်အောင် ဘယ်လိုဖယ်ရှား မလဲ ဒီလိုကုသလမဂ္ဂရဲ့ လုပ်ဆောင် ချက်တွေနဲ့ ဖယ်ရှားလို့ရောရမလား ဒီပြင် ကျန်တဲ့လုပ်ဆောင်မှု တွေကလဲလိုတာကိုး၊ တကယ်လို့ဖယ်ရှားမယ်ဆိုရင် အဲ့ဒီအပေါ်မှာတော့ ကွဲလွဲချက်တွေရှိတာပေ့ါ။

ဘီဘီစီ

မြန်မာအစိုးရဘက်ကတော့ နှစ်ပေါင်း ၂၀ တရားဝင်ကိုယ်စားပြုလာပြီး၊ အခုမှ ဒီပြဿနာကို ဖြေရှင်းဖို့ လိုသေးလား ဆိုပြီးတော့အစိုးရ အသိုင်းအဝိုင်းနဲ့နီးစပ်တဲ့သူတွေ ဆိုကကြားရပါတယ်။ လက်တွေ့မှာ အစိုးရကို ဒီကုသလမဂ္ဂကနေ ဖယ်ရှားပစ်ဖို့ ဘယ်လောက် ဖြစ်နိုင်မလဲ။ ဒီလုပ်ငန်းတွေ လုပ်ရှားနေတဲ့ ဦးကိုကိုလေးက စဆွေးနွေးပါခင်ဗျာ။

ဦးကိုကိုလေး

ဘယ်လောက်ဖြစ်လာနိုင်မလဲဆိုတဲ့မေးခွန်းကတော့ ကျွန်တော်က မလွဲမသွေ ဒီကိစ္စ အောင်မြင်မယ်လို့ ကျွန်တော်တို့ ပြောရဲပါတယ်။ ဒါပေမယ့် ဘယ်နှစ်နှစ် ကြာမယ်ဆိုတာတော့ ကျွန်တော်တို့ ပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကုသလမဂ္ဂမှာဖြစ်ခဲ့တဲ့

အခြားနိုင်ငံတွေကို ကြည့်မယ်ဆိုလို့ရှိရင် (၇) နှစ်ကနေပြီးတော့ (၁၄) နှစ်အထိကြာခဲ့ပါတယ်။ အဲ့ဒီ အတွက်ကြောင့်မရမခြင်း နှစ်စဉ် နှစ်စဉ် ကျွန်တော်တို့က တိုက်ပွဲဝင်သွားရမှာဖြစ်တယ်။ ဖြစ်နိုင်ရင်တော့ ဒီနှစ်အပြီးပေါ့ဗျာ။

ဘီဘီစီ

NCGUB ဘက်ကသဘောထားတွေကို ဒေါက်တာတင့်ဆွေဘက်က ဆွေးနွေးပေးပါဦး ခင်ဗျ။ ဒီလုပ်ရှားမှုကို ဘယ်လိုယူဆသလဲ။

ဒေါက်တာတင့်ဆွေ

နအဖကို နိုင်ငံတကာ စင်မြင့်မပြောနဲ့ ပြည်တွင်းကစင်မြင့် ကနေဖယ်ရှားဖို့ လုပ်ငန်းအားလုံးကို သဘောတူထောက်ခံတယ် ပါဝင်ဆောင်ရွက်မှာဖြစ်ပါတယ်။ သို့သော် ဝန်ကြီးချုပ်ပြောသလို ၂၀၀၈ ခုနှစ်အထိ Credential Challenge ပွဲမှာတော့ NCGUBက ကိုယ်စားပြုပြီးတော့ လက်မှတ်မထိုးနိုင်သေးတဲ့ အနေအထားပါ။ သို့သော် ဒီလှုပ်ရှားမှုကြီးကတော့ လုပ်ကိုလုပ်သင့်တဲ့အနေအထားပါ။ ဘာကြောင့်လဲဆိုတော့ နအဖဟာ တရားမဝင်ဘူးဆိုတာ သိပြီးသား ကျွန်တော်တို့အကြောင်းအမျိုးမျိုး စဉ်းစားရပါတယ်။ ခုနက ဦးကိုကိုလေး ပြောသလို ဒီနှစ်မရသေးရင်လဲ နောက်နှစ်ချရဦးမယ် ဆိုတဲ့အချက်ကို ကျွန်တော်တို့ သဘောတူတယ်ခင်ဗျ။ နိုင်ငံတကာ အခြေအနေကို သုံးသပ်တဲ့အခါမှာ နအဖကို မကြိုက်ပေမယ့် အောင့်ခါနမ်းတဲ့ နိုင်ငံတွေက အများကြီးဖြစ်နေတယ်။ ကျွန်တော်တို့ မိတ်ဆွေနိုင်ငံများကလည်း ဟက်ဟက်ပက်ပက် မရှိသေးတဲ့ ကာလဖြစ်တော့ကာ ဒီနှစ်ကတော့ ကိုယ်က ကြိုးစားမှုကတော့ ကောင်းပါတယ်။ သို့သော်လည်း အလားအလာ အရကတော့ ကျွန်တော်တို့ သိပ်မမြင်တဲ့အပိုင်း လဲပါတယ်ပေါ့ခင်ဗျ။

ဘီဘီစီ

ဒါတော့ NCGUB သဘောထားပေါ့လေ၊ တရားဥပဒေ ရှုထောင့်က ကြည့်ရင် ဦးအောင်ထူးအနေနဲ့ အခု သူတို့တည်ဆောက်ထားတဲ့ အမှုဟာ ဘယ်လောက်ခိုင်မာတယ်လို့ယူဆသလဲ။

ဦးအောင်ထူး

Credential Challenge လို့ခေါ်တဲ့ တိုင်းပြည် အစိုးရကိုကိုယ်စားပြုပြီးတော့ ကုသလမဂ္ဂရဲ့ အထွေထွေ ညီလာခံကို တက်ရောက်ဖို့ ရောက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ အရည်အသွေးကို စိန်ခေါ် ခြင်း ဆိုတဲ့ ဖြစ်စဉ်ကို ၁၉၄၅ မှ ၉၀ ကြားထဲမှာ နှစ်ပေါင်း ၄၅ နှစ်ကြားထဲမှာ ယှဉ်ပြိုင်မှု (၈)ခုရှိခဲ့တယ်။ အဲ့ဒီ (၈)ခုမှာတောင် အာဖရိက၊ တရုတ်၊ ဟန်ဂေရီ၊ မွန်ဂို၊ ရီမင်၊ ကမ္ဘောဒီယား စတဲ့တိုင်းပြည်တွေပေါ့။ အဲ့တိုင်းပြည် တွေကို ခြုံကြည့်တဲ့ အခါကျတော့ အဲ့ဒီ (၈)ခု စလုံးမှာ များသောအားဖြင့် ၁၉၉၀ ခုနှစ်အထိဟာ ကိုယ်စားလှယ်တွေ ယှဉ်ပြိုင်တင်သွင်းကြတဲ့ အခါကျတော့ အဓိကစီစစ်တာက အစိုးရကို စီစစ်တာ ဖြစ်ပါတယ်။ အဲ့ဒီ အစိုးရဟာ တိုင်းပြည်ကို ကိုယ်စားပြုခွင့် ရှိသင့်မရှိသင့် အဲ့ဒါကို စိစစ်တာဖြစ်ပါတယ်။ ခြုံပြောရရင် ၁၉၉၀ ခုနှစ်၊ နှစ်ပေါင်း ၄၅ နှစ် အတောအတွင်းမှာဆိုလို့ရှိရင် အဓိက လွှမ်းမိုးခဲ့တာက အစိုးရ

တစ်ရပ်က သူ့နယ်မြေမှာ ထိန်းချုပ်ထားနိုင်တဲ့ အနေအထား ရှိတယ်ဆိုရင် အဲ့ဒီနယ်မြေကို ကုလသမဂ္ဂက လက်ခံတာပဲဖြစ်တယ်။ ကမ္ဘောဒီးယားမှာ နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့ တင်သွင်းတာကို ရပ်ဆိုင်းထားခဲ့တယ်။ အဲ့တော့ ဒီအတွေ့အကြုံတွေ ရှိခဲ့တယ်။ ၁၉၉၀ ခုနှစ် ဒီဖက်ကျတော့ စဉ်းစားချက်တွေ ပြောင်းသွားတယ်။ ဘယ်လိုပြောင်း သွားသလဲဆိုတော့ နယ်မြေကို ထိန်းသိမ်း ထားနိုင်မှုကို သွားစဉ်းစားတာ လျော့သွားတယ်။ အခြားအချက်တွေ ပိုစဉ်းစားလာတယ်။ ဘယ်လိုလုပ်ပြီးတော့ အစိုးရဖြစ်လာတာလဲ ကိုယ်စားတက်

လာတဲ့ အစိုးရဟုတ်ရဲ့လား လူထုကို ကာကွယ်ရမယ်ဆိုတဲ့ အစိုးရရဲ့တာဝန်ကို ထမ်းဆောင်ရဲ့လားဆိုတဲ့ စဉ်းစားချက်တွေ ဖြစ်လာပြီးတော့။ ဟီတီ စီအာရီယွန် အာဖဂန် နစ်စတန်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ အခြေခံက စဉ်းစားလာတယ်။ နောက်ဆုံးပြောရမယ် ဆိုရင်တော့ စီအာအာရီယွန်း ဖြစ်တယ်။ အဲ့ဒီမှာ နောက်ဆုံးကမ္ဘာက အစိုးရကို ရွေးချယ် တင်မြှောက်လိုက်ပြီးတဲ့နောက်မှာ တစ်နှစ်အကြာမှာ အာဏာသိမ်းမှုဖြစ်တယ်။ လူထုက လက်မခံဘူး ကန့်ကွက်ဆန္ဒပြကြတယ်။ ဒီကိုယ်စားလှယ် အဖွဲ့အရည်အတွက် စိစစ်တဲ့ ကော်မတီ ကုလသမဂ္ဂကော်မတီ ကနေပြီးတော့ ကမ္ဘာက အဲ့ဒီကိုယ်စားလှယ်အဖွဲ့ကို လက်ခံတယ်။ စစ်အစိုးရကိုယ်စားလှယ်အဖွဲ့ကို လက်မခံဘူး။ အတွေးအခေါ်ခြင်း ရပ်တည်ချက်တွေ ပြောင်းလာတယ်။ ပြောင်းလာတာကြောင့်မို့ ကျွန်တော် တို့က ဦးကိုကိုလေးတို့ပြောသလိုပဲ ဒီလုပ်ရှားမှုကြီးဟာ တကယ့်ကို ဆက်လုပ်သင့်တာဖြစ်တယ်။

ဘီဘီစီ

ကျွန်တော်ဆိုလိုတာက ခုနက မြန်မာနိုင်ငံမှာ သမိုင်းပေတံနဲ့တိုင်းလိုက်လို့ရှိရင် ဘယ်အချက်တွေ အပေါ်မှာ အခြေခံပြီးတော့ အခုအမှုကို တည်ဆောက်တာပါလဲခင်ဗျ။

ဦးအောင်ထူး

တရားမဝင်တဲ့နည်းနဲ့ အတင်းအဓမ္မအာဏာကို သိမ်းယူထားတာဖြစ်တယ်။ ဒါကြောင့် ဒီအစိုးရဟာ တရားဝင်အစိုးရမဟုတ်ဘူး။ ဒုတိယအချက်က ဒီနိုင်ငံတကာအဆင့်ရှိတဲ့ တရားဥပဒေကြီးကို ချိုးဖောက်ပြီးတော့ သူတို့ကိုဖိနှိပ်ပြီးတော့ အာဏာသက်ဆိုးရှည်အောင် လုပ်ထားတယ်။ တတိယအချက်က ဥပဒေစိုးမိုးရေးကို လုံးဝ ဥပက္ခာပြုပြီးတော့ တရားစီရင်ရေး ယန္တရားကို ဖိနှိပ်ရေးကိရိယာအဖြစ်သုံးထားတယ်။ စတုတ္ထအချက်က လူထုကို ကာကွယ် စောင့်ရှောက်ရမယ့် တာဝန်ကို လုံးဝမထမ်းဆောင်ပဲနဲ့ လူတစ်စုအကျိုးစီးပွားအတွက်ကိုသာ တိုင်းပြည်ရဲ့အာဏာကို အသုံးပြုနေတယ်။ နောက်ဆုံးတစ်ချက်ကတော့ တိုင်းပြည်ရဲ့အင်မတန် တန်ဖိုးရှိနေတဲ့ သယံဇာတတွေ ကိုယ်ကျိုးအတွက်ပဲ အဓိကထားသုံးစွဲတာကြောင့် ဆင်းရဲတွင်း

နက်နေတယ်။ဒီလိုအချိန်တွေကြောင့် နအဖဟာအစိုးရနေရာမှာ မရှိသင့်တော့ဘူး တကမ္ဘာလုံးမှာ မရှိသင့်တော့ဘူး။ ကုလသမဂ္ဂမှာ မရှိသင့်တော့ဘူး။ တကမ္ဘာလုံးက ဆက်ဆံရေးဖြတ်သင့်တဲ့ အစိုးရဖြစ်တယ်။

ဘီဘီစီ

ဦးအောင်ထူးရဲ့ဆွေးနွေးချက်ကတော့ လက်တွေ့နဲ့ဘယ်လောက်နီးစပ်သလဲဆိုတာ ကြည့်ရအောင်ခင်ဗျ။ အဲ့တော့ ဦးကိုကိုလေးတို့ကရော နှစ်ပေါင်း (၂၀)လောက်တောင်မှ တိုင်းပြည်မှာ ကိုယ်စားလှယ်ဖြစ်ပျက်ခဲ့ပြီး အခုမှ ဘာကြောင့်ဒီမေးခွန်းကို မေးနေစရာလိုသေးလဲဆိုပြီး အစိုးရအသိုင်းအဝိုင်းကပြောတယ်လေ။ အဲ့ဒါကျတော့ရော ဦးကိုကိုလေးတို့က ဘာကြောင့် ဒီလုပ်ငန်းဟာ ထိရောက်မယ်လို့ယူဆပါသလဲ။

ဦးကိုကိုလေး

ကျွန်တော်တို့က ထိရောက်မယ်လို့ အပြည့်အဝ ယူဆပါတယ်။ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနှစ် (၂၀)ကြာလာသည်နှင့်အမျှ စစ်အစိုးရရဲ့ဖိနှိပ်မှုတွေဟာ ထင်ထင်ရှားရှားကြီး ကမ္ဘာကြီးက မြင်တွေ့လာရတယ်။ ဥပမာဆိုရင် အနှစ် (၂၀)လုံးလုံး စစ်အုပ်စုဟာ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်ခဲ့တယ်။ တရားနည်းလမ်းနဲ့ ရရှိလာတာမဟုတ်ဘူး။ တရားဝင်ရွေးချယ်ခံထားရတဲ့ အနိုင်ရပါတီကို အာဏာလွှဲပေးခြင်း မရှိဘူး။ ပြည်သူလူထုကို ဆက်လက်ဖိနှိပ်နေတယ်။ ရဟန်းရှင်လူ ပြည်သူတွေကို ဖိနှိပ်တယ်။ ရဟန်းတွေပါပါတယ်။ လူထုကို အကာအကွယ်မပေးနိုင်ဘူး ဒီအချက်တွေကြောင့် အနှစ် (၂၀)အတွင်းမှာ ကျွန်တော်တို့ဖက်က တိုက်ပွဲ ဝင်ဖို့အတွက် ပိုမိုအားကောင်းလာတဲ့အချက်တွေဖြစ်တယ်။ အဲ့ဒီ အတွက်ကြောင့် ကျွန်တော်တို့က ဒီနေ့ဒီအချိန်မှာ ကျွန်တော်တို့ကစပြီးတော့ ဒီသံတမန်ရေးရာအရ စာမျက်နှာတစ်ခုဖွင့်လိုက်တာဖြစ်ပါတယ်။

ဘီဘီစီ

ဒေါက်တာ တင့်ဆွေခင်ဗျ အခုကျွန်တော်တို့ အစိုးရ သတင်းစာတွေထဲမှာ ကျွန်တော်တို့ ဖတ်နေရတာကတော့ သူတို့ ဒီဖက်တို အနေအထားကနေ အခုဆန္ဒခံယူပွဲအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်တယ်ဆိုရင် သူတို့ဟာ ထရန်စေးရှင်းနယ် အသော်ရတီဖြစ်သွားပြီဆိုပြီးတော့ သတင်းထုတ်ပြန်ရေးခေါင်းဆောင်က ဂမ်ဘာရီကိုရှင်းပြတယ်။ အဲ့ဒါ ၂၀၁၀ ရွေးကောက်ပွဲကို ရင်ဆိုင်ရမှာကြောက်လို့ အတိုက်အခံတွေဘက်ကနေပြီးတော့ အကြံကုန် ဂဠုန်ဆားချက်တဲ့သဘော ဝေဖန်လာရင်ရော ဆရာဦးတင့်ဆွေတို့ ဘက်က ဟုတ်ပါသလားခင်ဗျ။

ဦးတင့်ဆွေ

အဲ့ဒါကတော့မဟုတ်ပါဘူး။ ကျွန်တော်တို့ ၂၀၁၀ အရင်တည်းက သံဃာတော်တွေကို နှိမ်နင်းမှုရယ်၊ နာဂစ် မုန်တိုင်းကိစ္စတွေရယ်၊ နောက် ပြည်လုံးကျွတ်ဆန္ဒခံယူဖို့ကိစ္စ အပြီးမှာပေါ့လေ။ ဒီ ၂၀၁၀ မတိုင်ခင် ကတည်းကပါ။ ကျွန်တော်တို့ နအဖ ကိုတော့ နည်းပေါင်းစုံနဲ့ တိုက်ပွဲဆင်ဖို့လိုတယ်။ နိုင်ငံရေးနည်းရော သံတမန်ရေးနည်းရော တခြားဥပဒေကြောင်းအရပါ

တိုက်ပွဲဝင်ဖို့လိုတယ်။ စစ်ရေးရှိတဲ့ ပုဂ္ဂိုလ်တွေဟာ စစ်ရေးရော လိုတယ်လို့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ မူအရ ချပြီးသားပါ။ ၂၀၁၀ ကတော့ကျွန်တော်တို့က NLD ရဲ့ ပိုစေရှင် အတိုင်းပဲ ၂၀၁၀ အကြောင်းကို ပြောစရာကို မလိုတဲ့ကိစ္စ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် တို့အသိ အမှတ်မပြုတဲ့ကိစ္စပဲဖြစ်ပါတယ်။ ချုပ်လိုက်ရင်တော့ ၂၀၁၀ ကြောက်လို့ ဒီလိုလုပ်တာ မဟုတ်ဘူး တနည်းအားဖြင့် ကုလသမဂ္ဂက အကြီးကြီးမဖယ်နိုင်ခင် ကျွန်တော်တို့က ကုလားထိုင် ဖယ်ဖို့တော့ ကြိုးစားနေပါတယ်။

ဘီဘီစီ

ဥပဒေကြောင်းအရ ဦးအောင်ထူးတို့ဘက်က ဘာဆက်လုပ်နိုင်မလဲ တကယ်လို့ ဒီလိုမဲခွဲတဲ့ အဆင့်မရောက်တောင်မှ နအဖဘက်က ဥပဒေအရတင်ပြလာရင် ဘာလုပ်မှာလဲ ခင်ဗျ။

ဦးအောင်ထူး

နအဖ ဘက်ကတင်ပြတာက သူတို့ရဲ့တာဝန်ပိုင်းအရ တင်ပြမှာပဲဖြစ်တယ်။ ဒီကျွန်တော် တို့ Credential Challenge ရဲ့လုပ်ထုံးလုပ်နည်းက ညီလာခံလုပ်ထုံးလုပ်နည်း ကနေပြီးတော့ အပိုဒ် ၂၇ ကနေ ၂၉ အထိ ဆိုင်တာဖြစ်တယ်။ အဲ့ဒီမှာယှဉ်ပြိုင်တဲ့ အဖွဲ့နှစ်ခုက တင်ပြလာရင် တင်ပြတဲ့အချက်တွေပေါ်မှာ ကော်မတီက လိုက်ပြီးတော့ စဉ်းစားပေးတာဖြစ်တယ်။ နအဖ ကလည်း သူဘာကြောင့် တိုင်းပြည်မှာ အုပ်စိုးသင့်တယ်။ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ ကိုယ်စားလှယ်အဖွဲ့ကိုလက်ခံသင့်တယ်။ ဒီဘက်က အဖွဲ့ကလည်းပဲ ဘာကြောင့် ကိုယ်စားပြုခွင့် မရှိဘူး။ ဘယ်သူဟာကိုယ်စားပြုခွင့်ရှိသင့်တယ်။ ဒီနှစ်ခုကို ယှဉ်ပြိုင်တင်မှာဖြစ်ပါတယ်။ အဲ့လို ယှဉ်ပြိုင်တင်တဲ့အပေါ် ကော်မတီကနေ အသေအချာ စိစစ်သုံးသပ်သွားမယ် သုံးသပ်ပြီးတော့မှ တွေ့ရှိချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ဆုံးဖြတ်ပေးသွားမှာဖြစ်တယ်။ လက်တွေ့ အရတော့ ကျွန်တော်တို့တင်ပြချက်က ဒီနှစ်မှာ အဆင်ပြေချင်မှ ပြေနိုင်မယ်ဆိုတာက ပထမ အားနည်းချက်တစ်ခုက ဘာလဲဆိုတော့ အိုကေ ဒါဖြင့်ရင် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ နအဖရဲ့ ကိုယ်စားလှယ်အဖွဲ့ကို လက်မခံဘူးဆိုရင် ဘယ်သူ့ကို လက်ခံမလဲ ဆိုရင်မေးခွန်းက ပေါ်လေ တိတိကျကျ တင်ပြနိုင်တာ မရှိသေးဘူး။ အဲ့အပိုင်း တော့ အားနည်းချက်တွေရှိတယ်။ ဒီအားနည်းချက်တွေကို ဘယ်လိုပြင်သွားမလဲဆိုတာကို Movement ကြီးတစ်ခုလုံးက စဉ်းစား နိုင်အောင်တော့ ဒီလှုပ်ရှားမှုကြီးက အကျိုးပြုသွားမယ်။ သို့သော် ၂၀၀၇ ခုနှစ် သံဃာတော်များ လှုပ်ရှားမှုကြီး အပြီးမှာ ပထမ ဦးဆုံးအကြိမ် ဒီလိုမျိုးကိစ္စကို စတင်ထောက်ပြတာက ဝန်ကြီးချုပ် ဂေါ်ရန်ဘရောင်းသည် အင်္ဂလန် နိုင်ငံဝန်ကြီးချုပ်ဖြစ်တယ်။ နအဖ ဟာ တရားဝင်အုပ်ချုပ်တဲ့ အစိုးရအဖြစ် မရှိသင့်တော့ဘူးလို့ စပြောတာ သူဖြစ်တယ်။ ဆိုတော့ အဲ့လို ပြောဆိုချက် အသံကြီးဟာ တစ်ကမ္ဘာလုံးမှာ ကျယ်ပြန့်သွားနိုင်ဖို့အတွက် အခုကျင်းပမယ့် ကုသလမဂ္ဂ အထွေထွေညီလာခံကြီးမှာ စတင်တင်သွင်းတဲ့ ကြိုးပမ်းမှုပဲဖြစ်တယ်။ ချက်ချင်းအကောင် အထည်ပေါ် ခြင်မှပေါ်မယ် ဒါပေမယ့် ကြာလေ တဖြည်းဖြည်းနဲ့ တကမ္ဘာလုံးရောက်သွား နိုင်တယ်လို့ ကျွန်တော်တို့ယုံကြည်တယ်။

ဘီဘီစီ

အခုမေးစရာဖြစ်နေတာက အားနည်းချက်က ဟုတ်ပြီ ဒါဟာ လက်ခံသင့်တဲ့ အစိုးရ မဟုတ်ဘူးဆိုရင် နံပါတ်(၂) ဘယ်သူ့ကို လက်ခံမှာလဲ ဘယ်သူ့ကို ရွေးချယ်မှာလဲ အဲ့ဒါကရော ဦးကိုကိုလေးက ဘာစဉ်းစား ထားသလဲခင်ဗျ။

ဦးကိုကိုလေး

ကျွန်တော်တို့က စဉ်းစားထားရုံတင်မကဘူး ဆုံးဖြတ်ပြီးပါပြီ။ အဲ့ဒါကိုလဲ အထွေထွေ အတွင်းရေးမှူး ဘန်ကီမွန်း ထံကိုလဲ ပေးပို့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖွဲ့က ဒေါ်စန်းစန်းက လက်မှတ်ရေးထိုးပြီးတော့ သံအမတ်ကြီးအဖြစ်နဲ့ မန္တလေး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဦးကို ခန့်အပ်လွှာ ပေးပို့လိုက်ပါတယ်။ အဲ့ဒီ အကြောင်းကိုလည်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးဆီ ပေးပို့လိုက်ပါတယ်။

ဘီဘီစီ

မြန်မာ့အရေး ကမ္ဘာ့အရေးမှာဆွေးနွေးစာကတော့ ကုသလမဂ္ဂမှာ မြန်မာစစ်အစိုးရဟာ တရားဝင် ကိုယ်စားမပြုသင့်ဘူး။ မြန်မာစစ်အစိုးရကို ဖြုတ်ချရေးဖြစ်ပါတယ်။ ဒါပေမယ့်လို့ ကုသလမဂ္ဂဟာ အထူးကိုယ်စားလှယ်တွေလွှတ်ပြီးတော့ သံတမန်နည်းလမ်းအရ ဆောင်ရွက် နေတာဆိုရင် ကိုယ်စားလှယ်တွေဟာ အကြိမ်ပေါင်း ၃၀ ကျော် နေပါပြီ။ မစ္စတာ ဘန်ကီမွန်း ကိုယ်တိုင်လည်းပဲ ဒီနှစ်ကုန်ပိုင်းမှာ သွားဖို့ရှိပါတယ်။ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက် တောင်းဆို ချက်တွေကို ဘာမှမလိုက်နာဘူး။ အခုလည်းထိထိရောက်ရောက်မလုပ်နိုင်ဘူး လူထုကလည်းပဲ စိတ်ကုန်နေပြီး၊ အဲ့တော့ ကုလသမဂ္ဂ ထိထိရောက်ရောက် လုပ်နိုင်မလား အဲ့ဒါကို အကျဉ်းချုပ်ပြီးတော့ လိုရင်းကိုပြောပြပေးပါ။

ဒေါက်တာသင့်ဆွေ

ကျွန်တော်တို့ယုံကြည်မှု၊ အားကိုးမှုကတော့နည်းတယ်၊ သို့သော် ရှိနေတဲ့ ကမ္ဘာ့အခြေ အနေကြီးကိုတော့ ထိထိရောက်ရောက်နဲ့ ကျကျနန အသုံးချနိုင်ရေးတော့ ကျွန်တော်တို့ အပြင်က ပုဂ္ဂိုလ်များက ဆက်ကြိုးစားသွားကြမှာဖြစ်ပါတယ်ခင်ဗျ။

ဘီဘီစီ

ဦးအောင်ထူးကရော Credential Challenge campaign အရ ထူးထူးခြားခြား အစိုးရကို ဖယ်ရှားနိုင်ပါ့မလား။

ဦးအောင်ထူး

Credential Challenge campaign ကတော့အစိုးရကို ဖယ်ရှားရေးအတွက် အထောက်အပံ့ တစ်စုံတစ်ရာ တော်တော်များများဖြစ်မှာပါ။ ဥပမာဆိုရင် ကျွန်တော်တို့ ကမ္ဘောဒီယားမှာဖြစ်တဲ့ကိစ္စ အချို့မှာ ဖြစ်တဲ့ကိစ္စဆိုလို့ရှိရင် ယှဉ်ပြိုင်တင်လိုက်တဲ့ အတွက် ကြောင့်မို့လို့ နှစ်ဖက်လုံးကို ဘယ်သူ့ကိုမှ မပေးဘဲနဲ့ ရပ်ဆိုင်း ထားလိုက်တာမျိုးတွေရှိလာတယ်။ ပြောချင်တဲ့ အချက်ကတော့ ကုလသမဂ္ဂက ထိထိရောက်ရောက် အရေးယူနိုင်တဲ့ အချက်ဆိုရင်

ကျွန်တော်တို့ဘက်က ကြိုးပမ်းမှုလမ်းကြောင်းကိုပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ ကနေ့သွားနေတဲ့ လမ်းကြောင်းဟာ ပြည်တွင်းနိုင်ငံရေးသက်သက်ကို သွားနေတဲ့လမ်းကြောင်းကို လျော့လိုက်ပြီးတော့ နိုင်ငံတကာဥပဒေအရ အရေးယူနိုင်တဲ့ လမ်းကြောင်းမျိုးကို ပိုစဉ်းစားသင့်တယ်။

ဘီဘီစီ

ဦးကိုကိုလေး ဘက်ကရော ဒီ Credential Challenge အနေနဲ့ ကုလသမဂ္ဂ စင်မြင့်ကို သုံးပြီးတော့ပေ့ါလေ အများပြည်သူယုံကြည်မှုကိုသုံးပြီး ယုံကြည်မှုရအောင် ဘာဆက်လုပ်ကြမလဲ။

ဦးကိုကိုလေး

ဟုတ်ကဲ့ကျွန်တော်တို့ အများကြီး ပြောလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အခြေခံအားဖြင့် သိထားရမယ့် အချက်က မြန်မာပြည်မှာ နိုင်ငံရေးပြောင်းလဲမှုတွေဖြစ်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံသားတွေ အားလုံးဟာ တာဝန်ရှိတယ်။ ကျွန်တော်တို့ဟာ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေး တိုက်ပွဲအရှိန်အဟုန်တွေကိုလည်း လျော့သွားလို့မရဘူး ကျွန်တော်တို့မြှင့်တင်ရမယ် ပြည်ပမှာရောက်နေတဲ့ ကျွန်တော်တို့ အနေနဲ့က ဒီသံတမန်ရေးရာတိုက်ပွဲတွေကို မြှင့်တင်သွားရမှာ ဖြစ်တယ်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားဆဲ၊ ဖြစ်ပွားခဲ့သော စစ်အစိုးရမှ ကျူးလွန်ခဲ့သည့် လူသားမဆန်သောပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးတင်နိုင်ရေးအတွက် လုပ်ဆောင်နေသောလုပ်ငန်းစဉ်အခြေအနေများကို ရှင်းလင်းတင်ပြခြင်း

Working Team for ICC
မြန်မာနိုင်ငံရှေ့နေများကောင်စီ

တရားဥပဒေစိုးမိုးရေးအခြေခံမှ ချဉ်းကပ်စဉ်းစားချက်

ယနေ့ကမ္ဘာ့လူ့အဖွဲ့အစည်းများတွင် အာဏာရှင်စနစ်ကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကျင့်သုံးလျက်ရှိသော လူ့အဖွဲ့အစည်းအတော်များများသည် သက်ဆိုင်ရာလူ့အဖွဲ့အစည်းများအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားများလိုလားသည့် လူ့အဖွဲ့အစည်း တနည်းအားဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းများအဖြစ်သို့ အနှေးနှင့် အမြန်ဆိုသလို ပြောင်းလဲတည်ဆောက်နေကြပြီဖြစ်သည်။ ယင်းကဲ့သို့ပြောင်းလဲတည်ဆောက်ရာတွင် လွယ်လွယ်နှင့် ပြောင်းလဲတည်ဆောက်ခဲ့ကြသည်တော့မဟုတ်ပေ။ အာဏာရှင်အစိုးရများအုပ်ချုပ်ခဲ့စဉ်အခါက ၎င်းတို့ကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့ကြသော အတိတ်ကဖြစ်ပျက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုကြီးများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းကြမည်နည်းဆိုသည့် အဓိကပြဿနာရပ်ကြီးကို မလွှဲမသွေရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ အဆိုပါပြဿနာရပ်ကြီးများကို ရင်ဆိုင်ရာတွင် ယင်းအဖြစ်အပျက်ကြီးများကို မေ့ပစ်ကျေအေးပြီး နိုင်ငံတော်သစ်ကို စိတ်သစ်၊ ကိုယ်သစ်ဖြင့် တည်ဆောက်သွားကြမည်ဆိုသည့် စဉ်းစားချက်နှင့် အခြားတဖက်တွင် အဆိုပါကြီးမား ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုကြီးများကို ခိုင်လုံသည့် သက်သေခံချက်များဖြင့် ဖော်ထုတ်ပြီး အပြစ်ရှိသူများကို အပြစ်ပေးအရေးယူခြင်းသည် အနာဂတ်လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေးအခြေခံကောင်းများကို ဖော်ထုတ်ကျင့်သုံးရာ ရောက်ကြောင်း ပညာရှင်များက ထောက်ပြလာကြသည်။ ဆိုလိုရင်းမှာ အပြစ်ရှိသူများကို အပြစ်ပေးအရေးယူခြင်းသည် တရားဥပဒေစိုးမိုးရေးအခြေခံဖြစ်ပြီး၊ တဖက်မှာလည်း ၎င်းတို့ ကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့သော ကြီးမားဆိုးရွားလှသည့် လူ့အခွင့်ချိုးဖောက်မှုကြီးများကို မေ့ပစ်ကျေအေးပြီး အနာဂတ်လူ့အဖွဲ့အစည်းသစ်ကို တည်ဆောက်သွားကြမည်ဆိုလျှင် ဆုံးရှုံးနစ်နာခဲ့သူများ၏ မကျေနပ်ချက်များ၊ တရားမျှတမှုတောင်းဆိုချက်များနှင့် သာရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် မိမိတို့မြန်မာနိုင်ငံလိုမျိုး လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုမတူညီသော လူ့အဖွဲ့အစည်းများတွင် ပိုမိုရင်ဆိုင် ကြုံတွေ့ရနိုင်သည်။ အလားတူ ပြဿနာရပ်မျိုးများကို အာဏာရှင်လူ့အဖွဲ့အစည်းမှ ဒီမိုကရေစီလူ့အဖွဲ့အစည်းသို့ အသွင်ကူးပြောင်းသွားခဲ့ပြီးသော တောင်အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများတွင် လေ့လာတွေ့ရှိနိုင်သည်။

ဆိုလိုသည်မှာ အတိတ်ကာလက အုပ်ချုပ်သူအာဏာပိုင်များကိုယ်တိုင် ပါဝင်ကျူးလွန်ခဲ့ကြသော လူသားမဆန်သည့် ပြစ်မှုကြီးများကို ခိုင်လုံသည့် သက်သေခံချက်များ၊ သက်သေအထောက်အထားများကို အသုံးပြု၍ ဖော်ထုတ်ပြီး အပြစ်ပေးအရေးယူခြင်းအားဖြင့် နစ်နာဆုံးရှုံးခဲ့သူပြည်သူများအတွက် တရားမျှတမှုကို ရှာဖွေဖော်ထုတ်ပေးသွားရမည်ဖြစ်ပါသည်။ သို့မှသာ အနာဂတ်လူ့အဖွဲ့အစည်းသစ်အတွင်း ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုစသည့် ပြည်သူများ၏ ဘဝအခြေခံလိုအပ်ချက်များကို ရရှိခံစားနိုင်မည်ဖြစ်သည်။ တချိန်တည်းမှာပင် ထိုသက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း၌ တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများကို မျိုးစေ့ချဖော်ထုတ်တည်ဆောက်သွားရာလည်းရောက်မည်ဖြစ်ပါသည်။

ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် ဆိုးကျိုးများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူ့အဖွဲ့အစည်းများ အသွင်ကူးပြောင်းစဉ်ကာလနှင့် မကူးပြောင်း သေးမီကာလအတွင်း ဖြစ်ပွားခဲ့သော ကြီးမားဆိုးရွားလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုကြီးများတွင် အဓိကပါဝင်ကျူးလွန်ခဲ့ကြသည့် ပြစ်မှုကျူးလွန်သူများကို အပြစ်ပေး အရေးယူခြင်းများ မလုပ်ဆောင်ခဲ့ကြလျှင်လည်းကောင်း၊ မတရားကျူးလွန်ချိုးဖောက်ခြင်း ခံခဲ့ကြရသည့် ပြည်သူလူထုများအတွက် တစ်စုံတရာ ပြန်လည်ကုစား မှုများနှင့် တရားမျှတမှုများကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းများက ရှာဖွေဖော်ဆောင်ပေးခြင်းမရှိခဲ့လျှင်လည်းကောင်း၊ ကြီးမားသည့် ဘေးဆိုးကျိုးကြီးများစွာကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ ယင်းတို့ထဲမှ အဓိကဆိုးကျိုးမှာ ဆုံးရှုံးနစ်နာသူ ပြည်သူလူထုများအတွက် တရားမျှတမှုကို ရှာဖွေဖော်ထုတ်ပေးနိုင်မှု ကင်းမဲ့သွားခြင်းပင်ဖြစ်ပြီး၊ အခြားတဖက်တွင် အုပ်ချုပ်သူအာဏာပိုင်များက မိမိတို့၏ လုပ်ရပ်များအပေါ် အပြစ်မရှိဟု ယူဆကြပြီး နောက်ထပ်ပြစ်မှုကြီးများကို ထပ်ကာဆက်၍ ကျူးလွန်ကြဦးမည်ဖြစ်သည်။ ဤသို့ဖြင့် လူ့အဖွဲ့အစည်းအတွင်း မလိုလားအပ်သည့် ပြဿနာရပ်ကြီးများ ထပ်မံပေါ်ပေါက်လာကာ တရားဥပဒေစိုးမိုးမှုအခြေခံများ ဆိတ်သုဉ်း ကင်းမဲ့သွားမည့် အခြေအနေဆိုးကြီးများကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာနည်းလမ်းများ

ယင်းပြဿနာရပ်ကြီးများအပေါ်တွင် ကိုယ်တွယ်ဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများစွာရှိသည့်အနက်က တရားဥပဒေစိုးမိုးရေးအခြေခံရှုထောင့်မှ အဓိကထား ရှင်းလင်းချက်ပေးလိုပါသည်။ ဒီမိုရေစီစနစ်ကို ကျင့်သုံးလျက်ရှိသော (သို့) ကျင့်သုံးနိုင်ရန်ကြိုးပမ်းအားထုတ်နေကြသော နိုင်ငံတော်တော်များများသည် မိမိတို့လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပွားဆဲ၊ ဖြစ်ပွားခဲ့သော ကြီးမားဆိုးရွားလှသည့် လူ့အခွင့် အရေးချိုးဖောက်မှုကြီးများအပြင်၊ အစိုးရနှင့် ပြည်သူများအကြားဖြစ်ပွားလျက်ရှိသော အထွေထွေပြဿနာရပ်များကိုပါ တရားဥပဒေ စိုးမိုးရေးအခြေခံမှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နေကြပြီဖြစ်ပါသည်။ သာဓကအားဖြင့် မိမိတို့မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ ယနေ့နိုင်ငံရေးအပြောင်းအလဲကို ပြုလုပ်သည့် အဓိက အစိတ်အပိုင်းမှာ ထိုင်းနိုင်ငံ၏ လွတ်လပ်သောတရားစီရင်ရေးပင်ဖြစ်သည်ကို မည်သူကမှ အငြင်းပွားမှု တစုံတရာ မလုပ်ခဲ့ကြပါ။ ဆိုလိုသည်မှာ ဖော်ပြပါပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် လွတ်လပ်သော ပြည်တွင်းတရားစီရင်ရေးမှုများကို လက်ကိုင်ပြု၍ မိမိတို့သက်ဆိုင်ရာလူ့အဖွဲ့အစည်းအတွင်း တရားမျှတမှုကို ရှာဖွေကျင့်သုံး

သွားခြင်းပင်ဖြစ်သည်။ ဤနေရာတွင် ထောက်ပြစရာအချက်တခုရှိလာနိုင်ပါသည်။ အကယ်၍ ဆူဒန် နိုင်ငံလိုမျိုး၊ မိမိတို့၏ မြန်မာနိုင်ငံလိုမျိုး ပြည်တွင်းတရားစီရင်ရေးယန္တရားများက တရားမျှတမှုကို ရှာဖွေဖော်ထုတ်ပေးရန်အတွက် မစွမ်းဆောင်နိုင်တော့သည့်အခါ(သို့) အုပ်ချုပ်ရေးအာဏာပိုင်များ၏ လွှမ်းမိုးချုပ်ကိုင်မှုကြောင့် မလွတ်လပ်တော့သည့်အခါ အခက်အခဲရှိလာနိုင်ပါသည်။ ထိုအခက်အခဲများကို ကိုင်တွယ်ဖြေရှင်းသွားရန်နှင့် သက်ဆိုင်ရာ တိုင်းပြည်များအတွင်း **စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်**[၁] ဖြစ်ပွားခဲ့သည့် လူသားမဆန်သော ပြစ်မှုကြီးများအတွင်းပါဝင်ကျူးလွန်ခဲ့ကြသူများကို တိုင်တန်းအရေးယူ အပြစ်ပေးနိုင်ရန်အတွက် **နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီး**[၂] ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ သက်ဆိုင်ရာ နိုင်ငံများအတွင်း ဖြစ်ပွားခဲ့၊ ဖြစ်ပွားနေသော ယင်းပြစ်မှုကြီးများကို ထိုလူ့အဖွဲ့အစည်းအတွင်းရှိ တရားစီရင်ရေး ယန္တရားများမှ ရှာဖွေဖော်ထုတ်ပေးနိုင်မှုကင်းမဲ့နေမှုများအတွက် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးတွင် တိုင်တန်းအရေးယူခြင်းအားဖြင့် နစ်နာဆုံးရှုံးခဲ့သူ ပြည်သူလူထုများအတွက် တရားမျှတမှုကို ရှာဖွေဖော်ထုတ်ပေးသွားနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမိတ်ဆက်

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို ဖွဲ့စည်းတည်ထောင်ရသည့် အဓိကအခြေခံ အကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို တရားဥပဒေစိုးမိုးရေးအခြေခံမှ ရှာဖွေသွားရန်နှင့် နိုင်ငံတကာလူသားချင်းဆိုင်ရာ ဥပဒေများအား ပြင်းထန်စွာ ချိုး ဖောက်သူများကို တရားစွဲဆိုနိုင်ရန်ရည်ရွယ်ချက်များဖြင့် ၁၉၉၈ ခုနှစ် ဇွန် နှင့် ဇူလိုင်လအတွင်းတွင် နိုင်ငံပေါင်း (၁၆၀)မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည့် အစည်းအဝေးကြီးကို အီတလီနိုင်ငံ ရောမမြို့တွင်ကျင်းပခဲ့ကြသည်။ ယင်းအစည်းအဝေးကြီးက **တည်မြဲသော နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကြီး**[၃] တစ်ခုကို ဖွဲ့စည်းတည်ထောင်ရန်နှင့် **လူမျိုးတုံးသတ်ဖြတ်မှု**[၄]၊ **လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှု**[၅]၊ **စစ်ရာဇဝတ်မှု**[၆] စသည့် ရာဇဝတ်မှုခင်းကြီးများကို စုံစမ်းစစ်ဆေးရန်နှင့် ပြင်းထန်စွာ ကျူးလွန်ခဲ့သူများကို ယင်းတရားရုံးကြီးမှနေ၍ အပြစ်ပေးအရေးယူသွားရန် ၁၉၉၈ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့တွင် သဘောတူညီမှုရရှိခဲ့ကြသည်။ ယင်းသဘောတူညီချက်များအရ ၂၀၀၂ ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင် နိုင်ငံတကာတရားရုံးကြီးကို စတင်အတည်ပြုတည်ထောင်ခဲ့သည်။ ယင်းတရား ရုံးကြီးကို နယ်သာလန်နိုင်ငံ ဟိတ် (The Hague)မြို့တွင် ပုံမှန်ထားရှိပြီး ပြစ်မှုကြီးများ ဖြစ်ပွားရာနေရာ၊ ဒေသများတွင်လည်း သင့်လျော်သလို ရုံးစိုက်ခွင့်ရှိကြောင်း သတ်မှတ်ခဲ့ကြသည်။

အဖွဲ့ဝင်နိုင်ငံများ

ယခုလက်ရှိ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးကို လက်မှတ်ရေးထိုးအတည်ပြုပြီးသော နိုင်ငံစုစုပေါင်းမှာ (၁၀၈) နိုင်ငံရှိရာ အာရှတိုက်မှ နိုင်ငံပေါင်း (၁၄) နိုင်ငံ၊ အာဖရိကနိုင်ငံမှ နိုင်ငံပေါင်း (၃၀)၊ အနောက် ဥရောပနိုင်ငံ များမှ (၂၅) နိုင်ငံ၊ အရှေ့ဥရောပနိုင်ငံပေါင်း (၁၆) နိုင်ငံ၊ လက်တင်အမေရိကနိုင်ငံမှ နိုင်ငံပေါင်း (၂၃) နိုင်ငံ ပါဝင်ခဲ့ပြီးဖြစ်ပါ သည်။

တရားသူကြီးများခန့်အပ်ရွေးချယ်ခြင်း

ယင်းတရားရုံးကြီးတွင် တရားသူကြီး (၁၈) ဦးကို ရွေးချယ်ခန့်ထားရာ အမျိုးသမီး၊ အမျိုးသားအချိုးကျ ပါဝင်မှုကို ဦးစားပေးရွေးချယ်ခန့်ထားသည်။ တရားသူကြီးများ၏ အမည်စာရင်းများနှင့် ၎င်းတို့၏ နိုင်ငံကိုယ်စားပြုမှု၊ ကမ္ဘာ့ဒေသကြီးများ ကိုယ်စားပြုမှုမှာ အောက်ပါ အတိုင်းဖြစ်သည်။

No	Name	Nationality	Regional Group
1.	Judge Philippe Kirsch (President of the ICC)	Canada	WEOG
2.	Judge Akua KUENYEHIA (First Vice-President)	Ghana	African States
3.	Judge Rene BLATTMANN (Second Vice-President)	Bolivia	GRULC
4.	Judge Georghios M. PIKIS	Cyprus	Asian States
5.	Judge Elizabeth ODIO Benito	Costa Rica	GRULAC
6.	Judge Navanethem PILLAY	South Africa	Arrican Atates
7.	Judge Sang-Hyun SONG	Republic of Korea	Asian States
8.	Judge Hans-Peter KAUL	Germany	WEOG
9.	Judge Mauro POLITI	Italy	WEOG
10.	Judge Erkki KOURULA	Finland	WEOG
11.	Judge Fatoumata Demvele DIARRA	Mali	African States
12.	Judge Anita USACKA	Latvia	Eastern Europe
13.	Judge Sir Adrian FULFORD	United Kingdom	WEOG
14.	Judge Sylvia STEINER	Brazil	GRULAC
15.	Judge Ekaterina TRENDAFILOVA	Bulgaria	Eastern Europe
16.	Judge Daniel David Ntanda NSEREKO	Uganda	African States
17.	Judge Fumiko SAIGA	Japan	Asian States
18.	Judge Bruno COTTE	France	WEOG

WEOG - Western European and Others Group of States

GRULAC - Latin America and Caribbean Group of States

တရားသူကြီး၏ အရည်အချင်းများ

တရားသူကြီးများ၏ အရည်အချင်းများမှာ နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေများ၊ ရာဇဝတ်ကျင့်ထုံးများ၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို ပြင်းထန်စွာဆန့်ကျင်ချိုးဖောက်သော မှုခင်းကြီးများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရာတွင် အထူးတလည်ကျွမ်းကျင်ပြီး၊ အတွေ့အကြုံရှိသော ဥပဒေပညာရှင်များဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

စစ်ဆေးစီရင်နိုင်သောမှုခင်းကြီးများနှင့် တရားဝင်ကိုင်တွယ်စစ်ဆေးစီရင်ခြင်း

နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးက စစ်ဆေးစီရင်နိုင်သော မှုခင်းကြီးများမှာ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ ရောမပြဋ္ဌာန်းဥပဒေ၊ အပိုဒ်(၅) အရ –

(၁) လူမျိုးတုံးသတ်ဖြတ်မှု

(၂) လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သောပြစ်မှု

(၃) စစ်ရာဇဝတ်မှု တို့ဖြစ်သည်။

ယင်းမှုခင်းကြီးများဖြစ်ပွားလာလျှင် မည်သူမဆိုတိုင်ကြားနိုင်သော်လည်း တရားဝင်ကိုယ်တွယ်စစ်ဆေး စီရင်ရာတွင်မူ နည်းလမ်း (၃) မျိုးက ခွင့်ပြုမှသာ လက်ခံစဉ်းစားပြီး စစ်ဆေးစီရင်နိုင်သည်။ ယင်းကဲ့သို့ လက်ခံစဉ်းစားရာတွင်လည်း တရားရုံးကြီးကို တရားဝင်အတည်ပြုတည်ထောင်ခဲ့သည့် (၂၀၀၂) ခုနှစ် ဇူလိုင်လနောက်ပိုင်း ဖြစ်ပွားသည့်မှုခင်းကြီးများကိုသာ လက်ခံစဉ်းစားသည်။ ၎င်းနည်းလမ်း (၃) မျိုးအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး၏ ရောမပြန်ဋ္ဌာန်းဥပဒေအပိုဒ် (၁၃) အရ အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

တရားရုံးသည် ပုဒ်မ (၅) ၌ ဖော်ပြထားသော ပြစ်မှုတစ်ခုခုနှင့် ပတ်သက်၍ အောက်ဖော်ပြပါအခြေအနေများ၌ ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ၎င်း၏စီရင်ပိုင်ခွင့်ကို ကျင့်သုံးမည်။

(က) ကျူးလွန်သည်ဟု ယူဆရသော ပြစ်မှုတစ်ခုကို (သို့) ထို့ထက်ပိုသော ပြစ်မှုများကို ပုဒ်မ (၁၄) အရစာချုပ်ဝင်နိုင်ငံများမှ တရားစွဲဆိုသူထံသို့ လွှဲပြောင်းပေးသည့်အခြေအနေ၊

(ခ) ကျူးလွန်သည်ဟုယူဆရသော ပြစ်မှုတစ်ခုကို (သို့) ထို့ထက်ပိုသောပြစ်မှုများကို ကုလသမဂ္ဂ၏ ဖွဲ့စည်းပုံဥပဒေ အခန်း (၇) အရ အမှုထမ်းနေသော လုံခြုံရေး ကောင်စီမှ တရားစွဲဆိုသူထံသို့ လွှဲ ပြောင်းပေးသည့်အခြေအနေ (သို့မဟုတ်)

(ဂ) ဤသို့သောပြစ်မှုမျိုးနှင့် ပတ်သက်၍ တရားစွဲဆိုသူမှ ပုဒ်မ (၁၅) နှင့် အညီ စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်သည့်အခြေအနေ စသည်တို့ဖြစ်ပြီး၊

ပြစ်မှုထင်ရှားကြောင်း စီရင်စစ်ဆေးတွေ့ရှိခဲ့လျှင် ချမှတ်နိုင်သောအမြင့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ်နှစ် သုံးဆယ် (၃၀) သို့မဟုတ် တသက်တကျွန်းဒဏ်များဖြစ်သည်။

မြန်မာနိုင်ငံတွင်းမှ ကြီးမားသည့် လူသားမဆန်သောပြစ်မှုကြီးများ

အထက်တွင်ဖော်ပြခဲ့သော ပြစ်မှုကြီးများကို နိုင်ငံတကာတရားရုံးသို့ တိုင်းကြားနိုင်ရန်အတွက် ယင်းပြစ်မှုကြီးများကို စုံစမ်းစစ်ဆေးရာတွင် ပြစ်မှုကျူးလွန်သူများက **စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်** လုပ်ဆောင်ခဲ့သည်ကို သက်သေအထောက်အထား ခိုင်လုံစွာနှင့် တင်ပြနိုင်ရန်လိုအပ်ပါသည်။ ယင်းကိစ္စရပ်နှင့် ဆက်စပ်သုံးသပ်ကြည့်လျှင် ယနေ့မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ကြီးမားဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုကြီးများ

သည် ရိုးရိုးသာမာန် မှုခင်းကြီးများမဟုတ်ဘဲ နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ[၇]နှင့် နိုင်ငံတကာ လူသားချင်းဆိုင်ရာ ဥပဒေများ[၈] ပါ ပြဋ္ဌာန်းချက်များကို ပြင်းထန်စွာ ချိုးဖောက်နေကြခြင်း ပင်ဖြစ်သည်။ ယင်းမှုခင်း ကြီးများ၌ နအဖ စစ်အစိုးရအာဏာပိုင်များ ကိုယ်တိုင်ပါဝင်ခဲ့ပြီး **စနစ်တကျနှင့် ကျယ်ကျယ် ပြန့်ပြန့်** ကျူးလွန်ခဲ့ကြောင်းကိုလည်းတွေ့ရသည်။ ထို့ကြောင့် နအဖ စစ်အစိုးရအာဏာ ပိုင်များအား ယင်းကြီးမားဆိုးရွားလှသည့် ပြစ်မှုကြီးများအတွက် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတွင် စွဲချက်တင်အရေးယူနိုင်ရန်အတွက် သက်သေခံ ချက်များစွာဖြင့် တင်ပြတိုင်ကြား နိုင်ရန် လွန်စွာမှအရေးကြီးသည်။

မြန်မာနိုင်ငံအတွင်း ၂၀၀၂ ခုနှစ် နောက်ပိုင်းဖြစ်ပွားခဲ့သော နအဖစစ်အစိုးရအာဏာပိုင် များကိုယ်တိုင် ပါဝင်ကျူးလွန်ခဲ့သော ဆိုးဝါးလှသည့် ပြစ်မှုကြီးများထဲမှ သာဓကအချို့ကို

ထုတ်နုတ်တင်ပြရလျှင် ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့က ဖြစ်ပွားခဲ့ သော ဒီပဲယင်းလုပ်ကြံ သတ်ဖြတ်မှု ကြီး၊ ၂၀၀၇ ခုနှစ်ကဖြစ်ပွားခဲ့သည့် သံဃာတော်များဦးဆောင်သည့် ရွှေဝါရောင် လူထုလှုပ်ရှားမှုကြီး၊ ၂၀၀၈ ခုနှစ်အတွင် ဖြစ်ပွားခဲ့သော နာဂစ်သဘာဝမုန်တိုင်းကြီးကြောင့် အတိဒုက္ခရောက်ခဲ့ကြသော ပြည် သူလူထုများအပေါ် လျစ်လျူရှု ခဲ့ခြင်းများအပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသားနယ်မြေများ၌ စစ်အစိုးရ၏ လက်နက်ကိုင် စစ်တပ်များက ဒေသခံပြည်သူများ အပေါ် ကျူးလွန်ခဲ့မှုများနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးအပါအဝင်အထင်ကရ နိုင်ငံရေးခေါင်းဆောင်များ၊ ၈၈ ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ များနှင့် အကျဉ်းကျခံ နိုင်ငံရေး အကျဉ်းသားများအား နှစ်ရှည် ထောင်ဒဏ်ကြီးများ ချမှတ်ခြင်း စသည်တို့သည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ဥပဒေပါပြဋ္ဌာန်း ချက် ပြစ်မှုကြီးများဖြစ်သော လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်ကျူး လွန်သောပြစ်မှုကြီးများကို စနစ် တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်

ကျူးလွန်နေကြခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ ပြင်းထန်စွာ ချိုးဖောက်ခဲ့၊ ချိုးဖောက်ဆဲဖြစ်သော ပြစ်မှုကြီးများအတွင်း ဆုံးရှုံးနစ်နာသူပြည်သူလူထုများအတွက် တရားမျှတမှုကို

ရှာဖွေဖော်ဆောင်ပေးရန်အတွက် နိုင်ငံတကာပြစ်မှုဆိုင်ရာ ရောမ ဥပဒေပါပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံအတွင်း ပြည်တွင်းတရား စီရင်ရေးယန္တယားများက **မစွမ်းဆောင်နိုင်ခြင်းနှင့် တွန့်ဆုတ်နေသော**[၁၀] အခြေအနေကိုလည်းရောက်ရှိနေပြီဖြစ် သည်။ အကြောင်းမှာ မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းတရားစီရင်းယန္တယားများသည် နအဖ စစ်အစိုးရအာဏာပိုင်များ၏ ထိန်းချုပ်မှုအောက်တွင်ရောက်ရှိနေခြင်းကြောင့် ၎င်းတို့ကိုယ်တိုင် ပါဝင်ကျူးလွန် ခဲ့သော ပြစ်မှုကြီးများကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွင် တိုင်ကြားအရေးယူသွားရမည်ဖြစ်သည်။ သို့မှသာ ဆုံးရှုံးနစ်နာသူ ပြည်သူလူထုတစ်ရပ်လုံးအတွက် တရားမျှတမှုကို ရှာဖွေပေးနိုင်မှာဖြစ်ပြီး ပြန်လည်ကုစားပေးမှုများကိုလည်းလုပ် ဆောင်ပေးနိုင်မှာ ဖြစ်သည်။ တချိန်တည်းမှာပင် အနာဂတ်လူ့အဖွဲ့အစည်းသစ်အား ပြောင်းလဲတည်ဆောက်ရာတွင် ဥပဒေစိုးမိုးရေးအခြေခံကောင်းများကို ရှာဖွေဖော်ထုတ်တည်ဆောက်သွားခြင်းလဲဖြစ်သည်။

မြန်မာနိုင်ငံတွင်းဖြစ်ပွားဆဲ၊ ဖြစ်ပွားနေသော ပြစ်မှုကြီးများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ လှုပ်ရှားမှုများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွင်း ဖြစ်ပွားဆဲ၊ ဖြစ်ပွားခဲ့သော ပြစ်မှုကြီးများနှင့် ပတ်သက်၍ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးသို့ တိုင်ကြားအရေးယူရန် ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ယင်းသို့လုပ်ဆောင်သင့်ကြောင်းကို နိုင်ငံတကာအားပေး တိုက်တွန်း လုပ်ဆောင်လျက်ရှိရာ –

– ၂၀၀၇ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ဩစတေးလျနိုင်ငံ လေဘာ (လက်ရှိအစိုးရ) ပါတီက ဆူဒန်နိုင်ငံ ကိစ္စလိုမျိုး မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ ဆိုးရွားတဲ့ပြစ်မှုကြီးများနှင့်ပတ်သက်၍ နိုင်ငံတကာတရားရုံးကို တင်သင့်ပြီဖြစ်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့၊

– ၂၀၀၇ ခုနှစ် ဇွန်လတွင် အိုင်စီအာစီအဖွဲ့ကြီးက နအဖစစ်အစိုးရသည် နိုင်ငံတကာလူသားချင်းဆိုင်ရာ စာနာထောက်ထားသည့်ဥပဒေများကို ချိုးဖောက်တဲ့မှုခင်းကြီးတွေကို ကျူးလွန်နေခြင်းပင်ဖြစ်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့၊

– ၂၀၀၈ ခုနှစ် မေလ၌ ဥရောပသမဂ္ဂပါလီမန်ကြီးက မြန်မာနိုင်ငံအတွင်း နာဂစ်ဆိုင်ကလုံးကြီးဖြစ်ပွားခဲ့ တာနှင့်ပတ်သက်၍ မုန်တိုင်းဒဏ်သင့်ပြီး ဒုက္ခရောက်ကြသည့် ပြည်သူလူထုများအပေါ် နအဖ စစ်အစိုးရ၏ တာဝန်မဲ့စွာ လျစ်လျူရှုခဲ့မှုများ

အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေတဆင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးကို လွှဲပြောင်းပေးအပ် အရေးယူသွားရန်အတွက် မိမိတို့ဥရောပသမဂ္ဂ နိုင်ငံများ အားလုံးကို တိုက်တွန်းသွားမည်ဟု ဆုံးဖြတ်ချက်တခုချမှတ်ခဲ့၊

– ၂၀၀၈ ခုနှစ် မေလတွင် Amnesty International ဟုခေါ်သည့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက မြန်မာနိုင်ငံအရှေ့ပိုင်း တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သည့်ပြစ်မှုကြီးများမှာ နိုင်ငံတကာပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်မှုကြီးဖြစ်သည့် **လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သည့် ပြစ်မှုများ** ဖြစ်သည်ဟု အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့၊

အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားဆဲ၊ ဖြစ်ပွားခဲ့သော ကြီးမားဆိုးရွားလှသည့် ယင်းလူသားမဆန်သောပြစ်မှုကြီးများကို မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် ၂၀၀၃ ခုနှစ် ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်ပွားပြီးချိန်မှစတင်၍ ယနေ့ချိန်ထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ ထိုကိစ္စအပေါ် တစိုက်မတ်မတ်ဆက်လက်လုပ်ဆောင်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် BLC's Working Team for ICC ဟုခေါ်သည့် အဖွဲ့ဝင် (၄) ဦးပါ သီးခြားအလုပ်အဖွဲ့ငယ်လေးကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ငယ်လေးသည် အဓိကလုပ်ငန်းစဉ် (၃)ရပ်ကို ချမှတ်အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိ သည်။ ယင်းတို့မှာ

၁။ ဥပဒေပညာရပ်ပိုင်းဆိုင်ရာ

၂။ သက်သေခံချက်များစုဆောင်းခြင်း

၃။ ပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းများ စသည်တို့ဖြစ်ပါသည်။

ယင်းလုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်ရာတွင် မိမိတို့မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် လုပ်ဆောင်လျက်ရှိသလို နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည်။

* Working Team for ICC *

ဥပဒေပညာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိတို့မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် အမေရိကန်အခြေစိုက် Global Justice Center (GJC) ဟုခေါ်သော နိုင်ငံတကာအဖွဲ့အစည်းကြီးဖြင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်။

၎င်းအပြင် နိုင်ငံတကာဆက်စပ်အဖွဲ့အစည်းကြီးများ၊ တသီးပုဂ္ဂလ ဥပဒေပညာရှင်ကြီးများ၊ ပြည်တွင်း၊ ပြည်ပရှိ ဆက်စပ်အဖွဲ့အစည်းများနှင့်လည်း ပူးတွဲလုပ်ဆောင်ခြင်းနှင့် ယင်းကဲ့သို့ ပူးတွဲလုပ်ဆောင်သွားရန်အတွက် လည်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သက်သေခံချက်များစုဆောင်းခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ ဥပဒေပါ သက်သေခံချက် ဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း စုဆောင်းသိမ်းဆည်းလျက်ရှိသည်။ ယင်းသို့ သက်သေခံချက်များစုဆောင်းရာတွင် **စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်** လုပ်ဆောင်လျက်ရှိကြောင်းတင်ပြနိုင်ရန်အတွက် အနိမ့်ဆုံးအခြေခံ အကြောင်းအရာ (၃) ရပ် ပေါ်တွင် စုဆောင်းသိမ်းဆည်းလျက်ရှိရာ –

၁။ ပြစ်မှုကြီးများအလိုက်စုဆောင်းသိမ်းဆည်းခြင်း
(ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီး၊ ရွှေဝါရောင်လူထုလှုပ်ရှားမှု –––––––)

၂။ ပထဝီအနေအထားအလိုက် သိမ်းဆည်းခြင်း
(ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း ––––––)

၃။ နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၏ ပုဒ်မခွဲများအလိုက်သိမ်းဆည်းခြင်း (သတ်ဖြတ်မှုကြီးများ၊ ညင်းပန်းနှိပ်စက်မှုများ၊ အတင်းအဓမ္မဖမ်းဆီးမှုများ –)

ဖော်ပြပါအကြောင်းအရာများအလိုက် လိုအပ်သောသတင်းအချက်အလက်နှင့် မှတ်တမ်းကို စုဆောင်း ရာ၌ **Networking for Human Rights Documentation – Burma (ND-Burma)** ဟု ခေါ်သော အဖွဲ့အစည်းကြီးနှင့် ပူးတွဲလုပ်ဆောင်လျက်ရှိသည်။ **(ND-Burma)** အဖွဲ့အစည်းကြီးသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စနစ်တကျကောက်ယူမှတ်တမ်းတင်နေသည့် အဖွဲ့ဝင်အဖွဲ့ အစည်း (၁၂) ဖွဲ့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကြီးဖြစ်သည်။ ထို့ပြင်သက်ဆိုင်ရာ အကြောင်းအရာ များအလိုက် စိတ်ဝင်စားသည့် အခြားဆက်စပ်အဖွဲ့အစည်း (သို့) လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ပညာပေးခြင်းဆိုင်ရာလုပ်ငန်းများနှင့် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ လုပ်ငန်းများတွင်လည်း ရေဒီယိုနှင့် ဂျာနယ်များအပါအဝင် သတင်းမီဒီယာများ၊ ရုပ်မြင်သံကြား အစီအစဉ်များ၊ အခါအားလျော်စွာပြုလုပ်သော သင်တန်းများ၊ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ချပြဆွေးနွေးခြင်း၊ သင်ကြားပို့ချပေးခြင်းများကို မြန်မာနိုင်ငံရှေ့နေများကောင်စီမှ မိမိတို့အဖွဲ့ငယ်လေးအနေဖြင့် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ယင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အခြားအဖွဲ့အစည်းများနှင့်လည်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယခုလက်ရှိ အဓိက လက်တွဲလုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများမှာ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုဌာနချုပ်အပါအဝင် ယင်းအဖွဲ့ချုပ်၏ နိုင်ငံတကာရောက် ဌာနခွဲများနှင့်လည်း ဆက်စပ်လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။ အထူးသဖြင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီး၏ စာချုပ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဂျပန်၊ ကိုရီးယားနိုင်ငံများအပြင် ကနေဒါ၊ သြစတြေးလျား၊ အင်္ဂလန် စသည့် ဥရောပ နိုင်ငံကြီးများ ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဌာနခွဲများနှင့် ဆက်စပ်လုပ်ဆောင် လျက်ရှိသည်။

နိဂုံးချုပ်အကြံပြုတိုက်တွန်းချက်

နအဖ စစ်အစိုးရ အုပ်ချုပ်ရေးအာဏာပိုင်များကိုယ်တိုင် **စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်** ပါဝင်ကျူးလွန်ခဲ့သော ဆိုးရွားလှသည့် ဖော်ပြပါပြစ်မှုကြီးများအတွင်း ကျူးလွန်းခြင်း ခံခဲ့ရသော ဆုံးရှုံးနစ်နာသူပြည်သူလူထုများအတွက် တရားမျှတမှုကို ရှာဖွေဖော်ဆောင် ပေးခြင်းနှင့် ယင်းကဲ့သို့ပြစ်မှုကြီးများ ထပ်မံမဖြစ်ပွားအောင် တားဆီးကာကွယ်သွားရန် လုပ်ဆောင်လျက်ရှိသော ဤလုပ်ငန်းစဉ်ကြီးသည် တစထက်တစအရှိန်ရလာပြီဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြီးအောင်မြင်နိုင်ရန်အတွက် လုပ်ဆောင်ရာတွင် ဥပဒေရေးရာရှုထောင့် တခုတည်းဖြင့် လုပ်ဆောင်၍ မရနိုင်ပေ။ နိုင်ငံရေး၊ သံတမန်ရေး၊ နိုင်ငံတကာဖိအား၊ ပြည်တွင်း၊ ပြည်ပရှိအဖွဲ့အစည်းများနှင့် ပြည်သူလူထုများ၏ သံပြိုင်ညီညီထောက်ခံမှုများရရှိမှသာ တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းများနှင့် ပြည်သူလူထုများအနေဖြင့် မိမိတို့နှင့်အတူ ပူးပေါင်းလက်တွဲလုပ်ဆောင်ကြပါရန်နှင့် မြန်မာနိုင်ငံ အတွင်းရှိပြည်သူလူထုများအနေဖြင့် မိမိတို့ကိုယ်တိုင် **စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်** ကျူးလွန်းခြင်းခံနေရသော ဆိုးရွားလှသည့်ပြစ်မှုကြီးများကို ခိုင်လုံသည့်သက်သေခံချက်များ၊ သက်သေအထောက်အထားများဖြင့် ဝိုင်းဝန်းလက်တွဲဖော်ထုတ်သွားကြပါရန် အကြံပြုတိုက်တွန်းလိုက်ပါသည်။

(Endnotes)

[1] Systematic and Widespread
[2] The International Criminal Court
[3] The permanent of the International Criminal Court
[4] The Crime of Genocide
[5] Crimes against Humanity
[6] War Crimes
[7] Rome Statute of the International Criminal Court
[8] Rome Statue of the International Criminal Court
[9] International Humanitarian Laws
[10] Inability and Unwillingness

ကုလသမဂ္ဂရဲ့ အထွေထွေညီလာခံကို တက်ရောက်ဖို့ ရောက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့ရဲ့ အရည်အသွေးကို စိန်ခေါ်ခြင်း

လူ့ထုဆက်ဆံရေးနှင့်မှတ်တမ်းဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ဗိုလ်ခိုင်အေး

ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မြန်မာစစ်အစိုးရကို တရားမဝင် အစိုးရအဖြစ် ကြေငြာဖို့ စိန်ခေါ်လှုပ်ရှားမှုပေါ့နော်။ Credential challenge ကို နိုင်ငံတကာဥပဒေနဲ့ ကိုက်ညီအောင်ဘယ်လိုဆောင်ရွက်မလဲရှင့်။

ဦးသိန်းဦး

အဓိကအချက်ကတော့ အပိုင်း (၂)ပိုင်းရှိပါတယ် ပထမ အပိုင်းကတော့ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီးတော့ ကုလသမဂ္ဂကို တက်တဲ့နေရာမှာ ဒီ Credential ကော်မတီဆိုတာ ရှိပါတယ်။ အဲ့ဒီကော်မတီကို ကျွန်တော်တို့တင်သွင်းရပါတယ်။ တင်သွင်းတဲ့အခါမှာ တက်လာတဲ့ ကိုယ်စားလှယ်သည် စစ်မှန်တဲ့ ကိုယ်စားလှယ်မဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ သူတို့ရဲ့တက်ရောက်ခွင့်ကို အသိအမှတ်မပြုပါနဲ့လို့ တင်သွင်းတဲ့အခါမှာ တင်သွင်းတဲ့လျှောက်လွှာပေါ်မှာစဉ်းစားပါတယ်။ လျှောက်လွှာကတင် သွင်းလိုက်တယ်ဆိုလို့ရှိရင် တင်သွင်းလိုက်တဲ့ လျှောက်လွှာပေါ်မှာ ဘယ်လောက်ထိ မှန်ကန်မှုရှိသလဲ မရှိဘူးလဲ ဆိုတာ Credential ကော်မတီမှာ ပထမဆုံးဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့အခါကျမှ ကော်မတီထဲမှာ ဆုံးဖြတ်ပါတယ်။ ဒီကော်မတီထဲမှာ ကျွန်တော်တို့ ဆီကနေပြီးတော့ ဒီလိုတင်လာတဲ့ လျှောက်လွှာက နိုင်ငံတစ်နိုင်ငံထဲရဲ့ ကိုယ်စားလှယ် နိုင်ငံတစ်နိုင်ငံရဲ့အစိုးရအဖွဲ့၊ သူ့ရဲ့ကိုယ်စားလှယ်ကို စိန်ခေါ်လာပြီဆိုလို့ရှိရင် အဲ့ဒီစိန်ခေါ်တဲ့လျှောက်လွှာပေါ်မှာ အခြေခံပြီးတော့ ဒီကော်မတီက ဆုံးဖြတ်ရပါတယ်။ ဆုံးဖြတ်ပြီးတဲ့အခါမှာ ဒီဟာကို အရေးယူသင့်တယ်ဆိုပြီးတော့ ဆုံးဖြတ်တယ်ဆိုလို့ရှိရင် အဲ့ဒါကို အထွေထွေညီလာခံကြီးမှာ မဲခွဲဆုံးဖြတ်ပြီးတော့ ဒီကိစ္စကို ကျွန်တော်တို့စဉ်းစားဆောင်ရွက်ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီပထမ တစ်ဆင့်ကို ဖြတ်သန်းဖို့အတွက် Credential challenge လို့ခေါ်တဲ့ စိန်ခေါ်မှုကော်မတီကို ကျွန်တော်တို့ တင်သွင်းလိုက်တာ ဖြစ်ပါတယ်။

ဗိုလ်ခိုင်အေး

တကယ်လို့ကုလသမဂ္ဂမှာ မြန်မာစစ်အစိုးရရဲ့နေရာကိုဖယ်ရှားလိုက်မယ်ဆိုလို့ရှိရင် ဘယ်လိုမျိုးရလာဒ်တွေ ရနိုင်မလဲရှင့်။

ဦးသိန်းဦး

ပထမဦးဆုံးအချက်ကတော့ ကျွန်တော်တို့ဒီမြန်မာပြည်သူလူထုပေါ့နော်။ ကျွန်တော်တို့ဒီခံစား ချက်တွေကို တင်ပြနိုင်တဲ့ အနေအထားမျိုးရလာမှာဖြစ်ပါတယ်။ တနည်းအားဖြင့် ပြောမယ်ဆိုရင် မြန်မာနိုင်ငံ အတွင်းမှာ ၁၉၉၀ရွေးကောက်ပွဲရလဒ်အရ ရွေးကောက်ပွဲမှာ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေရှိပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေရှိတဲ့ အခါကျတော့ ၉၀ ခုနှစ်ရွေးကောက်ပွဲ ရလာဒ်ကို တစ်နည်းမဟုတ် တစ်နည်း အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ဒီလိုကျွန်တော်တို့ လူထုရဲ့ဆန္ဒကို မျက်ကွယ်ပြုတဲ့အတွက် မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စဖြစ်ပါတယ်။ ဆိုတော့ အဲ့လိုလုပ်ခြင်းအားဖြင့် နအဖကို ၉၀ ခုနှစ်ရွေးကောက်ပွဲ ပြုလုပ်ပြီးတော့ ဒီလိုကိစ္စမျိုးကို မဆောင်ရွက်ဘူး ဆိုလို့ရှိရင် ဒီဟာက ပြည်သူကို မျက်ကွယ်ပြုတဲ့ အစိုးရပြည်သူကို မလေးစားတဲ့ အစိုးရဖြစ်တယ် ဒါကြောင့်မို့ ဒါကို လက်မခံပါနဲ့ သူတို့ဟာ မြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်မဟုတ်ပါဘူးလို့ပြောခြင်းအားဖြင့် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ရလာဒ်ကို တစ်စုံတစ်ရာ အကောင်အထည်ဖော်နိုင်မယ့် ဖော်ပေးရမယ့် အနေအထားမျိုးဖြစ်လာနိုင်တယ် အဲ့ဒီအပြင် မြန်မာ စစ်အစိုးရကလည်းပဲ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ကိုယ်စားပြုပြီးတော့ ဆောင်ရွက်နိုင်တဲ့ အစိုးရမဟုတ်ဘူးဆိုတာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဖြစ်နေတဲ့ နိုင်ငံရေး ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတဲ့နောက်မှာ ဖြေရှင်းနိုင်မယ့် နည်းလမ်း ရှိလာရမှာဖြစ်ပါတယ်။ အဲ့တော့ ရှာဖွေနိုင်ဖို့အတွက်က နအဖစစ်အစိုးရဟာ မြန်မာနိုင်ငံရဲ့ တရားဝင်ကိုယ်စားလှယ်မဟုတ်ဘူး၊ တရားဝင်စစ်အစိုးရ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့တင်သွင်း တာဖြစ်ပါတယ်။

ဗိုဒ်ဓော

ဟုတ်ကဲ့ တဆက်တည်းမေးချင်တာက အခုလိုမျိုး ဆရာတို့လုပ်ရှားမှုမှာ အဝေးရောက်ညွန့်ပေါင်း အစိုးရပေါ့နော် NCGUB နဲ့ သဘောထားကွဲလွဲမှုတွေရှိတယ်လို့ကြားရရင် ဘယ်အချက်တွေအပေါ်မှာများ သဘောထားကွဲလွဲမှုတွေဖြစ်တာပါလဲရှင်။

ဦးသိန်းဦး

ပထမဆုံးအချက်က သဘောထားကွဲလွဲတယ်ဆိုတာ အဲ့ဒါမဟုတ်ပါဘူး။ NCGUB ကထောက်ခံပါတယ်။ ထောက်ခံတဲ့အကြောင်းလည်း တရားဝင်စာထွက်ပြီးတော့ ကြေငြာချက်ထွက်ပြီး ထောက်ခံထားတာပါ။ ဒါပေမယ့် ဘယ်သူကနေပြီးတော့ ဒီဦးဆောင်မှုအခန်းကဏ္ဍကိုယူပြီး တင်မလဲဆိုတဲ့ အပိုင်းမှာပဲ ကျွန်တော်တို့ ညှိရ နှိုင်းရတဲ့အနေအထားဖြစ်ပါတယ်။ အဲ့လိုညှိရနှိုင်းရတဲ့ အခါမှာ ကျွန်တော်တို့ဆွေးနွေးတဲ့ အခါကျတော့ ဘာဖြစ်လာသလဲဆိုတော့ NCGUB ကတင်တာထက်စာလို့ရှိရင် MPU က ပိုပြီးတော့ သင့်တော်တယ်လို့ NCGUB ရဲ့ ဝန်ကြီးချုပ်ကရော အဲ့လိုယူဆပါတယ်။ ယူဆတဲ့အတွက်ကြောင့်မို့လို့ ဒီနောက်ဆုံးညှိတဲ့အခါကျတော့ တကယ်လို့ NCGUB အနေနဲ့တင်မယ်ဆိုလို့ရှိရင်လဲတဲ တင်လို့ရပေမဲ့လည်း MPU နဲ့တင်တာ ပိုပြီးတော့ ကောင်းတယ်။ NCGUB မှာက သူ့ရဲ့အခြားနိုင်ငံများနဲ့ ဆက်ဆံထားတဲ့ ကိစ္စတွေမှာ Credential challenge နဲ့ပတ်သက်ပြီးတော့ ကြိုတင်ပြီး ရှင်းပြခဲ့တာမရှိဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကြိုတင်ရှင်းပြခဲ့တာမရှိဘူး။ အချိန်ကလည်းကပ်နေတယ် ဒါကြောင့်မို့လို့ ဒီကိစ္စတွေမှာ MPU ကနေဦးဆောင်လို့ရှိရင် ပိုပြီးတော့ သင့်တော်မယ်လို့

ညှိနှိုင်းတဲ့အခါမှာ အဖြေရပါတယ်။ အဲ့ဒါကြောင့်မို့လို့ NCGUB ကမတင်သွင်းသည့်တိုင် အောင် MPU ကနေပြီးတော့ ကျွန်တော်တို့တင်သွင်းလိုက်တာ ဖြစ်ပါတယ်။

မြဲခိုင်ဒေ

အခုလိုပြည်ပမှာလှုပ်ရှားတဲ့ လှုပ်ရှားမှုထဲမှာပေါ့နော် ကျွန်မမေးချင်တာက ၂ ပိုင်းပေါ့ တစ်ပိုင်းက ဆရာတို့လှုပ်ရှားမှုကို နိုင်ငံတကာမှာ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေကြသူတွေ ရဲ့ဘယ်လောက်ထောက်ခံမှု ရသလဲပေါ့နော်။ နောက်တစ်ခုက နိုင်ငံတကာရဲ့ ထောက်ခံမှုပေါ့ ဆရာတို့ဘယ်လောက်ရထားပြီးပြီလဲ။

ဦးသိန်းဦး

ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တင်ပြခဲ့သလိုပဲ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက် ကတည်းက ကြိုတင်ပြင်ဆင်ပြီးတော့ ဖြစ်နိုင်ခြေတွေနဲ့ နိုင်ငံတကာအတွေ့အကြုံတွေကို လေ့လာ ခဲ့ပါတယ်။ လေ့လာခဲ့တာနဲ့ ပတ်သက်ပြီးတော့ အခြားနိုင်ငံတွေကိုလည်းဆွေးနွေးခဲ့တာ ရှိပါတယ်။ သေချာဆွေးနွေးတယ်။ ကျွန်တော်တို့ ကိုယ်တိုင်သွားပြီး သေချာဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ဆိုတော့ ပြည်တွင်းပြည်ပ ထောက်ခံမှုမှာ အဓိကကတော့ ပြည်ပထောက်ခံမှုဆိုတာ ပြည်တွင်းလှုပ်ရှားမှုအပေါ်မှာ အခြေခံတယ်လို့ နားလည်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အားကိုးတာကတော့ ပြည်ပနိုင်ငံတွေမဟုတ်ပါဘူး။ ပြည်တွင်းမှာရှိတဲ့ ပြည်သူလူထုပါပဲ။ အဲ့တော့ ပြည်တွင်းမှာရှိတဲ့ ပြည်သူလူထုက ပြန်ကြည့်မယ်ဆိုလို့ရှိရင် ၂၀၀၃ ဒီပဲယင်းအရေး အခင်းပြီးကတည်းက နိုင်ငံတော်က ဦးဆောင်တဲ့ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့တဲ့ ဒေါ်အောင်ဆန်း စုကြည်တို့ကို သတ်ဖို့အထိ ကြိုးစားခဲ့တယ်။ ၂၀၀၇ ခုနှစ်စက်တင်ဘာမှာဖြစ်ခဲ့တဲ့ ရွှေဝါရောင် တော်လှန်ရေး မှာလဲဘဲ ငြိမ်းချမ်းစွာဆန္ဒပြ တဲ့သံဃာတော်တွေကို အတင်းအဓမ္မ ဖိနှိပ်ပြီးတော့ ဖြိုခွင်းခဲ့တယ်။ အဲ့ဒီအပြင်နာဂစ်မုန်တိုင်းကိစ္စမှာလဲဘဲ လူထုရဲ့အကျိုးစီးပွားထက် စစ်တပ် အကျိုးစီးပွားကို ဦးတည်ပြီးတော့ လူထုကိုရရှိစေမယ့် အထောက်အပံ့တွေ ရိက္ခာတွေကို ဖြတ် တောက်ခဲ့တယ်။ လူတွေသိန်းချီပြီးသေခဲ့တာကို မသိကျိုးကျွန်ပြုနေခဲ့တယ်။ လူတွေသန်းချီပြီး အိုးမဲ့ အိမ်မဲ့ ဖြစ်တာ ကိုမသိကျိုးကျွန်ပြုခဲ့တယ်။ ဒါတွေက လူထုကမခံနိုင်တဲ့ကိစ္စတွေဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲအပေါ်မှာ အခြေခံတာမဟုတ်ဘဲနဲ့ လူထုရဲ့လက်ရှိအနေအထားအရ ခံစားရနေရတဲ့ အခြေအနေပေါ်မှာ တင်တာဖြစ်ပါတယ်။

(မှတ်ချက်။ ။အာထက်ပါဆောင်းပါးသည် ဒီမိုကရက်တစ်မြန်မာ့အသံမှ ၁၀၊ ၉၊ ၀၈ နေ့တွင် မေးမြန်းထုတ်လွှင့်ချက်ကို ပြန်လည်တင်ပြခြင်းဖြစ်သည်။)

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

(အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆောင်းပါးများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများ ကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ရေးသားပြုစုကာ ဒီမိုကရာက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ပြီးသော အခြေခံဥပဒေရေးရာဆောင်းပါးများကို ခွင့်ပြုချက်ဖြင့်ပြန်လည် တင်ပြခြင်းဖြစ်သည်။)

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
[ပထမပိုင်း]

သတ်မှတ်ထားတဲ့ အတိုင်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ကျင်းပရေးအတွက် နအဖက အကြီးအကျယ်ပြင်ဆင်နေတဲ့အချိန်မှာ နိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ၊ ငွေကြေးထောက်ပံ့တဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံရေးအခြေခံရှိတဲ့ လူထုတွေ အကြားထဲမှာ ဒီရွေးကောက်ပွဲကို ဘယ်လို သဘောထားသင့်တယ် ဆိုတာနဲ့ပတ်သက်ပြီး ငြင်းခုံဆွေးနွေးမှုတွေ သဲသန်ပြင်းထန်နေဆဲ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်ရဲ့ ပြတ်သားတဲ့ ရပ်တည်ချက်နဲ့ ပြည်တွင်း၊ ပြည်ပက လူထု အဖွဲ့ အစည်းတွေရဲ့ ဝေဖန် ကန့် ကွက်မှုတွေကြောင့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကြီး ဂမ်ဘာရီ ကိုယ်တိုင် လေသံနည်းနည်းပြောင်းလာတယ် လို့ ကြားရပါတယ်။ စက်တင်ဘာ ၁၈ ရက်နေ့တုံးက သူ့အနေနဲ့ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲကို ထောက်ခံခြင်း မပြုကြောင်း ပြောဆိုခဲ့တယ်လို့ သိရတယ်။ စက်တင်ဘာလ ၂၇ ရက်နေ့ မှာတော့ စင်္ကာပူ နိုင်ငံခြားရေးဝန်ကြီး ဂျော့ရိုး က ၂၀၁၀ ရွေးကောက်ပွဲဟာ နိုင်ငံတကာ တရားဝင်မှု မရှိဘူးလို့ ထောက်ပြခဲ့တယ်။

ဒီလိုနိုင်ငံတကာက လေသံတွေ အနည်းအကျဉ်းပြောင်းလဲလာစ ပြုလာပြီး ၂၀၁၀ ရွေးကောက်ပွဲကို အသိအမှတ် မပြုရေး အခြေအနေပေါ်လာတဲ့ တချိန်ထဲမှာ ၂၀၁၀ ရွေးကောက်ပွဲကို အသိအမှတ်ပြုပြီး လုပ်ရှားသွားဖို့ ပြင်ဆင်မှုတွေလဲ တွေ့ရပါတယ်။ အဲဒီ အထဲက တရပ်ကို တင်ပြရမယ် ဆိုရင်တော့ နှစ်ပေါင်းဆယ်စုနှစ် အချို့ကြာတဲ့ အထိ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရေးအတွက် ဦးတည်ကြိုးပမ်းခဲ့တဲ့ အစဉ်အလာရှိတဲ့ ရှမ်းခေါင်းဆောင် တဦးဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးမဟုတ် စစ်မှန်တဲ့ ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်တယ်လို့ လူထုကို ရှင်းပြပြီး ဦးဆောင်လှုပ်ရှားခဲ့သူတွေထဲမှာ တဦးအပါအဝင်ပါပဲ။ ဒီ ပုဂ္ဂိုလ်ကြီး ဦးဆောင်လို့ တိုင်းရင်းသား နိုင်ငံရေး ပါတီ တရပ်တည် ထောင်ပြီး ရွေးကောက်ပွဲ ဝင်သွားဖို့ ပြင်ဆင်နေကြောင်း သတင်းကြားရတဲ့ အတွက် နှလုံးစိတ်ဝမ်း မချမ်းမြေ့စွာ ခံစားမိပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကာလ အတွင်းတုန်းက တောင်ကြီးပြည်နယ် ဘောလုံးကွင်းကြီးမှာ ပရိသတ် တသိန်းကျော် တက်ရောက်မယ့် လူထုအစည်းအဝေးပွဲကြီးအတွက် ဟောပြောမယ့်ပုဂ္ဂိုလ်တွေနဲ့ အကြောင်းအရာ တွေကို ကြိုတင် ညှိခဲ့ကြတာကို ပြန်ပြီး အမှတ်ရမိတယ်။ အဲဒီတုံးက တိုင်းရင်းသား အခွင့်အရေးတွေ ကို လူထု နားလည်အောင်လို့ ဖက်ဒရယ် ကိစ္စကို ဟောပြောမယ်လို့ ပြင်းပြင်းထန်ထန် အဆိုပြုခဲ့သူကတော့ ဒီခေါင်းဆောင်ကြီးပါဘဲ။ ရှမ်းပြည်နယ်မှာ ဖက်ဒရယ်ရေးရာဆရာကြီးအဖြစ် နာမည် အင်မတန်ကြီးတဲ့ တောင်ကြီး ဦးထွန်းမြင့်ကတောင် ဒီအချိန်ဟာ ဖက်ဒရယ်ကိစ္စတွေ ဟောပြောရမယ့် အချိန်မဟုတ်၊ ဒီမိုကရေစီကို ဇောင်းပေးပြောဆိုရမယ့် ကာလဖြစ်တယ်၊ အချိန်မဟုတ်သေးတာကြောင့် ဖက်ဒရယ်ကိစ္စကို မပြောရင် ပိုကောင်းမယ်လို့ကန့်ကွက်ခဲ့တယ်။ ဒါပေမယ့် မရပါဘူး။ မလျော့တမ်းဆက်ပြီး တောင်းဆိုခဲ့တာကြောင့် အားလုံးက သူ့ကို လိုက်လျောပြီး ဖက်ဒရယ်ကိစ္စ ဟောပြောခွင့် ပြုခဲ့ရတာပါ။ တကယ်ဟောပြောခဲ့တဲ့ အခါမှာ ဖက်ဒရယ် အကြောင်းကို အသေအချာ မသိသေးတဲ့ ထောင်နဲ့ချီတဲ့ လူထုတွေက **လာပြန်ပြီလားကွ ခွဲထွက်ရေး** လို့ရေရွတ်မြည်တမ်းပြီး ထပြန်သွားခဲ့ကြတဲ့ ရှုခင်းကို မမေ့သေးပါဘူး။ ဘယ်လိုဘဲဖြစ်ဖြစ် စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်တဲ့ ဖက်ဒရယ်အပေါ်မှာ စွဲမြဲတဲ့ ဒီရှမ်းခေါင်းဆောင်ကြီးကို လေးစားမပျက်ခဲ့ပါဘူး။

ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် မဆုတ်မနစ် ကြိုးစားစွမ်းဆောင်သွားခဲ့တဲ့ လေးစားဖွယ်ကောင်းတဲ့ ရှမ်းခေါင်းဆောင် နောက်ထပ်တဦးကတော့ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ရဲ့ သား ကွယ်လွန်သူ ဒေါက်တာ ကျောက်ဇန်းယောင်ဝေ ပါဘဲ။ တိုင်းရင်းသား လူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပေါ် အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်ခဲ့တာကြောင့် ကနေ့ပြန်ကြည့်လိုက်တဲ့အခါ တိုင်းရင်းသားတကယ့်အများစုကြီးရဲ့ဘဝဟာ တိရိစ္ဆာန်သာသာအဆင့်ကို ကျရောက်နေခဲ့ရပြီး ဖြစ်တဲ့အကြောင်း ကျောက်ဇန်းယောင်ဝေက အစည်းအဝေးကြီးတခုမှာ ဆို့နင့်ကြေကွဲစွာ ရင်ဖွင့်သွားခဲ့တာကို အမှတ်ရနေဆဲပါ။

ဖက်ဒရယ် ပြည်ထောင်စုဆိုတာဘာလဲလို့ ကျောက်ဇန်းယောင်ဝေက သာမန်လူတွေ နားလည်အောင် ရိုးရိုးကလေး ဥပမာပေးခဲ့တယ်။ သူက ဖက်ဒရယ်ပြည်ထောင်စုကို ရွာကလေး တရွာသဖွယ် တင်စားရှင်းပြသွားခဲ့တယ်။ အဲဒီ ရွာထဲမှာ အိမ်ကြီးကြီးတွေရှိသလို၊ အိမ်လတ်လတ်၊ ငယ်ငယ်ကလေးတွေလည်း ရှိကြမယ်။ သူ့ခြံဝင်း တွေနဲ့ သူနေကြမယ်။ ကြီးတဲ့ ခြံဝင်းလဲ ရှိမယ်။ ငယ်တဲ့ ခြံဝင်းလဲ ရှိမယ်။ ဒါပေမယ့် ဘယ်လိုဘဲဖြစ်ဖြစ်၊ ကြီးတဲ့ခြံဝင်းမှာ နေတဲ့သူလဲ ကြီးတဲ့ အလျောက်၊ ငယ်တဲ့ ခြံဝင်းမှာနေတဲ့သူလဲ ငယ်တဲ့ အလျောက်၊ သူ့အတိုင်းအတာကလေးနဲ့ သူ၊ သူ့ဝင်း သူ့ခြံကလေးထဲမှာ လွတ်လွတ်လပ်လပ်နဲ့ သီးပင်စားပင် ကလေးတွေ စိုက်မလား၊ စိုက်ခွင့် ရှိမယ်။ ဝက်ကလေး၊ ကြက်ကလေးမွေးမလား၊ မွေးခွင့်ရှိမယ်၊ သူ့အိမ်တွင်းအလိုက် သင့်တင့်လျောက်ပတ်တဲ့ လုပ်ငန်းကလေးတွေ လုပ်မလား လုပ်ခွင့်ရှိမယ်။ တအိမ်နဲ့ တအိမ်၊ တခြံနဲ့ တခြံ အပြန်အလှန်လေးစားပြီး ငြိမ်းချမ်းညီညွတ်စွာ သည်ရွာကလေးထဲမှာ အတူတကွ စုပေါင်းနေကြမယ်။ အဲဒါဟာ ဖက်ဒရယ်ပြည်ထောင်စုပါပဲတဲ့။

ကျောက်ဇန်းယောင်ဝေဟာ သူမျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာတာကို မတွေ့လိုက်ရဘဲနဲ့ ကွယ်လွန်သွားခဲ့ရှာပါပြီ။ ဒါပေမယ့် သူ့အတွေး၊ သူ့အယူအဆ၊ သူ့မျှော်မှန်းချက်တွေကို ဆက်လက်ဆုပ်ကိုင်တိုက်ပွဲဝင်နေကြတဲ့ တိုင်းရင်းသားပေါင်းစုံ လူငယ်တွေ ပြည်ထောင်စုတဝှမ်းမှာ အမြောက်အများရှိနေဆဲပါဘဲ။ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုတ်မြစ်ချထားတာဟာ ဖက်ဒရယ်ပြည်ထောင်စု လုံးဝ မဟုတ်ပါဘူး။ ဗဟိုချုပ်ကိုင်မှု အတင်းကြပ်ဆုံး ဖော်ဆောင်ထားတဲ့ တပြည်ထောင်စနစ် အတိအကျဖြစ်ပါတယ်။ ဒါကို သိသိကြီးနဲ့ ဒီစနစ်ထဲဝင်ပြီး မျောလိုက်သွားဖို့ ခတ်ကွင်းပြင်နေတဲ့ အချို့သော တိုင်းရင်းသား ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေကို အခုအချိန်မှာ ကျောက်ဇန်းယောင်ဝေသာ မြင်လိုက်မိရင် ဘယ်လောက်များ ရင်ကွဲ ရှာပါလိမ့်မလဲ။

မြန်မာနိုင်ငံက စစ်အာဏာရှင်တွေဟာ အပေါ်ယံမှာ ရွှေမှုန်ကြဲ၊ အတွင်းမှာ ပုပ်ပျက်ဆွေးမြေ့နေတဲ့ စနစ်တရပ်ကို တည်ဆောက်ပြီး ဖိနှိပ်အုပ်ချုပ်တတ်သူတွေ ဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ခဲ့တာတွေ၊ ဆိုရှယ်လစ်စနစ် အတုဖြစ်တဲ့ အညမညအတွေးအခေါ်ကို ဖြန့်ဖြူးခဲ့တာတွေ၊ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲအတည်ပြု ခဲ့တာတွေဟာ စနစ်တရပ်ကို တည်ထောင်ဖန်တည်းပြီး အုပ်ချုပ်ခဲ့တာဖြစ်တယ်။ ချဉ်ပတ်အိုးထဲ ကျသွားတဲ့ ဘယ်ဟင်းရွက်မဆို ချဉ်သွားသလို အဲဒီစနစ်ထဲကို ရောက်သွားခဲ့ရင် ဘယ်သူမဆို စနစ်ရဲ့အစိတ်အပိုင်းအဖြစ်နဲ့ အလုပ်အကျွေးပြုခဲ့ရတာချည်းပါဘဲ။ အဲဒီတုန်းက ကျင့်သုံးခဲ့တာက ဆိုရှယ်လစ်ဆိုင်းဘုတ် တပ်ထားတဲ့ စစ်အာဏာရှင် စနစ်ပါ။ အဲဒီ စနစ်ထဲ မျောလိုက်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရင်း တိုင်းပြည်ကောင်းအောင် ကြိုးစားသွားမယ်ဆိုတဲ့ နိုင်ငံရေးခေါင်းဆောင်ဆရာကြီး အတော်များများဟာ စနစ်ဆိုးကို အထောက်အကူပြုပေးတဲ့အခန်းကသာ ကပြအသုံးတော်ခံခွင့် ရသွားခဲ့ကြတယ်။ ချဉ်ပတ်အိုးထဲ သက်ဆင်းခဲ့ရတဲ့ ဘဝကို ရောက်သွားခဲ့ကြရတယ်။

အခုလဲ နအဖ က ဒီမိုကရေစီ ဆိုင်းဘုတ်တပ်ထားပြီး စစ်အာဏာရှင်စနစ်ကို မြန်မာနိုင်ငံမှာ ရာသက်ပန် ကျင့်သုံးနိုင်ဖို့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံကို ဗဟိုပြုလို့ နောက်ထပ်စနစ်တရပ်ကို ဖန်တည်းတည်ထောင်ဖို့ ကြိုးစားနေပြန်ပါပြီ။ ဒီ စနစ်ဟာ ပိုပြီး ပုပ်ဟောင်နံစော်တဲ့ ချဉ်ပတ် အိုးကြီးနဲ့အလားသဏ္ဍာန် တူပါတယ်။ အဲဒီ ချဉ်ပတ်အိုးထဲ ခုန်ဆင်းပြီး ကဇော်သမားတွေနဲ့အတူ ချဉ်ပတ်ရည်ကို သွားသောက်မယ် ဆိုရင်တော့ ကိုယ်ပါ ချဉ်သွားဖို့သာ ရှိပါတယ်။ တကယ်တော့ ချဉ်ပတ်အိုးရဲ့ အပြင်မှာ မားမားရပ်၊ တုတ်ကြီးကြီးကိုင်ပြီး အဲဒီ ချဉ်ပတ်အိုးကြီးကို အားကုန်ရိုက်ခွဲဖို့သာ ရှိပါတယ်။

စနစ်ရဲ့ အတွင်းပိုင်းကနေဝင်တိုက်ဖို့ ကြိုးစားတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေး ပါတီထောင်ပြီး ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြင်ဆင်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ စဉ်းစားခွင့်ရအောင် လက်ရှိထိုင်းလွှတ်တော် အတွေ့အကြုံနဲ့ နှိုင်းယှဉ်တင်ပြပါရစေ။ ထိုင်းနိုင်ငံ ဒီမိုကရက်တစ်ပါတီက လွှတ်တော်အမတ်တဦးဟာ အမတ်အဖြစ်ကနေ စွန့်လွှတ်လာခဲ့ပြီး ထိုင်းအစိုးရ ဌာနချုပ်ရုံးကိုသိမ်း၊ ထိုင်းအစိုးရကို အဆက်မပြတ်ဆန္ဒပြနေတဲ့ ချမ်မလောင်းခေါင်းဆောင်တဲ့ လူထု ဒီမိုကရေစီတပ်ပေါင်းစုနဲ့ လုံးဝပူးပေါင်းသွားပါတယ်။ သူ ဘာကြောင့် ဒီလိုလုပ်ရတယ် ဆိုတဲ့အပေါ် ရှင်းပြချက်ကို လေ့လာကြည့်ပါ။ ထိုင်းလွှတ်တော်ထဲမှာ ဝန်ကြီးချုပ်ဟောင်း ဆမတ်ဦးဆောင်ခဲ့တဲ့ပြည်သူ့စွမ်းအားပါတီနဲ့ အခြားမဟာမိတ် နိုင်ငံရေးပါတီတွေ ပေါင်းလိုက်ရင် အမတ်ဦးရေ စုစုပေါင်းရဲ့ ငါးပုံ သုံးပုံရှိနေသတဲ့။ ဒီအမတ်တွေရဲ့ အများစုကြီးဟာ မဲဝယ်ပြီး ရွေးကောက်ခံရသူတွေ ဖြစ်သတဲ့။ သည်လူတွေက ဦးဆောင်ပြီး အစိုးရဖွဲ့ထားတာဖြစ်သတဲ့။ လွှတ်တော်ထဲမှာ အတိုက်အခံ ဒီမိုကရက်ပါတီက ငါးပုံနှစ်ပုံရှိနေသတဲ့။ ဒါပေမယ့် တခုခုအရေးကြီးတာကို ဆုံးဖြတ်တဲ့ အခါတိုင်းမှာ မဲဝယ်ပြီး ရွေးကောက်ခံရတဲ့ နည်းနဲ့ အာဏာယူထားတဲ့ အမတ်တွေက အများစု နေရာယူထားတာ ကြောင့် စနစ်ကြီးကို ပြောင်းဖို့ ဘာမှလုပ်လို့ မရဘူးတဲ့။ ဒါကြောင့် လူထုဒီမိုကရေစီတပ်ပေါင်းစုနဲ့ ပူးပေါင်းပြီး ဒီစနစ်ကြီးလုံးဝပြောင်းအောင် တိုက်ပွဲဝင်ရတာ ဖြစ်သတဲ့။ သည်လို ရှင်းပြခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံပြီး တည်ဆောက်ထားတဲ့ နိုင်ငံရေးစနစ်အောက်မှာ နိုင်ငံရေးပါတီထောင်၊ ရွေးကောက်ပွဲဝင်၊ လွှတ်တော်ထဲမှာ အမတ် အဖြစ်နဲ့ စနစ်ပြောင်းဖို့ ကြိုး စားတယ်ဆိုတာ အဓိပ္ပါယ် ရှိပါသေးတယ်။ ဘာကြောင့်လဲ ဆိုတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲမှာ လူထုတွေ လွတ်လပ်စွာ စုဝေးခွင့်အပါ အဝင် အခြေခံအခွင့်အရေး အတော်များများကို အာမခံ ချက်ပေးထားတယ်။ လူထုတွေ ရဲ့ အခြေခံအခွင့်အရေးတွေကို မထိပါးဖို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကိုင်ပြီး လွှတ်တော် ထဲမှာ ဆွေးနွေးခွင့်ရတယ်။ နအဖ ရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ အခွင့်အရေး မှန်သမျှကို ကျင့်သုံးလို့ မရတော့အောင်ကို ကန့်သတ်ချက်ကြီးကြီးတွေနဲ့ ထိန်းချုပ်ထားတယ်။

ထိုင်းနိုင်ငံရဲ့ဖွဲ့စည်းပုံမှာ တရားစီရင်ရေးလွတ်လပ်ခွင့်ကို အပြည့်အဝ အာမခံချက်ပေးထားတာကြောင့် လူထုတွေက တရားစီရင်ရေး ယန္တရားကိုအားကိုးပြီး ကိုယ့်အခွင့်အရေး

ကိုယ်ကာကွယ် တိုက်ပွဲဝင်နိုင်တယ်။ နအဖ ရဲ့ ဖွဲ့စည်းပုံမှာတော့ တရားစီရင်ရေး တခုလုံးကို အုပ်ချုပ်ရေးအောက်မှာ ထားရှိတာဖြစ်တဲ့အတွက် ဘာတခုမှ အားကိုးလို့ ရနိုင်မှာ မဟုတ်ဘူး။ ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဖို့ ကြိုးစားခဲ့တဲ့ ဦးခွန်ထွန်းဦးခေါင်းဆောင်တဲ့ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်တွေကို ထောင်ဒဏ် (၇၅) နှစ်ကနေ (၁၀၆) နှစ်အထိ ချမှတ်ပြီး နအဖ အကြိုက်လိုက်လုပ်ပေးခဲ့တဲ့ တရားစီရင်ရေးရဲ့ အခြေအနေဟာ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံကို အတည်ပြု ကျင့်သုံးသွားမယ်ဆိုရင် ပိုဆိုးလာဖို့သာရှိပြီး ကောင်းဖို့ နည်းနည်းက လေးမျှမရှိနိုင်ဘူး။ ဒါကြောင့် နအဖရဲ့ စနစ်အတိုင်းမျှောလိုက်ပြီး နိုင်ငံရေးပါတီထောင်၊ ၂၀၁၀ ရွေးကောက်ပွဲ ဝင်သွားလို့ကတော့ တိုင်းရင်းသားအခွင့်အရေးဆိုတာ ဝေလာဝေး ဖြစ်မှာပါဘဲ။

ရှမ်းအမျိုးသား ခေါင်းဆောင်ကြီး ကျောက်ဇန်းယောင်ဝေရဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရွာကလေးဥပမာ နဲ့ပြောရရင် ကိုယ့်ခြံဝင်းကလေး၊ ကိုယ့်အိမ်ကလေးနဲ့ ပြည်ထောင်စု ရွာကလေးထဲမှာ နေချင်ကြတာက တိုင်းရင်းသားတွေရဲ့ ဆန္ဒပါ။ နအဖရဲ့ ဖွဲ့စည်းပုံအရ ကိုယ့်အိမ်ကလေးပေါ်မှာ ဘယ်ကလာမယ်မှန်း မသိတဲ့ စစ်ဗိုလ်တစုကို အိမ်ဦး ခန်းမှာ တင်ကျွေးထားရတော့မှာဖြစ်တယ်။ ဒီ စစ်ဗိုလ်တွေက ကိုယ့်သမီးပျိုကို မုဒိမ်းကျင့်ဘို့ ကြိုးစားနေတာကို လက်ပိုက်ကြည့်နေရတော့မယ့် အနေအထားဖြစ်တယ်။ ဒီလို ရာဇဝတ်မှုတွေ မတရားမှုတွေ ကျူးလွန်တဲ့နေရာမှာ အမိန့်ပေး တာဝန်ခံထားတဲ့ တိုင်းပြည်ရဲ့ အုပ်ချုပ်မှု အာဏာပိုင် သမတ ကို ဘယ်တရားရုံးမှာမှ တရားစွဲခွင့် မရှိစေရဘူးလို့ နအဖ ဖွဲ့စည်းပုံ ပုဒ်မ ၂၁၅ မှာ အတိအလင်း ပြဋ္ဌာန်းထားပြန်ပါတယ်။ သည့်လို ဖွဲ့စည်းပုံမျိုးနဲ့ တိုင်းရင်းသား အခွင့် အရေးတွေကို ကာကွယ်ပြဋ္ဌာန်းနိုင်ဘို့ တိုက်ပွဲဝင်ခဲ့တာလားလို့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းမှန်သမျှကို မေးရမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
[ဒုတိယပိုင်း]

နအဖ ရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားအခွင့်အရေး ရှုဒေါင့်ကနေ သုံးသပ်ရရင် ပုဒ်မ(၆)မှာဖော်ပြထားတဲ့ အခြေခံမူတွေကနေ စရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မူ(၆)ရပ်အနက် **ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး** ဆိုတဲ့ မူနှစ်ရပ်ဟာ တိုင်းရင်းသား အခွင့်အရေးနဲ့ တိုက်ရိုက်သက်ဆိုင်လို့ပါဘဲ။

ဒီ မူနှစ်ရပ်ကို အသေအချာလေ့လာကြည့်ပါ။ သာမန်အားဖြင့်ဆိုရင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဆိုတဲ့ ကိစ္စတွေဟာ ကောင်းတာတွေဘဲလို့ ဘယ်သူမဆို မှတ်ယူကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် သည်နေရာမှာတော့ မကောင်းတဲ့ ကိစ္စတွေ ဖြစ်သွားပါတော့တယ်။ နအဖ ရဲ့ဖွဲ့စည်းပုံထဲမှာ အဲသလိုထည့်သွင်း ပြဋ္ဌာန်းလိုက်တာဟာ တိုင်းရင်းသားတွေ အတွက်သာမက တတိုင်းပြည်လုံးအတွက်ပါ မကောင်းတာတွေ ဖြစ်လာတော့မယ်လို့ နိမိတ်ဖတ်လိုက်ရာရောက်ပါတယ်။ ဘာကြောင့်လဲဆိုတာ တင်ပြပါရစေ။

ကမ္ဘာ့နိုင်ငံ အသီးသီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ရေးဆွဲကြတဲ့ နေရာမှာ ယေဘုယျလက်ခံကျင့်သုံးကြတဲ့ စံထားချက် တွေ့ရှိပါတယ်။ အဲဒီ အထဲက တရပ်ကတော့ ဖွဲ့စည်းပုံမှာ ပြဋ္ဌာန်းပါရှိတဲ့ စကားလုံးတွေဟာ တတ်နိုင်သမျှ မင်္ဂလာရှိဖို့နဲ့ အမင်္ဂလာစကားလုံး အသုံးအနှုန်းတွေကို မသုံးစွဲမိအောင် သတိထားဖို့ပါ။ **ပြိုကွဲ** တယ် ဆိုတဲ့ အသုံးအနှုန်းဟာ အမင်္ဂလာ ဖြစ်ပြီးတော့ **တည်ဆောက်တယ်** ဆိုတဲ့ အသုံးအနှုန်းဟာ မင်္ဂလာ ဖြစ်ပါတယ်။ ဒါဖြင့်ရင် နအဖ ဟာ မင်္ဂလာရှိတဲ့ အခြေခံ၊ အပြုသဘောရှုဒေါင့်ကနေ **ပြည်ထောင်စု တည်ဆောက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တည်ဆောက်ရေး** ရယ်လို့ ဘာကြောင့် မသုံးနှုန်းတာလဲ။ အမင်္ဂလာအခြေခံ၊ အပျက်သဘော ရှုဒေါင့်ကနေ **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး** ရယ်လို့ ဘာကြောင့်သုံးနှုန်းထားတာလဲ။ ဒါဟာ ရှောင်တခင်ဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ စီစဉ်တကျ လုပ်ကြံပြီး ထည့်သွင်း ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီ လုပ်ကြံပြဋ္ဌာန်းထားချက်ရဲ့ နောက်ကွယ်မှာရှိတဲ့ မြှုပ်ထားတဲ့ ရည်ရွယ်ချက်ကို ရှာဖွေကြည့်ဘို့လိုပါလိမ့်မယ်။

တကယ်တော့ မြန်မာနိုင်ငံအတွင်းက လူထုအများစုကြီးဟာ ထမင်းလုံး တစ္ဆေခြောက်ခံထားရတဲ့ ဘဝကို ရောက်နေကြရသလိုပါဘဲ။ ပြည်ထောင်စုပြိုကွဲတော့မယ်လို့များ ခြိမ်းခြောက်ခံလိုက်ရရင် အစီစိကို အရှင်လတ်လတ်ရောက်ရတော့မယ့် ပုဂ္ဂိုလ်လို ထိတ်လန့် ခြောက်ခြားသွားပါတော့တယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲနေပြီ ဆိုတဲ့ အသံကို ကြားလိုက်ရရင် ဝမ်းနည်းလို့ မဆုံးကြတော့ပါဘူး။ လူထုတွေရဲ့ သည်အားနည်းချက်ကို သွားလေသူ အာဏာရှင် ဗိုလ်ချုပ်ကြီးနေဝင်းက စတင် အသုံးချခဲ့တာပါ။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းခဲ့စဉ်တုံးက အဓိက

အကြောင်းပြချက်ဟာအဲသည်အချက်ဘဲဖြစ်ပါတယ်။ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် တပ်မတော်က ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ဘို့ အာဏာသိမ်းလိုက်ရတာ ဖြစ်တယ် ဆိုတဲ့ အချက်ကို ထိုစဉ်တုန်းက အကြိမ်ပေါင်းများစွာ လူထုကို ရှင်းပြခဲ့တယ်။ မင်္ဂလာမရှိတဲ့ စကားလုံးကို အာဏာသိမ်းအကြောင်းပြချက် အနေနဲ့ သုံးစွဲခဲ့တာ ဖြစ်တယ်။ **ပြည်ထောင်စုကြီး ချောက်ထဲကျခါနီး လက်တလုံးအလို** ဆိုတဲ့ စကားလုံးကိုတောင် သုံးခဲ့ပါသေးတယ်။ ပိုပြီး မင်္ဂလာမရှိတဲ့ စကားလုံးပါဘဲ။

မင်္ဂလာရှိတဲ့ စကားလုံးကိုသုံးရင် မင်္ဂလာရှိတဲ့ အလုပ်တွေကို လုပ်ကြရမှာပါ။ ပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့စကားလုံးကိုသုံးရင် ပြည်ထောင်စုအတွင်းမှာနေထိုင်ကြတဲ့ မတူတဲ့ တိုင်းရင်းသားတွေကို တန်းတူအခွင့်အရေး ပေးကြရမှာ ဖြစ်တယ်။ ဒါပေမယ့် နအဖမှာ တိုင်းရင်း သားတွေကိုသာမက ဘယ်သူ့ကိုမှ တန်းတူအခွင့်အရေးပေးဘို့ သဘောထား မရှိပါဘူး။ ဒါကြောင့် တိုင်းရင်းသားတွေကို တန်းတူအခွင့်အရေး ပေးရေးဆိုတဲ့ မင်္ဂလာရှိတဲ့ စကားလုံးကို နအဖရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ရှာလို့မတွေ့နိုင်ရတာပါဘဲ။ ပြည်ထောင်စုမပြိုကွဲရေးဆိုတဲ့ မင်္ဂလာမရှိတဲ့ စကားလုံးကို သုံးတာဟာ မင်္ဂလာမရှိတဲ့ အလုပ်ကို လုပ်ခွင့်ရအောင်လို့ ဖြစ်ပါ တယ်။ အတိအကျပြောရရင် ပြည်ထောင်စု မပြိုကွဲရေး ဆိုတဲ့ အကြောင်းပြချက်ကို သုံးပြီး စစ်ခေါင်းဆောင်တွေ အာဏာသက်ဆိုးရှည်ရေးအတွက် ဖိနှိပ်မှုမှန်သမျှကို တရားဝင်အောင် လုပ်ချင်လို့ ဖြစ်ပါတယ်။ ပြည်ထောင်စု မပြိုကွဲရေးအတွက် လုပ်တဲ့ ဖိနှိပ်မှုအားလုံးဟာ တရားဝင် တယ် ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖန်တီးချင်လို့ဖြစ်ပါတယ်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုတည်ဆောက်ရေး ဆိုတဲ့ မင်္ဂလာရှိတဲ့ စကားလုံးကို သုံးရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းရင်းသားတွေကို**ကိုယ်ပိုင်ပြဌာန်းခွင့်** ပေးကြရမှာ ဖြစ်ပါတယ်။ ဒါကို လိုချင်တဲ့ အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းအမြောက်အများဟာ နှစ်ပေါင်းများစွာလက်နက်ကိုင် တိုက်ပွဲဆင်နွှဲခဲ့ကြတာ ဖြစ်ပါ တယ်။ တိုင်းရင်းသားတွေကို ကိုယ်ပိုင်ပြဌာန်းခွင့် မပေးဘဲ တရားဝင် ဖိနှိပ်ခွင့် ရအောင်လို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးရယ်လို့ နအဖ ကသုံးနှုန်းထားတာပါဘဲ။ ဒါကြောင့် နအဖ ရဲ့ နာဂစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြု ကျင့်သုံးလို့ကတော့ တိုင်းရင်းသားတွေ အပေါ် တရားဝင် ဖိနှိပ်မှုကို လက်ခံလိုက်တာနဲ့ အတူတူ ဖြစ်သွားပါလိမ့်မယ်။

ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းပြီး ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းတွေလုပ်ဖို့ ကြိုးစားသွားခဲ့တဲ့ ရှမ်းအမျိုးသားခေါင်းဆောင် ဦးဆေထင်ကို ပြစ်ဒဏ်အဖြစ် စုစုပေါင်း ထောင်ဒဏ် (၁၀၆) နှစ် ချထားတာကို သာဓကအနေနဲ့ သုံးသပ်သင့်ပါတယ်။ ရန်ကုန်

တိုင်းတရားရုံး(ခုံရုံး)ရဲ့ ၂၀၀၅ ခုနှစ် ပြစ်မှုကြီး အမှုအမှတ် ၂၃၅ အရ ချမှတ်ခဲ့တဲ့ စီရင်ချက်ထဲမှာ ပြစ်ဒဏ်ချမှတ်ရတဲ့ အကြောင်းပြချက်အနေနဲ့ ရေးထားတာကို အောက်ပါအတိုင်း လေ့လာကြည့်ပါ။

ရှမ်းပြည်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကိုယ့်ကြမ္မာကိုယ်ဖန်တည်းခွင့်ရရှိရေး၊ ရှမ်းပြည်အတွင်း မှီတင်း နေထိုင်သော မျိုးနွယ်စု အသီးသီးသည်လည်း မိမိတို့ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းများအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တည်းခွင့်ရရှိရေးတို့မှာ ရှမ်းပြည်အတွင်း မှီတင်း နေထိုင်ကြသော မျိုးနွယ်စုများ အားလုံးတို့၏ အဓိက ရည်မှန်းချက်ဖြစ်သည်ဟု လေးလေးနက်နက် လက်ခံယုံကြည်ထားသည်ဟု ဖေါ်ပြထားကြောင်း။

ဦးဆေထင်က လိပ်ခဲတင်းတင်းဖြစ်နေသော နိုင်ငံရေး အခြေအနေကို ဘယ်လိုထိုးဖေါက်ကြမလဲ ဆိုပြီးဆွေးနွေးရင်း အတိုင်ပင်ခံကောင်စီ ဖြစ်ပေါ်လာကြောင်း၊ တနိုင်ငံလုံး ဖြစ်ပေါ်လာလျှင် မြန်မာတပြည်လုံး တောင်းတနေသည့် တန်းတူဒီမိုကရေစီ အပြည့်အဝရှိသော ကိုယ်ပိုင်ပြဌာန်းခွင့် ရှိသော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှမ်းပြည်အနေနဲ့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရဖို့ တောင်းဆို တာဟာရာဇဝတ်ပြစ်မှုလား။ ရှမ်းပြည်အတွင်း မှီတင်း နေထိုင်ကြတဲ့ မျိုးနွယ်စု အသီးသီးအနေနဲ့ မိမိတို့ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းတွေအရ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရဖို့ လှုပ်ရှားတာဟာရော ရာဇဝတ်ပြစ်မှု ဖြစ်သလား။ တန်းတူ ဒီမိုကရေစီ အပြည့်အဝရှိတဲ့၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ နိုင်ငံတော်ကို တည်ဆောက်ဖို့ ကြိုးစားတာဟာ ရာဇဝတ်ပြစ်မှုကြီးလား။

တကယ်တော့ ဒါတွေဟာ မှန်မြတ်တဲ့နိုင်ငံရေးရည်ရွယ်ချက်တွေ အသေအချာဖြစ်ပါတယ်။ ဒီလို မှန်မြတ်တဲ့ ရည်ရွယ်ချက်တွေကိုင်စွဲပြီး ဘာတခုမှ အကြမ်းမဖက်ဘဲ နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့သူကတော့ ရှမ်းအမျိုးသားခေါင်းဆောင် ဦးဆေထင်ပါ။ သူ့ကို နအဖက **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု** အပါအဝင် ပုဒ်မအမျိုးမျိုးတပ်ပြီး နှစ်ပေါင်း ရာနဲ့ချီတဲ့ ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခဲ့တာပါ။ မြန်မာနိုင်ငံ တရားစီရင်ရေးသမိုင်းမှာ တခါမှ မရှိခဲ့ဘူးလောက်အောင်ကြီးမားတဲ့ ပြစ်ဒဏ်ကြီးချမှတ်ခံခဲ့ရတဲ့ ရှမ်းအမျိုးသားခေါင်းဆောင် ဦးဆေထင် လုပ်ဆောင်ခဲ့တာကတော့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဖို့ကြိုးစားတာသာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ထိုင်းအစိုးရရဲ့ ဌာနချုပ်ရုံးအဆောက်အအုံကို ရက်ပေါင်းတရာကျော် အဆက်မပြတ်သိမ်းယူပြီး လူထုဆန္ဒ ပြပွဲကြီးတခုကို ဦးဆောင်ဆင်နွှဲနေဆဲဖြစ်တဲ့ ချမ်းမလောင်း အပါအဝင် အဓိကခေါင်းဆောင်ကိုးဦးအပေါ် ဝန်ကြီးချုပ်ဟောင်းဆမတ်က **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု**နဲ့ အရေးယူတရားစွဲဆိုခဲ့ပါတယ်။ ဒီ ခေါင်းဆောင်ကိုးဦးရဲ့ လုပ်ဆောင်ချက်ဟာ အခြားပြစ်မှုငယ် တရပ်ရပ်ကို ကျူးလွန်ကောင်း ကျူးလွန်ရာရောက်မယ်၊ **နိုင်ငံတော်သစ္စာ ဖေါက်ဖျက်ပုန်ကန်မှု** ကိုတော့ ကျူးလွန်ရာမရောက်ဘူး ဆိုတဲ့ အကြောင်းပြချက်နဲ့ ထိုင်းနိုင်ငံတရားရုံးချုပ်ကနေ ပြီးခဲ့တဲ့ရက်သတ္တပတ်ကတင် အဲဒီ စွဲချက်ကို ဖယ်ရှားပြီး

လွှတ်ပစ်လိုက်ပါပြီ။

မြန်မာနိုင်ငံမှာတော့ ဦးဆေထင်အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင် ရှစ်ဦးဟာ နအဖ စစ်အစိုးရရဲ့ ဘယ်ဌာနချုပ်ရုံးကိုမျှ ဝင်ရောက်စီးနင်း သိမ်းပိုက်ခြင်းမပြုဘဲ သူ့ဖာသာသူ ရှမ်းပြည်တနေရာမှာ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဖို့ ကြိုးစားရုံနဲ့ **နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု** အပါအဝင် ပြစ်မှု အမျိုးမျိုးနဲ့ စွပ်စွဲအပြစ်ပေးခံရပြီး နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခံနေရပါပြီ။ ဒီ မှုခင်းကြီးနဲ့ ဆက်စပ်ပြီး ဝန်ကြီးချုပ်ဟောင်း ဦးနုရေးသားခဲ့တဲ့ စာအုပ်တအုပ်ရဲ့ နာမည်ကို သတိရမိပါတယ်။ **ရက်စက်ပါပေ့ကွယ်** ဆိုတဲ့ စာအုပ်ပါဘဲ။ ရက်ရက်စက်စက် ပြစ်ဒဏ်ကြီးတွေ ချမှတ်ခံရတဲ့ ရှမ်းအမျိုးသား ခေါင်းဆောင်ကြီး တွေဟာ ထောင်ထဲမှာ ဒုက္ခဆင်းရဲ အမျိုးမျိုးခံစားနေကြရရှာပါပြီ။

ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိုင်းရင်းသားတွေကို တန်းတူအခွင့်အရေး နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် ပါရှိတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်သာ တိုင်းပြည်မှာရှိခဲ့ရင် ဦးဆေးထင် အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင်တွေရဲ့ အကြမ်းမဖက် တဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ဘာပြစ်မှုမှ တပ်လို့ရမှာ မဟုတ်ပါဘူး။ နှစ်ပေါင်းတရာကျော် ပြစ်ဒဏ် ကြီးတွေ ချမှတ်ခံရဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် နအဖ ရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာပါတဲ့ **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး** ပြဋ္ဌာန်းချက်တွေ အောက်မှာတော့ ဒီအခြေအနေဆက်ရှိရုံမက ပိုပြီးဆိုးဝါးလာမှာ သေချာ သလောက်ပါဘဲ။ နောင်ကို စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာ နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်မယ့် တိုင်းရင်းသားခေါင်းဆောင်တွေ အနေနဲ့ သုံးဆတိုးပြီး နှစ်ပေါင်း သုံးရာကျော်ပြစ်ဒဏ် ကျခံရနိုင်ဖွယ် ရှိလာပါတယ်။

ဒီလို အခြေအနေတွေ ကြားကနေ၊ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်း ရာမှာ ပူးပေါင်းကြံစည်တဲ့ အနေနဲ့နိုင်ငံရေးပါတီထောင်၊ ရွေးကောက်ပွဲဝင်ဘို့ ပြင်ဆင်နေကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေကိုတော့ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ လေသံနဲ့ ဆိုရင် **အံ့သြပါပေ့ကွယ်** လို့သာ သုံးသပ်ရမှာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ [တတိယပိုင်း]

တိုင်းရင်းသား ရေးရာကိစ္စတွေဟာ နက်နဲရှုပ်ထွေးမှု ရှိလှပါတယ်။ နှစ်ပေါင်း ရာထောင်ချီတဲ့ ရှေးဟောင်းသမိုင်း နောက်ခံတွေ၊ ဗြိတိသျှ ကိုလိုနီခေတ်တုံးကသပ်လျှိုဖြိုခွဲခံခဲ့ရတာတွေ၊ မဟာလူမျိုးကြီးဝါဒကို ပုံစံအမျိုးမျိုးနဲ့ ကျင့်သုံးခဲ့ကြတဲ့လူမျိုးကြီးတွေ၊ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကို အသေအလဲ ဖက်တွယ်ထားတဲ့ လူမျိုးငယ်တွေ၊ မတူတဲ့ နိုင်ငံရေး အတွေးအခေါ်တွေရဲ့ ရိုက်ခတ်မှုတွေ၊ သမိုင်းမှာ ပေါ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေရဲ့ အားနည်းချက်တွေ၊ စတဲ့ အကြောင်းအရာပေါင်းမြောက်များစွာဟာ ဒီလို ရှုပ်ထွေးမှုတွေကို ဖြစ်ပေါ်စေတာပါဘဲ။

အာဏာရှင် စစ်ခေါင်းဆောင်တွေက တိုင်းရင်းသားရေးရာ ကိစ္စတွေကို သူတို့အာဏာတည်မြဲရေး အတွက် ဆယ်စုနှစ်တချို့ ချီပြီးစနစ်တကျ အသုံးချလိုက်တဲ့အခါမှာတော့ ရှင်းလို့မလွယ်တော့တဲ့အနေအထားကို ရောက်နေရပါတော့တယ်။ အသုံးချပုံချနည်းကတော့ ရိုးရိုးကလေးပါ။ သူတို့အာဏာတည်မြဲရေးကို ထောက်ပံ့ပေးမယ့် တိုင်းရင်းသား ပုဂ္ဂိုလ်တွေကို တဖက်က လက်သပ်မွေးမှုပြီး လက်ဝေခံအဖြစ် ခွဲဝေစားသောက်ခွင့်တွေ ပေးထားလိုက်တယ်။ အခြားတဘက်ကတော့ သူတို့ကို ခြိမ်းခြောက်တဲ့တိုင်းရင်းသားခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေနဲ့ သူတို့ရဲ့အခြေခံ ဒေသတွေကိုတော့ အကြမ်းဖက် တိုက်ခိုက်ဖိနှိပ်တော့တာပါဘဲ။ ပြယုဂ်အနေနဲ့ မြန်မာနိုင်ငံအရှေ့ပိုင်းက တိုင်းရင်းသား ဒေသတွေမှာ ကျေးရွာတွေကို အတင်းအဓမ္မရွှေ့ပြောင်းတာ၊ မုဒိမ်းကျင့်တာ၊ သတ်ဖြတ်မှုကြီးတွေ ကျူးလွန်တာ၊ ကြီးကြီးမားမား နှိပ်စက်ညှင်းပမ်းတာ၊ လူထုတွေကို အတင်းအကြပ်ပျောက်ဆုံးစေတာ၊ စတာတွေ ဖြစ်တယ်။ ဒီပြစ်မှုကြီးတွေကိုစနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေတာကြောင့် လူသားဖြစ်မှုကိုဆန့်ကျင်တဲ့ နိုင်ငံတကာပြစ်မှုကြီးဘောင်ထဲမှာ အကြုံးဝင်နိုင်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ၂၀၀၈ ခုနှစ် ဇွန်လအတွင်းမှာ အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့တယ်။

အတင်းအဓမ္မပြောင်းရွှေ့ခြင်းခံရသော ကရင်တိုင်းရင်းသားမိသားစုများ

အကျိုးဆက်အဖြစ်နဲ့ အမျိုးသားစည်းလုံးညီညွတ်မှုဟာ အခု အချိန်မှာ ရစရာမရှိ လောက်အောင်ကို ပြိုကွဲနေပါပြီ။ တိုင်းရင်းသားလူမျိုးစုတခုနဲ့ အခြားတခုအကြားမှာ၊ ယုံကြည်မှု တွေ ပျက်ယွင်းနေယုံသာမကတိုင်းရင်းသား လူမျိုးစုတခုချင်းစီအတွင်းက အချင်းချင်းအကြားမှာ ကို အပြန်အလှန်သတ်ကြ ဖြတ်ကြတဲ့ အနေအထား ရောက်နေပါပြီ။

နအဖ၏မတရားညှင်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းခံနေရသော တိုင်းရင်းသားများပုံ

ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာကတော့ နိုင်ငံရေးခေါင်းဆောင်အဆင့်မှာ နေရာယူ ထားတဲ့ ပုဂ္ဂိုလ်တွေ အမြောက်အများဟာ လူမျိုးရေးနဲ့ဆက်စပ်ပြီး ပေါ်ပေါက်လာတဲ့ ပြဿနာ တွေကို ယခုအချိန်အထိ စနစ်တကျ အသေအချာ မလေ့လာဖြစ်ကြသေးတဲ့ အချက်ပါ။ စစ်အာဏာရှင်စနစ်ကို တိုက်ရေးက အဓိက ကျတာကြောင့် ဒါကို အရင်ရှင်းပြီးမှ တိုင်းရင်းသား ရေးရာတွေကို ကိုင်တွယ်ဖြေရှင်း သင့်တယ်လို့ အကြောင်းပြပြီး နောက်ကိုရွှေ့ထားချင်သူတွေ လည်းမနည်းလှဘူး။ ဒီတိုင်းရင်းသားပြဿနာတွေဟာ ဒီမိုကရေစီရရင်ပြေလည်သွားမှာပါလို့ ခပ်လွယ်လွယ်ပြောကြသူ တွေရဲ့ အရေအတွက်ကတော့ မြောက်များလှစွာ ရှိပါတယ်

မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ အတိုင်းအတာနဲ့ အညီ ဒီမိုကရေစီ ရခဲ့တယ်။ ဒါပေမယ့် တိုင်းရင်းသား ရေးရာတွေဟာ အဲသည်ကထဲက ပေါ်ခဲ့တာပါ။ နိုင်ငံခြားသားတွေထဲမှာ မြန်မာ့အရေးကို အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်ရယ်လို့ နာမည်ကြီးပြီး လူအများလေးစားခံရတဲ့ ပါမောက္ခ ဂျိုးဇက်ဆေးလ်ဗားစတိုင်း ဆိုတဲ့ သမိုင်း ပညာရှင်ကြီး အသက်ထင်ရှားရှိပါသေးတယ်။ ၁၉၅၈ ခုနှစ်လောက် ကစလို့ မြန်မာနိုင်ငံထဲမှာ သူကိုယ်တိုင် နေထိုင်ခဲ့ပြီး လေ့လာတင်ပြချက်တွေ အနက်က တရပ်ကို ပြန်လည် မျှဝေပါရစေ။ အဲဒါကတော့ မြေယာနဲ့ပတ်သက်တဲ့ ပြဿနာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်ကျင့်သုံးနေပြီး ဒီမိုကရေစီရနေတဲ့ ခေတ်ရယ်လို့ လူအများလက်ခံထားတဲ့ ၁၉၅၂ –ခုနှစ်မှာ တရားလွှတ်တော်ချုပ်ကို မှူခင်းကြီး

တခုရောက်လာခဲ့တယ်။ ပြည်ထောင်စုနဲ့ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တွေအကြားမှာ ဥပဒေပြုခွင့်အာဏာ ခွဲဝေကျင့်သုံးရေးနဲ့ စပ်လျဉ်းလို့ အငြင်းပွားခဲ့တဲ့ မူခင်းကြီးပါဘဲ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တတိယဇယားမှာ ဖေါ်ပြထားချက်အရ မြေယာနဲ့ပတ်သက်တဲ့ စီမံခန့် ခွဲခွင့်အာဏာကိုပြည်ထောင်စုဥပဒေပြုစာရင်းမှာရော၊ ပြည်နယ် ဥပဒေပြုစာရင်းမှာပါ ပါရှိခဲ့တယ်။ ဆိုလိုတာကတော့ မြေယာနဲ့ ပတ်သက်လို့ ပြည်ထောင်စုမှာ ဥပဒေပြုခွင့်ရှိသလို ပြည်နယ်ကိုလည်း ဥပဒေပြုခွင့်ပေးထားခဲ့တယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ကို ပေးထားတဲ့ပြဌာန်းချက်မှာ အောက်ပါအတိုင်း လေ့လာ နိုင်ပါတယ်။ **မြေယာ၊ မြေခွန်တော်၊ မြေယာတိုးတက်ကောင်းမွန်ရေးနှင့် လယ်ယာအမတော်ကြေးများ၊ စုပေါင်း၍ နေရာ**သစ်တည်ခြင်း၊ ကြွေးမြီအပေါင်အနှံမကင်းသော မြေယာပစ္စည်း အဆောက်အအုံများနှင့် ဝရမ်းအကပ်ခံရသော မြေယာပစ္စည်းအဆောက်အအုံများ၊ ရတနာသိုက်များ။

အဲဒီ တုံးက ပြည်နယ်တွေဘက်က လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေကြီးဖြစ်တဲ့ မစ္စတာ ဘစုးက တရားလွှတ်တော်ချုပ်မှာ သည်လိုတင်ပြခဲ့ပါတယ်။ **ပြည်ထောင်စု ဖွဲ့တဲ့အခါမှာ ပါဝင်တဲ့ပြည်နယ်တွေဟာ သူတို့ရဲ့ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့အခွင့်အရေး** (Proprietary Rights) တွေကို ပြည်ထောင်စုကို အပြီးအပိုင်ပေးလိုက်တာ မဟုတ်ဘူး။ မြေယာနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲခွင့်ကို ပြည်နယ်တွေက အဓိကရယူကျင့်သုံးခွင့် ရှိသင့်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပြည်နယ်တွေကို ခွဲထွက်ခွင့်ပေးထားတယ်။ ဒါပေမယ့် မြေယာစီမံခန့်ခွဲခွင့်ကိုတော့ ပြည်နယ်တွေကို ကျင့်သုံးခွင့်မပြုဘူးဆိုရင် ခွဲထွက်ခွင့်တော့ကျင့်သုံး၊ မြေယာတော့ မပါစေနဲ့ဆိုတာမျိုးဖြစ်သွားမယ်။ ဒီလိုဆိုရင် ဖွဲ့စည်းပုံ ပြဌာန်းချက်ဟာ ဘာအဓိပ္ပါယ် ရှိမှာလဲ ဆိုပြီးတော့ လျှောက်လဲတင်ပြ သွားခဲ့တယ်။

A confiscated betel-nut plantation in Ye Township, Mon State.

ပြည်ထောင်စု ဘက်က လိုက်ပါဆောင်ရွက်တဲ့ အစိုးရရှေ့နေချုပ်ရဲ့တင်ပြပုံက သည်လို ဖြစ်ပါတယ်။ **ဥပဒေပြုခွင့်အာဏာနဲ့ ပတ်သက်လို့ပြည်ထောင်စုမှာရော ပြည်နယ်မှာပါ ကျင့်သုံးခွင့် ရှိတယ်ဆိုရင် ပြည်ထောင်စုက ပြည်နယ်ကို လွှမ်းမိုးတယ်။ မြေယာကိစ္စကို**

ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားစေဦးတော့ အမျိုးသားအကျိုးစီးပွားနဲ့ဆက်စပ်လာရင် ဥပဒေပြုခွင့်ကို ပြည်ထောင်စုကသာ ကျင့်သုံးခွင့် ရသင့်တယ် ဆိုပြီးတော့ ပြန်လည် ထုချေတင်ပြသွားခဲ့တယ်။

တရားလွှတ်တော်ချုပ်က **ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေယာတွေကို အကြွင်းမဲ့ပိုင်ဆိုင်သူဟာ ပြည်နယ်တွေ မဟုတ်ဘူး၊ ပြည်ထောင်စုဖြစ်တယ် ဆိုတာကို အဓိကအကြောင်းပြပြီး** မြေယာနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲခွင့် အာဏာကို ပြည်ထောင်စုကသာ ကျင့်သုံးသွားမယ်ဆိုတဲ့ အပြီးသတ်ဆုံးဖြတ်ချက်ကို နောက်ဆုံးမှာ ချမှတ်ခဲ့တယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၀) မှာ မြေယာပိုင်ဆိုင်မှု နဲ့ပတ်သက်ပြီး အောက်ပါအတိုင်းပြဋ္ဌာန်းထားခဲ့တာကြောင့် ဖြစ်ပါတယ်။

"နိုင်ငံတော်သည် မြေယာအားလုံး၏ ပိုင်ရှင် ဖြစ်သည်။"

တရားလွှတ်တော်ချုပ်ရဲ့ ဒီ စီရင်ဆုံးဖြတ်ချက်ဟာ စံပြုစီရင်ထုံးဖြစ်သွားခဲ့ပါတယ်။ နောက်ပိုင်းကစလို့ ပြည်နယ်တွေဟာ ပြည်ထောင်စု ဝန်ကြီးချုပ်နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ကို မှီခိုရတဲ့ အခြေအနေရောက်သွားခဲ့တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုတာကို ပုံစံသဘောလောက်သာ ကျင့်သုံးခွင့်ရှိပြီး လက်တွေ့အနှစ်သာရမှာတော့ ပြည်ထောင်စုကဘဲ အစစအရာရာ ချယ်လှယ်သွားခဲ့ပါတော့တယ်။ လူနည်းစုတိုင်းရင်းသားတွေရဲ့ မကျေနပ်မှုတွေဟာ တဖြေးဖြေး ကြီးထွားလာခဲ့ပြီး အမျိုးသား စည်းလုံးညီညွတ်မှုကို ထိပါးလာခဲ့တယ်လို့ ပါမောက္ခ ဂျိုးဇက် ဆေးလ်ဗား စတိုင်းက သုံးသပ်ပါတယ်။

မဖွံ့ဖြိုးသေးတဲ့တိုင်းပြည်တွေမှာ မြေယာဟာ တိုင်းရင်းသားပေါင်းစုံလူမျိုးမရွေး၊ လူထုတွေရဲ့ အသက်နဲ့ဘဝဖြစ်ပါတယ်။ ဒီ မြေပေါ်မှာ နေထိုင်၊ ဒီမြေနဲ့ဘဲ စိုက်ပျိုးမွေးမြူ အသက်မွေးကြ၊ သည်မြေပေါ်ရှိသည့် သည်တော သည်တောင်တွေက ထွက်တဲ့ သစ်ဝါးတွေနဲ့ဘဲ နေအိမ်တွေ ဆောက်လုပ်နေထိုင်ကြ၊ သည်မြေက ထွက်ရှိတဲ့ သဘာဝ သယံဇာတတွေနဲ့ ရပ်တည်ရှင်သန်ကြရပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာကထဲက စတင်ဆုံးရှုံးလာခဲ့တဲ့ တိုင်းရင်းသားတွေ၊ ဒေသခံလူထုတွေရဲ့ မြေယာစီမံခန့်ခွဲခွင့်ဟာ ၁၉၈၈ ခုနှစ် နဝတ၊ နအဖ စစ်တပ်အာဏာသိမ်းပွဲ အပြီးမှာ ပိုပြီး ဆိုးသထက် ဆိုးလာ ပါတော့တယ်။ မွန်ပြည်နယ်မှာ နအဖစစ်တပ်တွေစခန်းချဖို့ မြေတွေကို သိမ်းယူခဲ့တယ်။ ကရင်နဲ့ကရင်နီ ပြည်နယ်တွေထဲမှာ ရွာပေါင်းမြောက်များစွာ အတင်းအကြပ်ရွှေ့ပြောင်းခံရတယ်။ ကချင် နဲ့ရှမ်းပြည်နယ်တွေမှာ အဖိုးတန်သဘာဝသယံဇာတတွေ တူးဖော်ထုတ်ယူဖို့ မြေတွေကို နအဖ တပ်တွေကိုယ်တိုင်သိမ်းတာရော၊ နိုင်ငံခြားကုမ္ပဏီနဲ့ ပြည်တွင်းက လက်ဝေခံကုမ္ပဏီတွေကို ရောင်းချ၊ ခွဲဝေချထားပေးတာတွေရော ထင်သလို စီမံခန့်ခွဲနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ ကုန်သွယ်လမ်းကြောင်းတိုးချဲ့ ဖွင့်လှစ်နိုင်ဖို့ နအဖဟာ ရခိုင်ပြည်နယ် လယ်သမားတွေဆီက အတင်းအကြပ် သိမ်းထားတဲ့ မြေတွေ အပေါ်မှာ စီမံချက် အသစ်တွေ စတင်အကောင်အထည်ဖော်နေပြီဆိုတဲ့ သတင်းတွေ ကြားရတယ်။

ပြည်ထောင်စု အဖွဲ့ဝင် တိုင်းရင်းသားပြည်နယ်တွေမှာ မြေယာတွေကို ထင်သလို စီမံခန့်ခွဲလုပ်ဆောင်နေတဲ့ ကိစ္စတွေကို နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံကို စတင်ကျင့်သုံးပြီဆိုရင် ဘယ်လိုများ ကာကွယ်စောင့်ရှောက်နိုင်မှာပါလဲလို့ ရှာဖွေကြည့်ပါတယ်။ သည်အခါမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက် အဆများစွာပိုဆိုးနေတာကို တွေ့ရပါတော့တယ်။ **ပုဒ်မ (၃၇) အရ "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပိုင်ရှင်ဖြစ်သည်။"လို့ ပြဋ္ဌာန်းထားတယ်။ အဲဒီ ပြဋ္ဌာန်းချက်ကို ထောက်ပြပြီး ဗဟိုအစိုးရဟာ ပြည်နယ်တွေရဲ့ မြေယာနဲ့ပတ်သက်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဘာတခုမှ ဂရုမစိုက်ဘဲ ထင်သလို ဆက်လက် စီမံခန့်ခွဲသွားတော့မှာပါ။**

ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစာရင်း အပိုဒ် (၅) စိုက်ပျိုးရေး နှင့် မွေးမြူရေးကဏ္ဍအောက်မှာမြေယာစီမံခန့်ခွဲမှုနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖေါ်ထုတ်တဲ့ လုပ်ငန်းတွေကို ပြည်ထောင်စု အစိုးရကဘဲ လုပ်သွားမှာ ဖြစ်တယ်။ အပိုဒ် (၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တော ကဏ္ဍတွေအောက်မှာ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် အခြားလောင်ကျွမ်းစေတတ်သော အရည်အခဲများ၊ ပြည်ထောင်စု လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊ ကျောက်မျက်ရတနာ၊ သစ်တော စတာတွေကိုလည်း ပြည်ထောင်စု အစိုးရအဆင့်မှာ ကြိုးကိုင်ချယ်လှယ်သွားမယ့် စစ်ဗိုလ်တစုကဘဲ လုပ်ချင်ရာ လုပ်သွားတော့မှာ အသေအချာပါဘဲ။ မြေယာနဲ့ ပတ်သက်တဲ့ အဓိက စီမံခန့်ခွဲမှုမှန်သမျှ တိုင်းရင်းသားပြည်နယ်တွေကို တစုံတရာမျှ ပေးထားတာ မရှိတော့ကြောင်း အထင်အရှား တွေ့ရပါတယ်။

မကြာသေးခင်ရက်ပိုင်းကဘဲ ရခိုင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က နအဖရဲ့ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လက်မခံ၊ ၂၀၁၀ ရွေးကောက်ပွဲကိုဝင်မှာ မဟုတ်ကြောင်း ကြေညာသွားတာကို သတိပြုမိပါတယ်။ ဒါပေမယ့် တိုင်းရင်းသား နိုင်ငံရေးပါတီတွေ တည်ထောင်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ဘို့ ပြင်ဆင်နေကြတဲ့ သတင်းတချို့ကိုလည်း ဆက်လက်ကြားနေရဆဲပါ။ လူထုအတွက် မြေယာစီမံခန့်ခွဲပိုင်ခွင့် အခွင့်အရေးတွေရအောင် နအဖ ဖွဲ့စည်းပုံအောက်မှာ ဘယ်လို လုပ်ဆောင်သွားမှာပါလဲလို့ အဲဒီပါတီခေါင်းဆောင်ကြီးတွေကို သက်ဆိုင်ရာ လူထုတွေက မေးမြန်းဖို့ အချိန်ရောက်ပြီဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
[စတုတ္ထပိုင်း]

တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး ရှုဒေါင့်ကနေ သုံးသပ်မယ်ဆိုရင် အခြေခံအကျဆုံးကတော့ မြေယာဖြစ်ပါတယ်။ မြေယာတွေကို ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်၊ စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းခွင့်၊ အခြားပုဂ္ဂိုလ် (သို့ မဟုတ်) အစိုးရအာဏာပိုင်တွေရဲ့ မတရား သိမ်းယူခြင်းမှ အကာအကွယ် ရယူခွင့် အစရှိတာတွေပါဘဲ။

A confiscated rubber plantation in Ye Township, Mon State.

အရှေ့တောင်အာရှမှာ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံ စတဲ့ မဖွံ့ဖြိုး မတိုးတက်သေးတဲ့ တတိယနိုင်ငံတွေမှာ လူထုတွေရဲ့ ဘဝရပ်တည်ရေးဟာ မြေယာ အပေါ်မှာ လွန်မင်းစွာ အမှီသဟဲ ပြုရတယ်။ သည်တောင်က စီးဆင်းလာတဲ့ ချောင်းရေကို အမှီပြုသောက်သုံး၊ သည်မြစ်က ရှာဖွေရရှိတဲ့ ငါးတွေနဲ့ အဟာရဓါတ် ဖြည့်တင်း၊ သည်တောက ထွက်ရှိတဲ့ သစ်ဝါးတွေနဲ့ အိမ်ဆောက်၊ ရွာနီးစပ်က သည်မြေအပေါ်မှာ စိုက်ပျိုးရေးလုပ်၊ အစရှိ သဖြင့် မြေကြီးကို အထူးသဖြင့် မှီခိုပြီး အသက်ရှင်ရပ်တည်ကြရတယ်။ မြေကြီးဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ ရပ်တည်ရာ ဖြစ်ရုံသာမက သူတို့ရဲ့ အသက်နဲ့ ဘဝလည်း ဖြစ်ပါတယ်။

တိုင်းရင်းသား ပြည်နယ်တွေမှာ နိုင်ငံရေးစကားလုံးနဲ့ပြောရရင်တော့ ပဒေသရာဇ် မြေရှင်ကြီး စနစ်ကျင့်သုံးခဲ့တယ်လို့ ဆိုကြပါတယ်။ ဘုရင်စနစ် ကျင့်သုံးခွင့် ရခဲ့တဲ့ နေရာတွေမှာ ဘုရင်တွေဟာ သက်ဦးဆံပိုင်၊ ရေမြေရှင်တွေ ဖြစ်ခဲ့ကြတယ်။ ဘုရင်စနစ် ကျင့်သုံးခွင့် မရခဲ့ပေမယ့် စော်ဘွား၊ စော်ကဲ၊ တောင်ပိုင်၊ နယ်အုပ် စသူတို့ဟာ သက်ဆိုင်ရာဒေသတွေအလိုက် တော၊ တောင်၊ ရေ၊ မြေ တွေကို ပိုင်ဆိုင်ခဲ့ကြသူတွေပါ။ အဆင့်ဆင့် အခွန်ပဏ္ဏာ ဆက်သရတဲ့ နည်းလမ်းနဲ့ အဲဒီမြေယာပိုင်ဆိုင်မှုစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒါပေမယ့် နှစ်ပေါင်း ထောင်နဲ့ချီတဲ့

ပဒေသရာဇ်ခေတ် တလျှောက်လုံးမှာ အထူးသဖြင့် တောင်ကုန်း၊ တောင်တန်းတွေ အမြောက်အများ ဖုံးလွှမ်းနေတဲ့ တိုင်းရင်းသား ဒေသတွေမှာ လက်တွေ့ ကျင့်သုံးခဲ့တဲ့ မြေယာပိုင်ဆိုင်မှု စနစ်တခုလည်း ရှိခဲ့ပါတယ်။ အဲဒါကတော့ ဒေသအလိုက် နေထိုင်ကြသူတွေ စုပေါင်းပိုင်ဆိုင်တဲ့ စနစ်ပါဘဲ။

ဒီရွာမြေကို ဒီရွာထဲမှာ နေထိုင်တဲ့ ရွာသူရွာသားတွေ ပိုင်ဆိုင်ကြတယ်။ ဒီရွာဘေးမှာ ရှိတဲ့ မြစ်တွေ၊ ချောင်းတွေမှာ ရွာသား ဘယ်သူမဆို ရေအသုံးပြုခွင့်ရှိသလို၊ ငါးရှာခွင့် ရှိတယ်။ ရွာပြင်ထွက်သွားရင် သဘာဝအလျှောက် ပေါက်ရောက်နေတဲ့ တောတွေထဲမှာ အိမ်ဆောက်ဖို့ သစ်ဝါး၊ စားသောက်ဖို့ ဟင်းသီးဟင်းရွက်နဲ့ တောရိုင်းတိရိစ္ဆာန်တွေကို ရှာဖွေအသုံးချခွင့်ရှိတယ်။ တဦးချင်း ဥယျာဉ် တောင်ယာ စိုက်ပျိုးလို့ ခြံခတ်ထားတဲ့မြေ၊ လယ်လုပ်တဲ့အတွက်ကနသင်းဖို့ထားတဲ့မြေကွက် စသည်တို့ကလွဲလို့ ကျန်တဲ့ မြေလွတ်မြေရိုင်းနဲ့ရွာပတ်ဝန်းကျင်က တောတောင်ကုန်းမြေတွေကို ဒေသခံရွာသားတွေ စုပေါင်းပိုင်ဆိုင် အသုံးချခွင့်ရခဲ့ကြတယ်။ အခုခေတ်သုံး စကားလုံးနဲ့ ပြောရရင်တော့ ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေး Common Property Right လို့ဆိုရမှာ ဖြစ်ပါတယ်။

ရွာထဲမှာ တဦးချင်းကိုယ့်ခြံဝင်းကလေးနဲ့ ကိုယ်နေထိုင်ကြတယ်။ ရွာပြင်ထွက်သွားတဲ့ အခါမှာ ကိုယ်လဲ ရွာသားတဦးအနေနဲ့ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးကို အခြားရွာသားတွေလို အသုံးချခွင့် ရှိတာကြောင့် မိသားစုဘဝ ရပ်တည်ရေးဟာ အထိုက်အလျှောက် အဆင်ပြေတယ်။ ကိုယ့်ရွာကိုယ့်မြေ ကိုယ့်အိမ်ဝင်းကလေးမှာ မိသားစုတွေကိုယ်စီနဲ့ ငြိမ်းချမ်းတဲ့ ဘဝ တည်ဆောက်နိုင်ခဲ့ကြတယ်။ ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးကို ဒေသဆိုင်ရာအလိုက် လက်တွေ့အရ နှစ်ပေါင်းရာပေါင်းများစွာ ကျင့်သုံးလာခဲ့ပေမယ့် စကားလုံးအတိအကျကို စာနဲ့ပေနဲ့မှတ်တမ်းတင်ထားတာ၊ တိုင်းပြည်ကနေ ဥပဒေနဲ့ အညီ တရားဝင် အသိအမှတ်ပြုထားတာ မရှိခဲ့ဘူး။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ပေါ်ပေါက်လာခဲ့တဲ့ ကာလကစလို့ **နိုင်ငံတော်သည် မြေယာအားလုံး၏ ပိုင်ရှင်ဖြစ်သည်** ဆိုတဲ့ ပြဌာန်းချက် အောက်မှာ ဒေသဆိုင်ရာ အလိုက်ဒေသတွင်း နေထိုင်တဲ့ လူထုတွေ ဘုံပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်း လိုက်တဲ့ သဘောသက်ရောက်သွားပါတော့တယ်။ ဒါပေမယ့် လက်တွေ့အရ ဒေသတွင်းနေသူတွေက မိမိတို့ ကျေးရွာဝန်းကျင်က တောတောင် မြေယာတွေကို စုပေါင်း အသုံးချတာ၊ စုပေါင်း အကျိုးခံစားတာတွေ ဆက်ရှိနေပါသေးတယ်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပေါ်ပေါက်လာတဲ့ နောက်ပိုင်း နိုင်ငံတော်ပိုင် မြေယာစနစ်ကို ပိုပြီး ပီပီပြင်ပြင်ကျင့်သုံးလာတယ်။ ၁၉၈၈ ခုနှစ် စစ်တပ်အာဏာ ထပ်သိမ်းအပြီးမှာတော့ နိုင်ငံတော်ဆိုတဲ့ အမည်နာမကို ထည်လဲ သုံးပြီး တပြည်လုံးကမြေတွေကို ထင်လို စီမံခန့်ခွဲလုပ် ဆောင်လာတော့တာပါဘဲ။ ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ ချင်း၊ မွန်၊ ရခိုင် စတဲ့ တိုင်းရင်းသားပြည်နယ်တွေမှာ ဒေသဆိုင်ရာအလိုက် ဒေသတွင်းလူထုတွေရဲ့ မြေယာအပေါ် ဘုံပစ္စည်းပိုင်ဆိုင်ခွင့် ကို ရုပ်သိမ်းခံခဲ့ရတာတွေ မရေမတွက်နိုင်လောက်အောင် ရှိခဲ့တယ်။

ဒေသတွင်း လူထုတွေရဲ့ ဘဝရပ်တည်မှု ပျက်စီးသွားတဲ့အခါ အကျိုးဆက် အနေနဲ့ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်ဝမ် စတဲ့နိုင်ငံတွေကို သန်းနဲ့ချီတဲ့ လူထုတွေဟာ ရွှေ့ပြောင်းအလုပ်

သမားတွေ အဖြစ်ထွက်ခွာသွားရောက်ပြီး အသက်မွေးကြရတယ်။ ကိုယ့်နိုင်ငံအတွင်းက ရန်ကုန်၊ မန္တလေး စတဲ့ မြို့ကြီးတွေမှာ၊ ထိုင်းနိုင်ငံက မြို့ကြီးတွေမှာ၊ တရုပ်မြန်မာနယ်စပ်က မြို့ကြီးတွေမှာ၊ ကိုယ့်ခန္ဓာကိုယ်ကိုရောင်းစားပြီး ဘဝရပ်တည်ရတဲ့ တိုင်းရင်းသူပေါင်းစုံ မိန်းခလေးတွေရဲ့ အရေအတွက်ဟာ များပြားလှပါတယ်။ ဒါတွေဘာကြောင့်ဖြစ်ရသလဲဆိုရင် အဓိကအားဖြင့် ကျေးလက်နေ အခြေခံလူထုတွေ ဘဝရပ်တည်ရှင်သန်ခွင့် မရအောင် မြေယာစီမံခန့်ခွဲခွင့်၊ မြေယာအပေါ်ဘုံပစ္စည်းပိုင်ဆိုင်ခွင့်တွေ ကြီးကြီးမားမား ရုပ်သိမ်းခံရလို့ပါဘဲ။ ဒီလို အနေအထားမျိုးနဲ့ တည်ဆောက်တဲ့ ပြည်ထောင်စုဆိုတာ အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းမှာ နောက်ချေးတွေနဲ့ ပြည့်လျှမ်းနေတဲ့ နိုင်ငံဖြစ်ရုံကလွဲလို့ ဘာမှ မထူးနိုင်ပါဘူး။

ဖိလစ်ပိုင်နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံမဟုတ်ပါဘူး။ တပြည်ထောင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံဆိုတာ တကမ္ဘာလုံးသိကြပါတယ်။ ဒါပေမယ့် စိတ်ဝင်စားဘွယ်ကောင်းတဲ့ အချက်က ဖိလစ်ပိုင်မှာ ဒေသခံတိုင်းရင်းသားများ အခွင့်အရေးကို ကာကွယ်တဲ့ ဥပဒေကို ၁၉၉၇ ခုနှစ်မှာ ပြဋ္ဌာန်းကျင့်သုံးခဲ့တယ်။ အဲဒီ ဥပဒေထဲမှာ ဒေသခံတိုင်းရင်းသားတွေရဲ့ ဘိုးဘွားပိုင်နက် နယ်မြေတွေကို သတ်မှတ်ပေးထားတယ်။ အဲဒီ နယ်မြေမှန်သမျှကို ဗဟိုအစိုးရက တိုက်ရိုက်ချယ်လှယ် စီမံခွင့် မရှိဘူး။ အဲဒီဒေသအတွင်းနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေကို စီမံခန့်ခွဲခွင့် အသုံးချခွင့် ပြုထားရတယ်။ နိုင်ငံခြားကုမ္ပဏီတွေ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဲဒီသတ်မှတ်ထားတဲ့ ဘိုးဘွားပိုင်နက်နယ်မြေတွေမှာ ဝင်ရောက်ပြီး သစ်ခုတ်ချင်တယ်၊ သတ္တုတူးချင်တယ် ဆိုရင် ဒေသခံတိုင်းရင်းသား လူကြီးတွေဆီကနေ ခွင့်ပြုချက် တောင်းရတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ အဲဒီ ဒေသခံတိုင်းရင်းသားများ အခွင့်အရေး ကာကွယ်တဲ့ ဥပဒေကို လက်တွေ့ အသုံးပြုရာမှာ ပြဿနာတွေ မရှိဘူးလားလို့မေးရင် ရှိတယ်လို့ဖြေရမှာပါ။ ဘယ်လို ပြဿနာမျိုးတွေလဲဆိုတော့ သတ်မှတ်ထားတဲ့ တိုင်းရင်းသားတွေရဲ့ဘိုးဘွားပိုင်နက် နယ်မြေကို အနေအထားမျိုးစုံနဲ့ ထိပါးတဲ့ဖြစ်ရပ်တွေပါဘဲ။ သုတေသနလုပ်ငန်းတခုရဲ့ တွေ့ရှိချက်အရ အဖြစ်အများဆုံးနှစ်ခုရှိတယ်။ အဲဒီနယ်မြေထဲကို တရားမဝင် ဝင်ရောက်တာကတခုဖြစ်ပြီး (၂၂) ရာခိုင်နှုန်း ရှိတယ်။ ပိုင်နက် ကျူးကျော်တာက အခြားတခုဖြစ်ပြီး ၁၇–ရာခိုင်နှုန်းရှိပါတယ်။ နောက်ထပ်တွေ့ရှိချက်တွေအရ လိမ်လည်လှည့်ဖြားခံရလို့ မြေကိုလက်လွှတ်ဖြစ်သွားအောင် လုပ်ခံလိုက်ရသူဦးရေ ၁၃–ရာခိုင်နှုန်း ဖြစ်သတဲ့။ ဒီလိုတွေဖြစ်အောင် ဘယ်သူတွေက လုပ်ဆောင်ကြသလဲ ဆိုတာကို ဆက်လက်ပြီး သုတေသနပြုကြတယ်။ တွေ့ရှိချက်ကတော့ ဒေသခံတိုင်းရင်းသားတွေရဲ့မြေယာတွေ လက်လွှတ်ဖြစ်သွားအောင် လုပ်ဆောင်သူတွေအနက် ၅၀–ရာခိုင်နှုန်းအထက်ဟာ အစိုးရအာဏာပိုင်တွေ မဟုတ်တဲ့ တဦးချင်း တသီးပုဂ္ဂလတွေဖြစ်တယ်။ ၁၀ ရာခိုင်နှုန်းက သူတို့ဒေသခံတိုင်းရင်းခေါင်းဆောင်တွေ ကိုယ်တိုင်က လုပ်ဆောင်တာဖြစ်သတဲ့။ ၄–ရာခိုင်နှုန်းကတော့ ဘယ်သူကမှ လုပ်ဆောင်လို့မဟုတ်ဘဲ သဘာဝ ဘေးရန်ကြောင့် မြေယာတွေ လက်လွှတ်ဆုံးရှုံးရတာပါတဲ့။

မြန်မာနိုင်ငံမှာတော့ ဒေသခံတိုင်းရင်းသားတွေရဲ့မြေယာတွေ လက်လွှတ်ဆုံးရှုံးအောင်၊ မြေယာတွေအပေါ် ဘုံပစ္စည်းပိုင်ဆိုင်ခွင့်ကို ပျက်စီးအောင်၊ စီမံခန့်ခွဲခွင့် လုံးဝကင်းမဲ့အောင် လုပ်ဆောင်နေသူတွေအနက်မှာ အဓိက အကျဆုံးက နအဖ အစိုးရအာဏာပိုင်တွေ ဖြစ်နေပါ

တော့တယ်။ ၂၀–ရာခိုင်နှုန်းဝန်းကျင်လောက်ကတော့ အစိုးရမဟုတ်တဲ့ ဒေသအတွင်းက လက်နက်ကိုင် အဖွဲ့အစည်းတွေရယ်လို့ ခန့်မှန်းချက်တွေရှိတယ်။ တဦးချင်း တသီးပုဂ္ဂလတွေရဲ့လုပ်ဆောင်ချက်ကြောင့် ဆုံးရှုံးရတာက ၁၀–ရာခိုင်နှုန်းလောက် ရှိနိုင်ပါတယ်။

ဘယ်လိုတဲ ဖြစ်ဖြစ် နိဂုံးချုပ်ကြည့်မယ်ဆိုရင် ဖိလစ်ပိုင်လို တပြည်ထောင်စနစ် ကျင့်သုံးတဲ့ နိုင်ငံမှာတောင် **၁၉၉၇ ခုနှစ်ဒေသခံတိုင်းရင်းသားများ အခွင့်အရေးကာကွယ်တဲ့ ဥပဒေ** ကို ကိုင်စွဲပြီး ငါတို့ဒေသခံတိုင်းရင်းသားတွေမှာ မြေယာစီမံခန့်ခွဲခွင့် ဒီလိုရှိတယ်လို့ တင်းတင်းမာမာတောင်းဆိုနိုင်တယ်။ ခုခံကာကွယ်တိုက်ပွဲဝင်နိုင်ပါတယ်။ ဗဟိုအစိုးရဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီတွေဖြစ်စေ၊ အခြားဒေသက ဖိလစ်ပိုင်နိုင်ငံသားတွေဖြစ်စေ၊ ဝင်ရောက်ကျူးကျော်နှောက်ယှက်မခံရအောင် လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နိုင်တယ်။ ပြည်ထောင်စု နိုင်ငံရယ်လို့ အမည်ခံထားတဲ့ မြန်မာနိုင်ငံမှာတော့ ပြည်ထောင်စု အဖွဲ့ဝင် ဒေသခံတိုင်းရင်းသားတွေရဲ့ မြေယာအပေါ် စီမံခန့်ခွဲခွင့်ဘာတခုမှ ရှိမနေခဲ့ဘူး ဆိုတာတွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော အတွေးအခေါ်အရပါ နိုင်ငံတော်ဟာ မြေယာရဲ့ပိုင်ရှင် ဖြစ်တယ်ဆိုတာကို ချမှတ်ကျင့်သုံးပြီး ဗဟိုအစိုးရနေရာမှာ အတင်းအဓမ္မရယူထားတဲ့ နအဖ စစ်ခေါင်းဆောင်တွေက ထင်သလို စီမံခန့်ခွဲ ချယ်လှယ်ပြီး ကိုယ်ကျိုးအတွက်သာ အသုံးချနေကြပါတော့တယ်။

အခုလက်ရှိ နအဖ ရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအရဆိုရင် မြေယာဆိုတဲ့ စကားလုံးနဲ့တောင် မလုံလောက်တော့ပါဘူး။ မြေပေါ်မြေအောက် ရေပေါ်ရေအောက်ဆိုတဲ့ စကားလုံးကို အတိအကျ သုံးစွဲလာတာကို သတိပြုမိပါတယ်။ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်က သယံဇာတတွေ အားလုံးကို ပြည်ထောင်စုအစိုးရ ဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ စစ်ဗိုလ်တစုက ထင်သလို ဆက်လက် စီမံခန့်ခွဲပြီး ကိုယ်ကျိုးရှာကြတော့မယ်၊ အဲသလို ကိုယ်ကျိုးရှာကြတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီဆိုတဲ့ စကားလုံးကို သုံးခွင့်ရအောင် ကြိုတင်အုတ်မြစ်ချထားတယ်ဆိုတာ ရှင်းနေပါတော့တယ်။

ဒီအခြေအနေကို ပြုပြင်ပြီး တိုးတက်အောင် နအဖရဲ့ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်ထဲကနေ လုပ်ဘို့မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ **နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၏ ပင်ရင်း ပိုင်ရှင်ဖြစ်သည်** ဆိုတဲ့ပြဋ္ဌာန်းချက်ကို ဘယ်လိုမှ ကျော်နိုင်မှာ မဟုတ်လို့ပါ။ အဲဒါအပြင် နအဖ အခြေခံ ဥပဒေရဲ့ဥပဒေပြုစာရင်းအရ မြေယာနဲ့ ပတ်သက်တဲ့စီမံခန့်ခွဲမှုမှန်သမျှ တိုင်းရင်းသားပြည်နယ်တွေကို တခုမျှ အပ်နှင်းမထားလို့ဖြစ်ပါတယ်။ ဒါကြောင့် တဖက်က နအဖရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖယ်ရှား၊ အခြားတဖက်က ဒေသခံတိုင်းရင်းသားလူထုတွေအတွက် မြေယာအပေါ် ဘုံပစ္စည်းပိုင်ဆိုင်ခွင့်ကို အာမခံချက်ပေးထားတဲ့ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်ပေါက်လာအောင် ကြိုးပမ်းသွားသင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

တိုင်းရင်းသားအခွင့်အရေးနှင့် နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ
[ပဥ္စမပိုင်း]

တိုင်းရင်းသားအခွင့်အရေးလို့ပြောလိုက်ရင် စစ်အာဏာရှင်တွေ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်ကာလအတွင်းမှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုနေ့ အခမ်းအနားကြီးတွေကို အမှတ်ရကြမှာပါ။ အဲဒီမှာ တိုင်းရင်းသားဝတ်စုံ တောက်တောက်ပြောင်ပြောင်တွေဝတ်ကြ၊ ညစာစားပွဲကြီးတွေ ကျင်းပကြ၊ ကပွဲ ခုန်ပွဲ ပျော်ပွဲ ရွှင်ပွဲတွေ ဆင်နွှဲကြ၊ သကာရည်ဖုံးထားတဲ့ဟန်ဆောင်အပြုံးတွေနဲ့ လက်ဆွဲ နှုတ်ဆက်ကြ စတာတွေဟာ အနှစ်သာရ ကင်းမဲ့တဲ့ လိမ်လည် ပွဲကြီးတွေ အဖြစ်ထက် ပိုပြီး ဘာတခုမှ အဓိပ္ပါယ် မရှိတော့တာကို တွေ့ရပါတယ်။

လွတ်လပ်မှု၊ တရားမျှတမှု၊ တိုးတက်ဖွံ့ဖြိုးမှု အခြေခံတွေကနေ ငြိမ်းချမ်းမှု လိုချင်တယ်ဆိုရင် တိုင်းရင်းသားတွေရဲ့တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ်မှာ အခြေခံတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုတရပ်ကို ပြန်လည်တည်ဆောက်ဖို့လိုမှာ ဖြစ်ပါတယ်။ ဒါက ပြည်ထောင်စုကို အခွင့်အရေးအခြေခံကနေ ချဉ်းကပ်ခြင်းပါဘဲ။ ဒါပေမဲ့ ဒီလို ချဉ်းကပ်ရုံနဲ့ မလုံလောက်သေးပါဘူး။ ပြည်ထောင်စုတည်ဆောက်ရေးကိစ္စတွေဟာ ရှုပ်ထွေးလို့ဖြစ်ပါတယ်။ မဖြေရှင်းနိုင်လောက်အောင် ခက်ခဲတာမျိုးကိုတော့ ဆိုလိုတာမဟုတ်ပါ။ ကိစ္စရပ်တခုခြင်းကို တဖြေးဖြေးကိုင်တွယ်သွားပြီးတဲ့အခါ ပြည်ထောင်စုတည်ဆောက်ရေး ပြဿနာတစုံလုံးကို ဖြေရှင်းနိုင်စွမ်းရှိသွားမှာ မုချဖြစ်ပါတယ်။

ဒီလိုဖြစ်ဘို့အတွက် တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုတရပ်လုံးအတွက် ပထမဦးဆုံးနဲ့ အရေးအကြီးဆုံး လိုအပ်ချက်ကတော့ ပြည်ထောင်စုကို မဖြစ်မနေတည်ဆောက်မယ်ဆိုတဲ့ ခိုင်မာတဲ့ ပိုင်းဖြတ်ချက်ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုဆိုရတာပါလဲ။ သာမန်လူထုနားလည်အောင် တခွန်းတည်းနဲ့ပြောရရင် **တိုင်းပြည်အနေနဲ့ရော လူထုအနေနဲ့ပါ တွေ့ကြုံရင်ဆိုင်ကြရမယ့် အခက်အခဲတွေကို စုပေါင်းကျော်လွှားနိုင်ဖို့** ဖြစ်တယ်။

ယနေ့ကာလဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်နဲ့မတူ ခြားနားသွားပါပြီ။ Globalization လို့ခေါ်ကြတဲ့ ကမ္ဘာ့တခွင် ဆက်သွယ်ဆောင်ရွက်ကြတဲ့ခေတ်ဖြစ်ပါတယ်။ ကိုယ်တနိုင်ငံထဲနေလို့မရ ကမ္ဘာကြီးနဲ့ဆက်သွယ်ဆောင် ရွက်ကြရတယ်။ ကမ္ဘာ့စီးပွားရေးပြဿနာတွေ အားလုံးဟာ ကိုယ့်နိုင်ငံကို သက်ရောက်မှုရှိတာဖြစ်တယ်။ ကိုယ့်နိုင်ငံထဲက လူတွေကလဲ အရင်တုံးကလို မဟုတ်ဘဲ အကြောင်းအမျိုးမျိုးနဲ့ ကမ္ဘာ့တခွင်ကို ထွက်ခွာသွားရောက် လုပ်ငန်းတွေရှာဖွေ လုပ်ကိုင်ကြရတယ်။ ပြင်ပနိုင်ငံတွေက စီးပွားရေးလုပ်ငန်းကြီးတွေဟာလည်း ကိုယ့်နိုင်ငံထဲကို ဝင်ရောက်လုပ်ကိုင် လာကြတယ်။ ဒီကုမ္ပဏီကြီးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ ကြောက်ခမန်းလိလိကြီးမားပါတယ်။ မြန်မာနိုင်ငံလို နိုင်ငံငယ်တခုရဲ့ တမျိုးသားလုံး ထုတ်ကုန်ပမာဏထက် ကြီးမားအောင် ရင်းနှီးမြှုပ်နှံနိုင်တဲ့ ကုမ္ပဏီတွေ ကမ္ဘာမှာ မြောက်မြားစွာရှိတယ်။

ဒီလိုကမ္ဘာ့အခင်းအကျင်းအောက်မှာ ပြည်ထောင်စုကိုကြံ့ခိုင်အောင်တည်ဆောက်ပြီး ရင်မဆိုင်ဘဲ နိုင်ငံငယ်လေးတွေအဖြစ် ကွဲပြားသွားမယ်ဆိုရင် ကျားအစားခံရမယ့် သမင်ကလေးတွေဘဝကို ရောက်သွားနိုင်ပါတယ်။ မလေးရှားနိုင်ငံမှာ အတွေ့အကြုံတခုရှိခဲ့တယ်။ ဆာဘားပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်တွေကြီးကြီးမားမားအပ်နှင်းထားတဲ့အခါ သစ်တောရေးရာဝန်ကြီးလုပ်သူက သစ်ကုမ္ပဏီကြီးတခုနဲ့ပေါင်းပြီး သစ်တောတွေကို ခုတ်ဖြတ်ရောင်းစားခဲ့တဲ့ ကိစ္စပါ။ သစ်တောတွေ ကုန်ခမ်းသွားတာကြောင့် သဘာဝပတ်ဝန်းကျင် ဘေးဒဏ်ကိုခံခဲ့ရတာကတော့ လူထုသာ ဖြစ်ပါတယ်။ ဒါတောင်မှ ဆားဘားဟာ မလေးရှားနိုင်ငံရဲ့အစိတ်အပိုင်းဖြစ်နေဆဲပါ။

ပြည်ထောင်စု တည်ဆောက်ရေးနဲ့ စပ်လျဉ်းလို့ ဖက်ဒရယ်အခြေခံတခုတည်းကနေ စဉ်းစားရုံနဲ့ လုံလောက်မှု မရှိနိုင်ပါဘူး။ လူထုအခြေခံ၊ လူထုအဓိက လူ့အဖွဲ့အစည်းဖြစ်တဲ့ Civil Society အခြေခံတွေအပြင် ပြည်တွင်းနဲ့နိုင်ငံတကာမှာ ဖြစ်ပွားနေတဲ့ အနေအထားတွေနဲ့ ဆက်စပ်စဉ်းစားဖို့ လိုအပ်ပါတယ်။ ဘာကြောင့်ပြည်ထောင်စု တည်ဆောက်ဖို့ လိုအပ်သလဲဆိုတာကို လူထုအခြေခံကနေ စဉ်းစားမယ်ဆိုရင် နှစ်ပိုင်းရှိပါတယ်။ တပိုင်းက အင်အားကြီးမားတဲ့နိုင်ငံခြား စီးပွားရေးကုမ္ပဏီကြီးတွေရဲ့ ဝါးမျိုမှုကို တစုံတရာအင်အားရှိတဲ့ ပြည်ထောင်စုနိုင်ငံတခု တည်ဆောက်ပြီး ကြံ့ကြံ့ခံ ရင်ဆိုင်ဖို့ဖြစ်တယ်။ အားကောင်းတဲ့ ပြည်ထောင်စုနိုင်ငံကြီးတခုတည်ဆောက်ရေးအတွက် ပြည်ထောင်စုသားအားလုံး မလုပ်မဖြစ်ကြိုးပမ်းအားထုတ်ရမှာ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ရဲ့ဖိနှိပ်မှုမျိုးစုံအောက်မှာ စိတ်ပျက်လက်ပျက်ဖြစ်ပြီး ပြည်ထောင်စုရေးကိစ္စတွေကို ပစ်ပယ်ထားတာ၊ မတူတဲ့ တိုင်းရင်းသားတခုချင်းစီက ကိုယ့်လမ်းကိုယ်လျှောက်ဖို့ ရွေးချယ်တာမျိုးတွေ မဖြစ်သင့်ပါဘူး။ ဒီလို ဆိုရင်ဘယ်တော့မှ စစ်အာဏာရှင်စနစ်ကို ဖြိုချဖျက်ဆီးနိုင်မှာ မဟုတ်ရုံသာမက ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီး ဒေါက်တာကျောက်ဇန်းယောင်ဝေရဲ့ စကားနဲ့ပြောရမယ်ဆိုရင် တိရစ္ဆာန်သာသာဘဝကို ကျရောက်နေရတဲ့ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုအများစုကြီးရဲ့ ဘဝဟာလဲ ဘယ်တော့မှ လွတ်မြောက်ဖို့ မရှိနိုင်ပါဘူး။

ဥရောပသမဂ္ဂဟာ မျက်စိရှေ့မှောက်မှာတင် နိုင်ငံတွေနဲ့ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးတရပ်လို ဖြစ်လာပါတယ်။ နိုင်ငံတွေအားလုံးကို လွှမ်းခြုံပြီး အာဏာသက်ရောက်တဲ့ လူ့အခွင့်အရေးဆိုင်ရာ တရားရုံးလိုမျိုးပေါ်လာတဲ့အတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတခုချင်းစီ အတွင်းမှာ နေထိုင်ကြတဲ့ သက်ဆိုင်ရာ နိုင်ငံသားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ အပိုင်းတွေ ရှိလာတယ်။ ယူရိုလို့ခေါ်တဲ့ ဘုံ အသုံးပြုတဲ့ ငွေကြေးစနစ်တရပ်ကို ဖေါ်ထုတ်နိုင်တာကြောင့် အမေရိကန်ဒေါ်လာထက် အားကောင်းခိုင်မာပြီး တိုင်းပြည်တွေသာမက လူထုတွေပါ အကျိုးရှိလာတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အတော်များများအတွင်းမှာ ဖြတ်သန်းပြီး လူထုတွေအနေနဲ့ လွတ်လပ်စွာ ခရီးသွား၊ ကုန်သွယ်၊ အခြေချနေထိုင်၊ အလုပ်အကိုင်လုပ်နိုင်ကြတာကြောင့် စီးပွားရေးအခွင့်အလန်းအရ အကျိုးများလာကြတယ်။ ဒီလိုအနေအထားတွေကို အာဆီယံလို့ခေါ်တဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်းက လေ့လာနေကြရပါပြီ။ ဆိုလိုချင်တာကတော့ စုပေါင်းနေထိုင်၊ အကျိုးစီးပွားကိုခံစား၊ တွေ့ကြုံရတဲ့ ပြဿနာတွေကို အတူလက်တွဲဖြေရှင်း စတာတွေဟာ ပြည်ထောင်စုရဲ့ အခြေခံတွေဖြစ်တယ်။ ဒါတွေဟာ မင်္ဂလာတရားနဲ့ပြည့်စုံညီညွတ်တာ၊ အပြုသဘောကိုဆောင်တာ၊ ငြိမ်းချမ်းမှုကို

ဦးတည်တာ ဖြစ်ပါတယ်။ ပြည်ထောင်စုကို လူထုအခြေခံကနေ စဉ်စားသင့်တဲ့ နောက်ပိုင်းကတော့ ဘယ်လိုပြည်ထောင်စုမျိုး တည်ဆောက်မလဲ ဆိုတာပါဘဲ။

ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တွေကို လုပ်ပိုင်ခွင့်အာဏာတွေ များပြားလွန်းစွာ ပေးထားတဲ့ အခြေခံနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုမျိုးဟာ ရေရှည်မှာ လူထုအတွက် အကျိုးမရှိပါဘူး။ ဒါနဲ့ပတ်သက်ပြီး ပထမဆုံး သင်ခန်းစာ ယူသင့်တဲ့တိုင်းပြည်ကတော့ အမေရိကန်ပြည်ထောင်စု ဖြစ်ပါတယ်။ (၁၃) ပြည်ထောင်တွေနဲ့ ဖွဲ့စည်းထားခဲ့တဲ့ အမေရိကန်ပြည်ထောင်စုဟာ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်အာဏာတွေ များလွန်းပြီး ဗဟိုချုပ်ကိုင်မှုလျော့နည်းလွန်းတာကြောင့် အလုပ်မဖြစ်ခဲ့ပါဘူး။ ဗဟိုချုပ်ကိုင်မှု တိုးမြှင့်ပေးခဲ့ရတဲ့ အခြေခံနဲ့ ယခုပြည်ထောင်စုကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့တဲ့အခါမှာ အမေရိကန်ပြည်ထောင်စုဟာ လက်ရှိ အခြေအနေကို ရောက်ရှိလာပါတော့တယ်။

ဒုတိယ သင်ခန်းစာယူသင့်တဲ့ တိုင်းပြည်ကတော့ ယူဂိုဆလားဗီးယားပြည်ထောင်စု ဖြစ်ပါတယ်။ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်ခြောက်ခုရှိခဲ့တယ်။ ပြည်နယ်တခုနဲ့ အခြားပြည်နယ်တခု ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး စသဖြင့် စနစ်ခြင်းလုံးဝမတူဘူး။ ပြည်နယ်တခုက ပြည်နယ်သား တဦးဟာ အခြားပြည်နယ်တခုကိုရောက်သွားမယ်ဆိုရင် စနစ်လုံးဝပြောင်းလဲမှုကို ရင်ဆိုင်ရတာကြောင့် နေထိုင်၊ လုပ်ကိုင်၊ စားသောက်ရတာ အဆင်ပြေမှုမရှိဘူး။ ပြည်နယ်တခုချင်းစီဟာ ကိုယ့်ပြည်နယ် တိုးတက်ကြီးထွားရေး၊ ဖွံ့ဖြိုးစည်ပင်ရေးကိုသာ အာရုံစိုက်တယ်။ ပြည်ထောင်စု စိတ်ဓါတ် လွန်စွာနည်းလွန်းခဲ့တယ်။ နောက်ဆုံးမှာ ယူဂိုဆလားဗီးယား ပြည်ထောင်စုကြီး ပြိုကွဲသွားပါတော့တယ်။

ပြည်ထောင်စုကို လူထုအခြေခံကနေ ချဉ်းကပ်တဲ့အခါ အရေးအကြီးဆုံး အပိုင်းတရပ်လဲ ရှိနေပါသေးတယ်။ အဲဒါကတော့ ပြည်ထောင်စု အစိုးရအနေနဲ့ဖြစ်စေ၊ ပြည်နယ်အစိုးရတွေအနေနဲ့ဖြစ်စေ သက်ဆိုင်ရာ ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူထုတွေ ရသင့်ရထိုက်တဲ့ အခြေခံအခွင့်အရေးတွေကို ချိုးဖေါက်တာတွေ အချိန်မရွေးဖြစ်ပွားနိုင်ပါတယ်။ ဒီနေရာမှာတော့ ပြည်ထောင်စုကို လူမျိုးရေးအခြေခံသက်သက်ကနေ စဉ်းစားလို့ လုံးဝမရနိုင်တော့ပါဘူး။ ဗမာကို ဗမာက ပြန်ပြီး အုပ်ချုပ်ခွင့်ရရင်၊ ရှမ်းကို ရှမ်းက ပြန်ပြီးအုပ်ချုပ်ခွင့်ရရင်၊ ကရင်ကို ကရင်က ပြန်ပြီး အုပ်ချုပ်ခွင့်ရရင် စသဖြင့် သက်ဆိုင်ရာ လူမျိုးတွေအလိုက် ကိုယ့်ပြည်နယ်ကို ကိုယ်ပြန်ပြီး အုပ်ချုပ်ခွင့်ရရုံနဲ့ အားလုံးကောင်းသွားလိမ်မယ့်လို့ ယူဆရင် တက်တက်စင်လွဲသွားပါလိမ့်မယ်။ ဒီနေရာမှာ ပြည်ထောင်စုအစိုးရကိုရော၊ ပြည်နယ်အစိုးရတွေကိုရော အစိုးရအုပ်ချုပ်ရေးအာဏာပိုင်တွေအနေနဲ့သာ ကြည့်ရမှာဖြစ်ပါတယ်။ ဘယ်လိုစနစ်နဲ့ တည်ဆောက်ထားတဲ့ နိုင်ငံဖြစ်ပါစေ၊ ဘယ်လောက်ကောင်းမွန်အောင် တည်ဆောက်ထားတဲ့ ပြည်ထောင်စုဖြစ်ပါစေ၊ အစိုးရကို အစိုးရလိုဘဲ ရှုမြင်ရမှာဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဘယ်လိုပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊ ဘယ်လိုလူမျိုးရေး အခြေခံကဘဲလာလာ၊ လူဆိုတာ အာဏာရလာရင် ဖေါက်ပြန်သွားတတ်တယ်၊ ကိုယ်ကျိုးရှာသွားတတ်တယ်၊ တိုင်းပြည်နဲ့ လူထုကိုရောင်းစားသွားတတ်ကြတယ်၊ ဆိုတဲ့ အချက်ပါဘဲ။ လူ့သမိုင်းမှာ ပြန်ကြည့်ရင် ဒီလိုဖြစ်သွားခဲ့တဲ့ သာဓကတွေ ရေတွက်လို့ မရနိုင်လောက်အောင်ကို ရှိခဲ့ပါတယ်။

ဒါကြောင့် ဒါကိုလက်ခံတယ်ဆိုရင် ပြည်ထောင်စုမှာရော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးမှာပါ အစိုးရအာဏာပိုင်တွေ မဟုတ်မတရားလုပ်ဆောင်မယ့် ကိစ္စတွေကို စောင့်ကြည့်ပြီး ဝေဖန်ထောက်ပြမယ့် လူထုအသင်းအဖွဲ့တွေ၊ သတင်းဌာနတွေ လွတ်လပ်စွာ ဖွဲ့စည်းရပ်တည်ခွင့်၊ လှုပ်ရှားခွင့်၊ သူတို့ရဲ့ တွေ့ရှိချက်တွေကို လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်တွေ ရှိဘို့ လိုပါတယ်။ ဒီလိုမျိုး Civil Society လို့ခေါ်တဲ့ လူထုအခြေခံလူ့အဖွဲ့အစည်းအခြေခံကနေ ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာ ပြည်ထောင်စုတွေဟာ တိုးတက်ကြီးပွားတယ်၊ လူထုတွေဟာလည်း တရားမျှတမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှုတွေ ရရှိကြတယ်ဆိုတာကို ဥရောပသမဂ္ဂမှာတည်ရှိတဲ့ ပညာရှင်အဖွဲ့အစည်းတွေက ထောက်ပြကြပါတယ်။

ပြည်ထောင်စုကို သည်လိုမှန်ကန်တဲ့ တွေးခေါ်စဉ်းစားချက်မျိုးတွေနဲ့ ချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ တနေ့တလံ ပုဂံ ဘယ်ပြေးမလဲ ဆိုတဲ့ မြန်မာစကားရှိပါတယ်။ လမ်းကြောင်းမှန်ရင် ပုဂံကို တနေ့တော့ရောက်ကြရမှာပါ။ ငြိမ်းချမ်းတဲ့ ပြည်ထောင်စု သစ်ကြီးတခုကို တည်ဆောက်နိုင်ကြမှာပါ။ ဒါပေမယ့် ၁၉၉၃ ခုနှစ်က စပြီး တဆယ့်ငါးနှစ်နီးပါးကြာမျှ ကျင်းပခဲ့ကြတဲ့ နအဖရဲ့ အမျိုးသားညီလာခံမှာတော့ ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ပတ်သက်လို့ သည်လို မှန်ကန်တဲ့ လေ့လာစဉ်းစားချက်မျိုးတွေ တစိုးတစိမျှမပါရှိခဲ့ပါဘူး။ မှတ်တမ်းတွေ ပြန်ကြည့်ပါ၊ သည်လိုမျိုး အခြေခံကနေ တကြိမ်တခါဖူးမျှ ဆွေးနွေးခဲ့ကြဖူးခြင်း မရှိပါဘူး။ ဒါကြောင့် ဒီအမျိုးသားညီလာခံကနေ ရေးဆွဲလိုက်တဲ့ နအဖ ရဲ့ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံအပေါ် အခြေခံပြီး ပြည်ထောင်စု တည်ဆောက်မယ်ဆိုရင် လမ်းကြောင်းဟာ လုံးဝလွဲမှားသွားမှာဖြစ်ပါတယ်။ လွဲမှားတဲ့ လမ်းကြောင်းကို လျှောက်မိလို့ကတော့ ပုဂံကို ရောက်မှာမဟုတ်၊ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စု သစ်ကြီး တည်ဆောက်နိုင်မှာမဟုတ်ဘဲ၊ အဝီစိငရဲ ကိုသာ ရောက်နိုင်ခြေရှိမယ့် အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

မြန်မာရွှေ့ပြောင်းအလုပ်သမားများရေးရာ

ထိုင်းနိုင်ငံတောင်ပိုင်းတွင် မြန်မာ ၅၄ ဦး အသက်ရှူကြပ်၍သေဆုံးမှုအပေါ် ဥပဒေရှုထောင့်မှ လေ့လာသုံးသပ်ခြင်း

ဦးသန်းနိုင် (BLC)

မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံကို လူပွဲစားများက ခေါ်ဆောင်လာတဲ့ မြန်မာအလုပ်သမား (၁၂၁) ဦးတို့သည် ၂၀၀၈ ခုနှစ် ဧပြီလ (၉)ရက်နေ့ည ၁၀း၃၀ တွင် ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းကနေ ဖူးခက်ကိုအသွား လမ်းခရီးတွင် တင်ဆောင်လာသော အလုံပိတ်ကားမှာ လေအေးစက်ချို့ယွင်းမှုကြောင့် ကားထဲမှ မြန်မာအလုပ်သမားများ အသက်ရှူကြပ်ခဲ့ရပါသည်။ ထိုမြန်မာအလုပ်သမားများထဲမှ ၅၄ ဦးသည် အသက်ရှူကြပ်၍ သေဆုံးခဲ့ပြီး ၂၁ ဦး မှာ ဆေးရုံတင်ဆေးကုသမှုကို ခံယူခဲ့ရပါတယ်။ ကျန် ၄၆ ဦးမှာ ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်မှုဖြင့် ရနောင်းခရိုင် ရဲတပ်ဖွဲ့က ဖမ်းဆီးထားခဲ့ပါသည်၊ နောက်ဆုံးသတင်းအရ သေဆုံးသွားတဲ့မြန်မာအလုပ်သမား တွေကို ထိုင်းနိုင်ငံမှာဘဲ မြေချခဲ့ပြီး အသက်ရှင်ကျန်ရစ်ခဲ့သူတွေကိုတော့ ထိုင်းတရားရုံးက ထောင်ဒဏ်(၁၀)ရက်ချကာ မြန်မာဘက်ကမ်း ကော့သောင်းကို လွှဲအပ်ခဲ့တယ်လို့သိရပါတယ်။ ဒီဖြစ်ရပ်ဟာ ထိုင်းနိုင်ငံမှာ ကြီးမားတဲ့ အမှုကြီးတခုဖြစ်သလို နိုင်ငံတကာကလည်း စိတ်ဝင်တစားဖြစ်ခဲ့တဲ့ ကိစ္စဖြစ်ပါသည်။

ထိုင်းရဲအရာရှိ၏ပြောဆိုချက်

ထိုမြန်မာအလုပ်သမားများ အစုလိုက်အပြုံလိုက် သေဆုံးမှုနဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံမှာ ဥပဒေဆိုင်ရာ အငြင်းပွားမှုတွေရှိခဲ့ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ထိုင်းရဲအရာရှိ၏ ပြောဆိုချက်မှာဆိုလျှင် သေဆုံးသူ မြန်မာအလုပ်သမား ၅၄ ယောက်အပါအဝင် အသက်ရှင်ကျန်ရစ်သူများဟာ လူကုန်ကူးခြင်းခံရတာ မဟုတ်ဘူးလို့ ပြောဆိုခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကို အတင်းအဓမ္မအနိုင်အထက်ပြုပြီး ပြန်ပေးဆွဲခေါ်ဆောင်လာတာမဟုတ်တဲ့အပြင် လိမ်ညာလှည့်ဖြား ခေါ်ဆောင်လာတာလည်း မဟုတ်၊ အတင်းအကြပ်ခေါ်ဆောင် လာတာ

လည်းမဟုတ်၊ သူတို့ဆန္ဒအလျောက် ဒီခရီးကိုရွေးပြီး သူတို့ကိုယ်တိုင် ခရီးစရိတ်ပေးကာ ထိုင်းနိုင်ငံကို တရားမဝင် ဝင်ရောက်လာတာလို့ဆိုပါတယ်။ ဒါ့အပြင် ထိုမြန်မာအလုပ်သမား တွေဟာ ဘယ်နေရာကို သွားမယ်ဆိုတာ အတိအကျမရှိဘူး၊ ဘယ်အလုပ်ရှင်နှင့် ဘာအလုပ်လုပ် မယ်ဆိုတာ အတိအကျမပြောနိုင်ကြဘူး၊ ဘယ်နေရာ ဘယ်အလုပ်ရှင်နှင့် ဘာအလုပ်လုပ် မလဲဆိုတဲ့ သက်သေအထောက် အထားမခိုင်လုံတဲ့အတွက် ဒီကိစ္စဟာ လူကုန်ကူးခြင်းမဟုတ် ဘူးလို့ ပြောဆိုခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် အလုပ်သမားများဟာ ထိုင်းနိုင်ငံကို တရား မဝင် ဝင်ရောက်လာတဲ့အတွက် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် အရေးယူခံရမှာဖြစ်တယ်လို့ ထပ်မံပြောဆိုခဲ့ပါတယ်။ ထိုင်းရဲအရာရှိအနေဖြင့် မြန်မာ ၅၄ ဦးသေဆုံးခြင်းနှင့်ပတ်သက်၍ လူကုန်ကူးမှု မဟုတ်ဘူးလို့ အတိအလင်းပြောဆိုသွားသည့်အပြင် အသက်ရှင်ကျန်ရစ်သူများ အနေဖြင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဥပဒေအရ အရေးယူခံရမည်ဆိုတာကို ပြောဆို သွားခြင်းဖြစ်ပါသည်။

ပါမောက္ခ ဝစ်တစ်၏ငြင်းဆိုချက်

ဒီကိစ္စနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံ ချူလာလွန်ခွန် တက္ကသိုလ်မှ ဥပဒေပညာရှင် ပါမောက္ခ ဝစ်တစ်က မြန်မာအလုပ်သမား ၁၂၁ ဦးတို့ဟာ မြန်မာနိုင်ငံမှအစပြုပြီး ဆင့်ကဲဆင့်ကဲ အကြိမ် ပေါင်းများစွာ ခေါင်းပုံဖြတ် ခံခဲ့ရပါတယ်။ ထိုအလုပ်သမားများဟာ ဘယ်နေရာ၊ ဘယ်ဒေသကို ဘယ်လိုသွားမလဲဆိုတာ သူတို့ကိုယ်တိုင် မရွေးချယ်နိုင်ဘူးဖြစ်တယ်။ သယ်ဆောင်လာတဲ့ ကားကို စွန့်ခွာပြီး သူတို့သွားချင်တဲ့ နေရာကို သွားနိုင်ခြင်းမရှိပါဘူး၊ သူတို့ဟာ ကားတခုမှ တခုသို့ ဒါမှမဟုတ် ကားတခုတည်းကနေ သယ်ဆောင်သွားခြင်းခံခဲ့ရပါတယ်။ ဒါကြောင့် ဒီမြန်မာအလုပ်သမား များဟာ တဦးဦးရဲ့ သို့မဟုတ် အဖွဲ့တခုခုရဲ့ ခေါင်းပုံဖြတ်ခြင်းကို ခံခဲ့ရပြီး တနေရာရာမှာ အခိုင်း အစေများ ဖြစ်လာနိုင်တယ်၊ ဒါကြောင့် ဒီမြန်မာအလုပ်သမား များဟာ လူကုန်ကူးခြင်းခံခဲ့ ရတယ်လို့ ပြောဆိုသွားခဲ့ပါသည်။

ပညာရှင်က နောက်ထပ်ဘာပြောသလဲဆိုတော့ ထိုင်းနိုင်ငံတွင် ဘီအီး ၂၅၄၀၊ အမျိုးသမီး နှင့် ကလေးများ လူကုန်ကူးခြင်းမှ ကာကွယ်တဲ့ဥပဒေဆိုတာ ရှိပါတယ်။ အဲဒီဥပဒေအရ ကလေး နှင့် အမျိုးသမီးများသည် ခေါင်းပုံဖြတ်ခြင်းခံရပါက ဘယ်နေရာကိုဘဲဖြစ်ဖြစ် ထိုအမျိုးသမီးနှင့် ကလေးတွေဟာ သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ ဘီအီး ၂၅၄၀ အရ အကျုံး ဝင်သည်ဟု ပြဌာန်းထားသည်။ ဒီကိစ္စမှာ အမျိုးသမီးနှင့်ကလေးများလည်း ပါဝင်တာကြောင့် ထိုင်းဥပဒေဘီအီး ၂၅၄၀ ၏ ပြဌာန်းချက်မှာ အကျုံးဝင်နေပါတယ်လို့ ထောက်ပြခဲ့ပါတယ်။

ဒါ့အပြင် ပါမောက္ခ ဝင်းတစ်က ထိုင်းနိုင်ငံသည် နိုင်ငံတကာ နိုင်ငံဖြတ်ကျော်၍ ဂိုဏ်းဖွဲ့ကျူးလွန်သော မှုခင်းများ တိုက်ဖျက်ရေး သဘောတူစာချုပ် (United Nations Convention against Transnational Organized Crime)ကို လက်မှတ်ထိုးထားပြီးဖြစ်တယ်။ မကြာမီမှာ ထိုင်းနိုင်ငံရဲ့ ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်းကျင့်သုံးတော့မှာဖြစ်သည်၊ ထိုစာချုပ်မှာ လူကုန်ကူးခြင်းအဓိပ္ပါယ်ကို ဖွင့်ဆိုထားရာမှာ (၁)လူကိုစုဆောင်းခြင်း၊ (၂)သယ်ယူပို့ဆောင်ခြင်း၊ (၃)လွှဲပြောင်းခြင်း၊ (၄)လူများကိုဝှက်ထားခြင်း၊ (၅) လက်ခံထားခြင်း တို့ဖြစ်ရာ ဒီမြန်မာအလုပ်သမားများ သေဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ ဖြစ်စဉ်တလျှောက်လုံးကို ပြန်ကြည့်မည်ဆိုပါက စာချုပ်တွင်ပါဝင်သော လူကုန်ကူးခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်နေပါတယ်လို့ ထပ်မံထောက်ပြခဲ့ပါတယ်။

ဒါကြောင့် ပါမောက္ခ ဝင်းတစ် ထောက်ပြခဲ့သလို ထိုင်းနိုင်ငံရဲ့တည်ဆဲဥပဒေအရဘဲဖြစ်ဖြစ်၊ နိုင်ငံတကာ ဥပဒေအရဘဲဖြစ်ဖြစ်၊ အမှုဖြစ်စဉ်အရကြည့်မယ်ဆိုရင် ဒီမြန်မာအလုပ်သမား ၅၄ ယောက်သေဆုံးခြင်းကိစ္စဟာ လူကုန်ကူးမှုဖြစ်ပြီးတော့ ပင်လယ်အစားအစာ တင်ဆောင်တဲ့ ကားဖြင့် သယ်ဆောင်ခြင်းခံခဲ့ရတဲ့ မြန်မာအလုပ်သမားအားလုံးဟာ အမှန်တကယ် လူကုန်ကူးမှုသားကောင်တွေဖြစ်ခဲ့ရပါတယ်ဆိုတာ ပေါ်လွင်ပါတယ်။

သုံးသပ်ချက်

ဒီအမှုအဖြစ်အပျက်အပေါ် အသေးစိတ်ပြန်လည် လေ့လာကြည့်မယ်ဆိုရင် ပထမတစ်အချက်အနေနဲ့ အမှုဖြစ်ပျက်ခဲ့တဲ့အခြေအနေပေါ်မှာပြောရရင် သေဆုံးသူ မြန်မာ ၅၄ ဦး အပါအဝင် အသက်ရှင်ကျန်ရစ်သူ များဟာ–

(၁) လူစီးကားမဟုတ်ဘဲ၊ ပင်လယ်အစားအစာများတင်ဆောင်သော အလုံပိတ်ကားဖြင့် တင်ဆောင်မှုကို ခံခဲ့ရတယ်၊

(၂) အစီအစဉ်ရှိရှိဖြင့် ပြုလုပ်ရန် စနစ်တကျစီစဉ်ထားသော ဂိုဏ်းအလိုက်ကျူးလွန်မှုတွင် ဓါးစားခံဖြစ် သွားခဲ့တယ်၊

(၃) ထိုင်းနိုင်ငံမှာရှိတဲ့ ဘယ်အလုပ်ရှင်၊ ဘယ်နေရာ၊ ဘာအလုပ်လုပ်မလဲဆိုတာကို မသိဘဲ လျှို့ဝှက် ခေါ်ဆောင်သွားခြင်းကို ခံခဲ့ရတယ်။

ဒါကြောင့် မြန်မာအလုပ်သမားတွေဟာ ခေါင်းပုံဖြတ်ခြင်းခံရသလို ကျွန်များလည်းဖြစ်လာနိုင်တဲ့အတွက် ဒီကိစ္စမှာ ကျူးလွန်သူတွေဟာ လူကုန်ကူးမှုမြောက်ပြီး၊ အလုပ်သမား ၁၂၁ ယောက်ဟာ နစ်နာသူတွေဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ အမှုဖြစ်စေသောအကြောင်းခြင်းရာဟာ ၅၄ ဦးမသေခင်ကတည်းက ရှိခဲ့တာဖြစ်တယ်။ ပြစ်မှုကျူးလွန်သူတွေဟာ မြန်မာအလုပ်သမား ၁၂၁ ဦးစလုံးကို မြန်မာပြည်မှာရှိတဲ့ သူတို့နေရပ်ကနေ နယ်စပ်ကို ခေါ်ဆောင်သွားခဲ့တယ်၊ နယ်စပ်မှာတည်းခိုတယ်၊ အဲ့ဒီနောက် မြန်မာပြည်နယ်စပ်ဂိတ်ကနေ ထိုင်းနယ်စပ်ဂိတ်ကိုဖြတ်ပြီး ရနောင်းမြို့ တနေရာမှာ ကွယ်ဝှက်ထားခဲ့တယ်။ နောက်ဆုံး အလုံပိတ်ကားနဲ့ သူတို့ကို ကွယ်ဝှက်ပြီး ဖူးကတ်ကို သယ်ဆောင်သွားခဲ့တယ်။ လမ်းခရီးမှာ ၅၄ ဦးသေဆုံးခဲ့တယ်။ ဒီနေရာမှာ ကားသမားသာ ကားမရပ်ဘဲ ဆက်သွားမယ်ဆိုရင် တင်ဆောင်လာတဲ့အလုပ်သမားအားလုံး သေဆုံးနိုင်

ဖွယ်ရှိပါတယ်။ အကယ်၍သာ သူတို့နေရပ်ကနေခေါ်ဆောင်လာမှုမရှိဘူးဆိုရင် ထိုင်းနိုင်ငံမှာ ဒီလိုအဖြစ်မျိုးနဲ့ သေဆုံးနိုင်ဖွယ်ရာ အကြောင်းမရှိပါဘူး။ ပြစ်မှုကျူးလွန်သူတွေဟာ အစီအစဉ်ရှိရှိဖြင့် ခေါ်ဆောင်လာ၍သာ ဒီလို အဖြစ်ဆိုးမျိုးနှင့်ကြုံတွေ့ခဲ့ရတာဖြစ်တယ်။ ဒီအပေါ်မှာ မြန်မာနိုင်ငံမှာရှိတဲ့ သူတို့နေရပ်ကနေစပြီး ကျနော်တို့ လေ့လာသုံးသပ်ဖို့ လိုအပ်လာပါတယ်။

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုကာကွယ်တားဆီးရေးဥပဒေဆိုတာရှိတယ်။ အဲ့ဒီဥပဒေရဲ့ ပုဒ်မ–၃ မှာ လူကုန်ကူးမှုကို အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ ပုဂ္ဂိုလ်တဦးဦးဟာ အခြားသူတဦးတယောက်အား ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်းဖြင့်** လူများကိုသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ လက်ခံခြင်း စတာတွေကို ပြုလုပ်ခြင်းလို့

ဖွင့်ဆိုထားတဲ့ အတွက် ဒီအမှုဟာ လူကုန်ကူးမှုမြောက် တယ်ဆိုတာကို ပြောချင်ပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံထဲက နယ်မြေခံအာဏာပိုင် နှင့် နယ်စပ်ဂိတ်တာဝန်ကျသူများဟာ ထိုသူတွေကို တဖက်နိုင်ငံသယ်ဆောင်သွားရာမှာ ပူးပေါင်းကြံစည်ရာရောက်တဲ့အတွက် ပြစ်မှုကျူးလွန်သူအပါအဝင် နယ်မြေအာဏာပိုင်နှင့် နယ်စပ်ဂိတ်တာဝန်ကျသူများ အားလုံးသည် လူကုန်ကူးမှုဥပဒေကို ချိုးဖောက်ခြင်းဖြစ်တယ်။ ဒါက မြန်မာနိုင်ငံလူကုန်ကူးမှုဥပဒေအရ မြန်မာအာဏာပိုင်တွေမှာ တာဝန်ရှိခြင်းဖြစ်တယ်။

ထိုင်းနိုင်ငံကိုကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံရဲ့ ဘီအီး ၂၅၄၀ ဖြစ်တဲ့ အမျိုးသမီးနှင့် ကလေးများ လူကုန်ကူး ခြင်းမှ ကာကွယ်တားဆီးရေးဥပဒေမှာ အမျိုးသမီးတဦး သို့မဟုတ် ကလေးတဦးဟာ ခေါင်းပုံဖြတ်ခြင်းခံရလျှင် ထိုင်းနိုင်ငံသို့လာရန် ထိုသူ၏သဘော တူညီသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထိုအချက်နှင့်မသက်ဆိုင်ကြောင်း အတိအလင်းပြဋ္ဌာန်း ထားတာဖြစ်တယ်။ အခုအမှုမှာ မြန်မာအမျိုးသမီးအများအပြားပါဝင်သည့်အပြင် အသက်မပြည့်သေးတဲ့ ကလေးလည်းပါဝင်သည်ဖြစ်ရာ ဒီဥပဒေနှင့် လုံးဝအကျုံးဝင်နေပါတယ်။ ဒါကြောင့် ဒီနစ်နာသူတွေကို လက်ခံခေါ်ဆောင်လာရာမှာ ပြစ်မှုကျူးလွန်သူအပါအဝင် ထိုင်းနယ်စပ်ဂိတ်မှ တာဝန်ကျသူများ၊ နယ်မြေခံထိုင်းရဲများ၊ နယ်မြေခံ အာဏာပိုင်များ၊ ရနောင်းတနေရာမှာ တည်းခိုလက်ခံသူများ၊ သယ်ဆောင်သွားသော ကားပိုင်ရှင်နှင့် ကားမောင်းသမားများ စတာတွေအားလုံးဟာ ဤလူကုန်ကူးမှုတွင် လုံးဝတာဝန်ရှိတယ်။ ထိုသူတွေဟာ ထိုင်းဥပဒေ ဘီအီး ၂၅၄၀ ကို အတိအလင်း ချိုးဖောက်တာဖြစ်ပါတယ်။

လူကုန်ကူးမှုကာကွယ်ရေးနှင့်တိုက်ဖျက်ရေးဥပဒေရှိလျက်နှင့် လူကုန်ကူးမှုများ ပေါ်ပေါက်နေရသောအကြောင်းရင်းများ

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုကာကွယ်ရေးနှင့်တိုက်ဖျက်ရေးဥပဒေကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလမှာ ပြဋ္ဌာန်းခဲ့တာဖြစ်တယ်၊ ထိုင်းနိုင်ငံမှာတော့ ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှာ ပြဋ္ဌာန်းပြီး ဇွန်လမှာ စတင်အကောင်အထည်ဖော်တာဖြစ်တယ်။ ဒါပေမယ့် ၅၄ ယောက် သေဆုံးမှုဖြစ်နေချိန်မှာ ဘီအီး ၂၅၅၀ အမျိုးသမီးနှင့် ကလေးများ လူကုန်ကူး ခြင်းမှ ကာကွယ်သည့် ဥပဒေဆိုတာ ရှိပါတယ်။ မြန်မာနိုင်ငံမှာကော ထိုင်းနိုင်ငံမှာကော လူကုန်ကူးမှုနှင့် ပတ်သက်ပြီး ဥပဒေများရှိပါတယ်။ ဒါပေမဲ့ အကောင်အထည်ဖော်ဆောင်တဲ့နေရာမှာ ထိရောက်မှု ရှိမရှိ ဆိုတာကိုသာ ကြည့်ရမှာဖြစ်ပါတယ်။ ဥပဒေတော့ ရှိပြီး အကောင်အထည် ဖော်တဲ့နေရာမှာ ထိရောက်မှုမရှိရင် ဥပဒေဆိုတာ စာရွက်ပေါ်မှာသာရှိတဲ့အတွက် ဘာမှအသုံးဝင်တော့မှာ မဟုတ်ပါဘူး။ ဒီလူကုန်ကူးမှုနှင့်ပတ်သက်တဲ့ဥပဒေကို လက်တွေ့အကောင်အထည် ဖော်တဲ့နေရာမှာ မြန်မာက ပညာပေးလုပ်ငန်းအနေနဲ့ ရုပ်မြင်သံကြားတွေကနေ ထုတ်လွှင့်နေတာရှိပါတယ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာတွေကလည်း သင်တန်းတွေ၊ ဆွေးနွေး ပွဲတွေပြုလုပ်နေတာရှိပါတယ်။ ဒါပေမဲ့ တကယ့်အောက်ခြေပြည်သူတွေဆီ တိုက်ရိုက်ရောက်တာ မဟုတ်ဘူး၊ ဥပမာ– စီးပွားရေးကြပ်တည်း တော်ပြတ်နေတဲ့ အောက်ခြေပြည်သူတွေဟာ ရုပ်မြင်သံကြားတွေကြည့်နိုင် တာမဟုတ်ဘူး၊ အမျိုးသမီးရေးရာက သင်တန်းတွေပေးတယ်၊ ဆွေးနွေးပွဲတွေလုပ်တယ်ဆိုတာက ရုပ်ပြသဘောသာဖြစ်တယ်၊ သူတို့ရဲ့ဆွေမျိုးသားချင်းတွေ ကိုသာ ခေါ်ယူတာဖြစ်တယ်။ ဒါကြောင့် အောက်ခြေပြည်သူတွေဆီ တိုက်ရိုက်မရောက်တဲ့ အတွက် အသိပညာနည်းပါးသထက်နည်း ပါးနေတာဖြစ်တယ်။

နောက်တခုက မြန်မာစစ်အစိုးရဟာ နိုင်ငံသားများအတွက် အလုပ်လုပ်ကိုင်ခွင့် အခွင့်အလန်း ဖန်တီးထားမှုမရှိပါဘူး၊ အဲ့ဒီ အခွင့်အလန်းမရှိတာက လူကုန်ကူးမှုခံရခြင်းကို တွန်းအားပေးနေတဲ့ သဘောဖြစ်နေပါတယ်။ တကယ်တန်းအောက်ခြေပြည်သူတွေမှာ မိသားစု ၁၀ ယောက်မှာ ၂ ယောက်လောက်သာ အလုပ်ရှိတာဖြစ်တယ်။ အဲ့ဒီ ၂ ယောက်ကလည်း တယောက်က ဝန်ထမ်း၊ တယောက်ကကျပန်း၊ ဝန်ထမ်းလစာနဲ့ မိသားစု ဘယ်လိုစားလေက်မှာလဲ၊ ကျပန်းလုပ်တော့ကော မိသားစုဘယ်စားလေက်မလဲ၊ ဒါကြောင့် အလုပ်အကိုင် ပေါများတဲ့ နီးစပ်ရာနယ်စပ်နိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်ဖို့ ထွက်ခွာသွားကြတာ ဖြစ်တယ်။

ဒီအပေါ်အခွင့်ကောင်းယူပြီး ဝိသမလောဘသားတွေက တဖက်နိုင်ငံကို လူကုန်ကူးကြ၊ ရောင်းစားကြ၊ အမြတ်ထုတ်ကြတာဖြစ်တယ်။ ဒါကြောင့် လူကုန်ကူးမှုတွေဟာ ပေါ်ပေါက်လာတာဖြစ်တယ်။

ထိုင်းနိုင်ငံကိုကြည့်မယ်ဆိုရင် ထိုင်းအလုပ်ရှင်တွေဟာ စီးပွားရေးသမားများပီပီ အမြတ်အစွန်းအတွက် သာကြည့်ကြတာဖြစ်တယ်။ ထုတ်ကုန်တွေကို ထုတ်နိုင်ဖို့အတွက် စျေးပေါသော လုပ်အားတွေရမယ်ဆိုရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် လုပ်ကြတာဖြစ်တယ်။ ဒီအချက်ကလည်း လူကုန်ကူးမှုကို တွန်းအားပေးတဲ့ အချက်တခုဖြစ်တယ်။ နောက်တချက်က မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းအလုပ်သမားဝန်ကြီးဌာနအနေဖြင့် ဥပဒေအရ ကန့်သတ်မှုတွေရှိနေပါတယ်။ အလုပ်သမားလက်မှတ်တွေရှိသော်လည်း မြန်မာအလုပ်သမားတွေဟာ လွတ်လွတ်လပ်လပ်သွားလာခွင့်မရှိဘူး။ သွားချင်တဲ့နေရာဒေသကို ခိုးသွားရပါတယ်။ ထို့သို့ အလုပ်သမား လက်မှတ်တွေကို တရားဝင်မှုအဆင့်အတန်းဖြစ်အောင် မလုပ်ပေးသည့်အတွက် ဒီအချက်ကလည်း လူကုန်ကူးမှုကို တွန်းအားပေးတဲ့သဘောဖြစ်တယ်။ အဲ့ဒါကြောင့်–

(၁) မြန်မာနိုင်ငံမှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို အောက်ခြေပြည်သူလူထု ထိရောက်အောင် မြန်မာစစ်အစိုးရအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့လိုအပ်တယ်။

(၂) မြန်မာစစ်အစိုးရဟာ ကိုယ့်နိုင်ငံသားတွေကို အလုပ်အကိုင်တွေရဖို့ အခွင့်အလမ်းတွေကို ဖန်တီးဖို့ လိုအပ်ပါတယ်။

(၃) ထိုင်းအလုပ်ရှင်တွေဟာ မြန်မာနိုင်ငံမှ စျေးပေါသောအလုပ်သမားများကို ရရှိနေသော်လည်း ထိုင်းအလုပ်သမားဝန်ကြီးဌာန အနေဖြင့် ဥပဒေအရတရားဝင်မှုအဆင့်အတန်းဖြစ်အောင် အမြန်ဆုံးလုပ်ဆောင်ဖို့ လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လုပ်ရှားမှုမှတ်တမ်း

ကရင်နီဒုက္ခသည်စခန်းတွင် ကျင့်သုံးမည့် တရားဥပဒေများပေါ်ပေါက်လာရေး လုပ်ရှားဆောင်ရွက်မှု

ဦးသန်းနိုင်
သင်တန်းဌာန

ကရင်နီဒုက္ခသည်စခန်း တရားဥပဒေများ ပြန်လည်မွမ်းမံရေးနှင့်ပတ်သက်၍ လာရောက်ဆွေးနွေးမှုပြုလုပ်ပေးပါရန် ကရင်နီဒုက္ခသည်ပင်မကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးလေးမောင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံရှေ့နေများကောင်စီအထွေထွေအတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(၂)ဦး၊ ဥပဒေအထောက်အကူပြုဌာနမှ အဖွဲ့ဝင်(၁)ဦးနှင့် ရုံးအဖွဲ့ဝင် (၁)ဦးတို့သည် (၆၊ ၁၁၊ ၀၈) နေ့မှ (၈၊ ၁၁၊ ၀၈)နေ့ထိ (၃)ရက်တာအလုပ်ရုံဆွေးနွေးပွဲကို မဲဟောင်ဆောင်ခရိုင်၊ နန်းဆွယ်ရွာရှိ ကရင်နီဒုက္ခသည်စခန်း ပင်မကော်မတီရုံးခန်းမတွင် ကျင်းပခဲ့ပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ကရင်နီဒုက္ခသည်စခန်းပင်မကော်မတီမှ အဖွဲ့ဝင်များ၊ စခန်းတရားရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စခန်းလုံခြုံရေးတာဝန်ရှိသူများ၊ စခန်းပညာရေးဌာနမှ ကိုယ်စားလှယ်များ၊ ကရင်နီလူငယ်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ စခန်းကျန်းမာရေးဌာနမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ(IRC)၏ ဥပဒေအထောက်အကူပြုဌာနမှ လေ့လာသူဝန်ထမ်း(၂)ဦး အပါအဝင် စုစုပေါင်း (၁၈) ဦးခန့် တက်ရောက်ခဲ့ပါ သည်။ ပထမနေ့တွင် ပြစ်မှုဆိုင်ရာအခြေခံများအား သုံးသပ်ဆွေးနွေးခြင်း၊ ဒုတိယနေ့တွင် တရားမျှတသောတရားခွင်နှင့် ရှိသင့်ရှိထိုက်သော ပြစ်မှုဆိုင်ရာကျင့်ထုံးများကို ဆွေးနွေးခဲ့သည်။ နောက်ဆုံးနေ့တွင် ဒုက္ခသည်စခန်းဖွဲ့စည်းအုပ်ချုပ်မှုလက်စွဲ ပေါ်ပေါက်လာနိုင်ရေး အခြေခံများကို အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။

ဤကဲ့သို့အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသော အသိအမြင်များအပေါ်အခြေခံ၍ ဒုက္ခသည်စခန်းဝင်များ အနေဖြင့် ဥပဒေစိုးမိုးရေးကို အခြေခံသော တရားဥပဒေများနှင့် လွတ်လပ်သော တရားစီရင်ရေးပေါ်ပေါက်လာရန်အတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီ(BLC)၊ နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ (IRC)၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် လူထုအသင်းအဖွဲ့များ၏ အကူအညီကိုရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထားများကို ချမှတ်ခဲ့ကြပါသည်။

ကရင်နီအမျိုးသမီးအဖွဲ့၏ ဖိတ်ခေါ်ချက်အရ (၈၊ ၁၁၊ ၀၈)နေ့ အလုပ်ရုံဆွေးနွေးပွဲပြီးပြီးချင်း ညနေပိုင်းတွင် ကရင်နီအမျိုးသမီးအဖွဲ့အစည်းရှိရာ နန်းဆွယ်ရွာသို့ သွားရောက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ အကြောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လှုပ်ရှားဆောင်ရွက်နေမှုများ၊ အထွေထွေအတွင်း ရေးမှူး၏ အတွေ့အကြုံများကို ဦးအောင်ထူးမှ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့် နိုင်ငံရေးနောက်ခံအကြောင်းအား အမှုဆောင်အဖွဲ့ဝင်များ ဖြစ်သော ခွန်ဥက္ကာနှင့် ဦးမြင့်သိဏ်းတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ဥပဒေအထောက်အကူပြုဌာနအကြောင်းနှင့် ဆောင်ရွက်နေမှု အခြေအနေများကို မနော်ကူးမှလည်းကောင်း၊ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ရေးနှင့် လူထုဆက်ဆံရေးတို့နှင့်ပတ်သက်၍ ဦးထွန်းထွန်းမှလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကရင်နီအမျိုးသမီးအဖွဲ့ဝင်များမှ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေး ခဲ့ပါသည်။

ရုပ်မြင်သံကြားအစီအစဉ်တခုအား ပူးပေါင်းဆောင်ရွက်ခြင်း

ဦးသန်းနိုင် (BLC)

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ (၁၁–၁၂)ရက်များတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဒီမိုကရက်တစ် မြန်မာ့အသံတို့ ပူးပေါင်း၍ ဥပဒေစိုးမိုးရေးဆိုင်ရာဆွေးနွေးခန်းများ ခေါင်းစဉ်ဖြင့် ရုပ်မြင်သံကြားအစီအစဉ်တခုအား ထိုင်းနယ်စပ်တနေရာတွင်ပြုလုပ်ခဲ့ပါသည်။ ထိုရုပ်မြင်သံကြား ဆွေးနွေးခန်း အစီအစဉ်တွင် ဒီမိုကရက်တစ်မြန်မာ့အသံမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဝန်ထမ်းများ၊ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ ကွန်ဂရက်မှ ရခိုင်လူငယ်များနှင့် ပလောင်လူငယ်နှင့်ကွန်ယက်အဖွဲ့မှ ပလောင်လူငယ်များ ပါဝင်ပါသည်။

တရားဥပဒေစိုးမိုးရေးဆိုင်ရာဆွေးနွေးခန်းအစီအစဉ်ကို အောက်ပါအပိုင်း(၆)ခုအား ဒီမိုကရက်တစ် မြန်မာ့အသံမှ မေးမြန်းသူနှင့်အတူ ဆွေးနွေးတင်ဆက်မှုကိုပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးခန်းအစီအစဉ်များဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥပဒေအထောက်အကူပြုဌာနမှ ဦးသန်းနိုင်နှင့် ရုံးအဖွဲ့မှ ဦးထွန်းထွန်းတို့က ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါသည်။

နိုဝင်ဘာလ (၁၁)ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ အပိုင်း(၃)ပိုင်းကို ဆွေးနွေးတင်ဆက်မှုကို ပြုလုပ်နိုင်ခဲ့ပြီး နိုဝင်ဘာ (၁၂)ရက်နေ့တွင် ကျန်ရှိသော အပိုင်း(၃)ခုအား ဆွေးနွေးတင်ဆက်မှုကို ဆက်လက်ပြုလုပ်ခဲ့သည်။

ထိုသို့သော် ဥပဒေစိုးမိုးရေးဆိုင်ရာဆွေးနွေးခန်းအစီအစဉ်များကို မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဒီမိုကရက်တစ်မြန်မာ့အသံတို့ ရှေ့ဆက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း သိရှိခဲ့ရပါသည်။

စာစောင်မှာယူခြင်း

သို့
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
အမည် – ________________
ရက်စွဲ – ________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)
____

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊
____

မှာယူလိုသည့်စာအုပ်အရေအတွက် (___)အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် (___)၊ အုပ်ရေ (___) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ
____
____

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။